
www.burmeseclassic.com



www.burmeseclassic.com

**အိပ်မက်အသစ်** စာအုပ်တိုက်

အမှတ် ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။
ဖုန်း-၀၉၅၁၁၂၄၂၈

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၅၇၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၂၄၀၇၀၈ |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း (ကာလာရုန်ပုံနှိပ်တိုက်) ၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Antt Bwere Zin |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် ဩဂုတ်လ၊ ၂၀၀၈ ခုနှစ် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |


BURMESE CLASSIC .com



## ထွက်ရှိပြီးစာအုပ်များ


| | | |
|---|---|---|
| ၁။ | ဖြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ | အဆောင်သုအတွက်. . . | ဝေမှူးသွင် |
| ၃။ | ဆိုဘယ်လိုက်လေရှင်း ရှေးဟောင်းလူဆိုးနဲ့ . . . . . | မောင်စူးစမ်း |
| ၄။ | လက်စီမိစ္ဆာနှင့်သံမဏိမီးလျှံ | တာရာလင်းနွယ် |
| ၅။ | နိုးရာသီပတ်ပျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ | တမ်းတေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ | သူရဲကောင်းဩဇနှင့်ရွှေလျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ | နူကြိုတစ်ဦး၏ဖါလူဒါအရသာ | ဝေမှူးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ | မင်းလှ. . ဝေမှူးသွင်. . Lမင်းပြည့်မွန် | မင်းလှ၊ဝေမှူးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ | မြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ | အနှေးသွားလွန်းပျံယာဉ် | ဝေမှူးသွင် |
| ၁၅။ | တို့. . . ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှတ်ဆိုးတွန်ချိန် | သတိုးတေဇ |


## ဆက်လက်ထွက်ရှိမည့်စာအုပ်များ


| | | |
|---|---|---|
| ၁၇။ | တစ္ဆေလိုက်မုဆိုး | ဒေဝလက်ျာ |
| ၁၈။ | သရဲရုပ်ရှင် | ဒေဝလက်ျာ |
| ၁၉။ | စောင့်နေသူ | သတိုးတေဇ |
| ၂၀။ | ဆက်မမက်ရဲတဲ့အိပ်မက်ဟောင်း | သတိုးတေဇ |


www.burmeseclassic.com

www.burmeseclassic.com

# The Eainmakathit Present

the Eainmakathit
38, 153rd Lane,
095112428

BURMESE CLASSIC .com

# သတိုးတော

ငှက်ဆိုးတွန်ချိန်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း ( ၁ )

"ကိုကြီး နင့်ဖိနပ်ကြိုးပြေနေတယ်"

ဆလှုကားထစ်ပေါ်တွင် ထိုင်နေသော ကျွန်တော့်ညီမ သာရာက စပ်ဖြဲဖြဲနှင့် လှမ်းပြောသည်။ သူမ နောက်ပြောင်နေကျ ဟာသတစ်ခုပဲဖြစ်သည်။

ကျွန်တော် တုံးမဟုတ်။ ဖိနပ်တွေကို ငုံ့ကြည့်ဖို့ မလိုကြောင်း ကျွန်တော်သိပြီးသားဖြစ်သည်။ အကယ်၍ ငုံ့ကြည့်မိပါက တာရာသည် ကျွန်တော့် မေးစေ့အောက်ကို လှမ်းရိုက်တာပဲဖြစ်ဖြစ် ဒါမှမဟုတ် တစ်ခုခုတော့ လုပ်ဖြစ်အောင် လုပ်ပေလိမ့်မည်။

"နင့်လှည့်ကွက်ထဲ ငါမဝင်တော့ဘူးကွ"

ကျွန်တော်က 'သိပြီးသားပါကွာ' ဆိုသည့် အထာနှင့် ပြန်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မေမေက ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကို ညနေစာစားဖို့ အော်ခေါ်သည်။

အမှန်တော့ ညနေစာစားဖို့ တစ်နာရီလောက် စောနေသေး၏။ ကျွန်တော်တို့မောင်နှမနှစ်ယောက် ရန်ဖြစ်ဖို့ စကားဦးတည်နေသည်ကို တမင် ဝင်ဖျက်ခြင်းသာ ဖြစ်၏။

တကယ်တော့ တာရာနှင့် ကျွန်တော် ရန်မဖြစ်ချင်ပါ။

သို့သော် ခက်နေသည်က တာရာသည် သူတစ်ပါးအား ချောက်ချသည့်နေရာတွင် မည်သည့်အချိန် ရပ်လိုက်ရမည်ကို ဘယ်သောအခါမှ မသိတတ်ပေ။ အခုလည်း သူမက...

"ငါ နင့်ကိုနောက်နေတာမဟုတ်ဘူး၊ နင့်ဖိနပ်တွေက တကယ်ကြိုးပြေနေတာ၊ တက်နင်းမိပြီး ချော်လဲနေဦးမယ်"

"တော်စမ်းပါ တာရာရယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော် လေကားပေါ်သို့ လှမ်းတက်လိုက်သည်။ သို့သော် ဘယ်ဘက်ဖိနပ်သည် သံမံတလင်းတွင် ကပ်နေ၏။ အစွမ်းကုန် ဆွဲမ,ကြည့်သည်။

"ဟာ..."

ကျွန်တော့်ခြေထောက်တွေက စေးကပ်ကပ်ဟာတွေပေါ် တက်နင်းမိရက်သား။





တာရာ့ကို ကျွန်တော် ဖျတ်ခနဲ လှမ်းကြည့်မိလိုက်သည်။ ဒင်းပုံစံက ပိန်ပိန်သေးသေး ပါးစပ်ပြဲပြဲနှင့် နှုတ်ခမ်းမှာလည်း နီရဲနေသောကြောင့် လူရှင်တော်ရုပ်ပြောင်နှင့် တူ၏။ အညိုရောင် ဆံပင် ပျော့ပျော့ရှည်ရှည်ကို နှစ်ဖက်အညီအမျှခွဲ၍ ကျစ်ဆံမြီး ကျစ်ထား၏။

တာရာ့ကို ကျွန်တော်နှင့် ချွတ်စွပ်တူသည်ဟု ပြောလေ့ရှိသည်။ ထိုသို့ပြောခံရသည်ကို ကျွန်ုပ်တော် မကြိုက်ပါ။ ကျွန်တော့် ဆံပင်ညိုညိုတွေက ရှည်လည်းမရှည်၊ ပါးလည်း မပါးပေ။ ဆံပင်တွေက တိုပြီး ထူထဲသည်။ ကျွန်တော့်ပါးစပ်မှာလည်း ပုံမှန်အရွယ်အစားပင် ဖြစ်သည်။ ထို့ပြင် မည်သူမျှ ကျွန်တော့်ကို လူရှင်တော်ရုပ်ပြောင်နှင့်တူသည်ဟု မပြောကြပါ။

အသက်အရွယ်နှင့်စာလျှင် ကျွန်တော့်အရပ်မှာ အနည်းငယ် ပုသော်လည်း တာရာ့လို ပိန်ညှောင်ညှောင်လေး မဟုတ်ပါ။ ကုန်ကုန်ပြောရလျှင် ကျွန်တော်သည် တာရာနှင့် တစ်စက်ကလေးမှပင် မတူပေ။

သူမက ကျွန်တော့်ကို ပြောင်စပ်စပ်နှင့် ကြည့်နေရင်း

"နေ့ပြောနောက်ကြည့်၊ ထသွားရင်တော့ အောက်ကို ကြည့်ရတယ်ဆိုလား ဘာဆိုလားပဲ...ဟဲ...ဟဲ၊ ကိုကြီးက အောက်ကိုမှ မကြည့်တာ၊ ကဲ...အခုတော့ ခံရပြီမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား...ဟဲ...ဟဲ...ဟဲ"

ဖိနပ်များကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။ တကယ်ပဲ ကြိုးတွေက ပြေလို့၊ ဒါတင်မကသေး၊ ပီကေပုံပေါ်တွင်လည်း တက်နင်းမိလျက်သား ဖြစ်နေပြီ။ ဒင်းပြောတုန်းကသာ ငုံ့ကြည့်မိခဲ့လျှင် ဝါးပြီးသားပီကေပုံကို မြင်ပေလိမ့်မည်။

တာရာကလည်း ကျွန်တော့်အကြောင်း သိပြီးသားဖြစ်သည်။ သူမ သတိပေးလိုက်သည်နှင့် ကျွန်တော် ငုံ့မကြည့်မှာကိုပေါ့။

တာရာ၏ ထောင်ချောက်က ကွက်ကျော်ရိုက်ကာ တွက်ထားခြင်းဖြစ်သည်။

"နင် သိမယ်"

အံကြိတ်သံဖြင့် မာန်မဲရင်း တာရာ့လည်ကုပ်ကို လှမ်းဖမ်းဆွဲလိုက်၏။ ဒင်းကလည်း လျင်သည်။ လုစ်ခနဲရှောင်ပြီး အိမ်ထဲသို့ ပြေးဝင်သွားသည်။

ကျွန်တော်လည်း သူ့နောက်က ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးလိုက်ရင်း မီးဖိုချောင်ထဲထိ ရောက်လာ၏။ တာရာက အော်ကြီးဟစ်ကျယ်နှင့် မေမေ့နောက်တွင် ဝင်ပုန်းရင်း

"မေမေ မေမေ လုပ်ပါဦး၊ သမီးကို ကိုကြီး လိုက်ဖမ်းနေလို့"

တကယ်တော့ တာရာ ကျွန်တော့်ကို ကြောက်ချင်ယောင်





ဆောင်နေခြင်းပင်၊ မေမေက

"တော်စမ်း ဖိုးကျော်၊ ကလေးကို လိုက်ဖမ်းမနေနဲ့"

ပြောနေရင်းနှင့် မေမေ့မျက်စိက ကျွန်တော့်ဖိနပ်တွေဆီ ရောက်သွားပြီး

"ဟင် ဖိနပ်မှာ ပီကေတွေနဲ့၊ ဟဲ့ ဖိုးကျော်၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ကြည့်စမ်း၊ ကြမ်းပြင်တစ်ခုလုံး ပေပွကုန်ပြီ"

"တာရာ့ကြောင့် မေမေ၊ သူ့ကြောင့်"

ကျွန်တော်က ပျာပျာသလဲ ရှင်းပြလိုက်သည်။

မေမေက ယုံကြည်ပုံမရပေ။

"ငါ့မျက်စိနဲ့ တပ်အပ်မြင်နေတာတောင် ပြောင်လိမ်နေတုန်းပဲလား ဟင်"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ဟု ထပ်ပြီးအော်ပြော လိုက်သည်။

မေမေကတော့ ခေါင်းကိုသာ တွင်တွင်ခါရင်း

"သား ဒီလိုသာ ညာတဲ့အကျင့် ဆက်ရှိနေရင်တော့ တစ်ခုခုလုပ်မှဖြစ်မယ်"

တာရာကတော့ မေမေ့နောက်မှ ထွက်လာပြီး ကျွန်တော့်ကို နှောက်ပြောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား သနားတယ်၊ သနားပါတယ်
ကွယ်၊ ဟား ဟား ဟား"

တာရာက ထိုသို့အဖြစ်မျိုးကို တော်တော်သဘောကျတတ်သည်။

သူ အမြဲပင် ကျွန်တော့်ကို ပြဿနာဖြစ်အောင် ချောက်ချတတ်သည်။ သူ့ကြောင့် အဆူခံရပေါင်းလည်း မနည်းပေ။ တာရာကတော့ အမှားတစ်ခုမှ မလုပ်တတ်ပေ။

အင်း...ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

တာရာက အမေ့သမီး အလိမ်မာတုံးကလေးပေါ့လေ...။

ကျွန်တော့်အသက်က (၁၅)နှစ်၊ တာရာက (၁၀)နှစ်။

ကျွန်တော့်ဘဝ၏ နောက်ပိုင်း (၁၀)နှစ်သည် စိတ်ပျက်စရာများဖြင့်သာ ပြည့်နေလေသည်။

ကျွန်တော် ၅ နှစ်အရွယ်ဘုန်းက အဖြစ်အပျက်များကို မမှတ်မိတော့သည်မှာလည်း တော်တော်ဆိုးသည်။ တာရာ မမွေးခင်တုန်းကဆိုရင် အေးအေးချမ်းချမ်းနှင့် ပျော်စရာကြီးနေမှာဟု တွေးရင်း အိမ်နောက်ဘက် ဝရံတာဆီ ထွက်လာခဲ့သည်။

ထို့နောက် ဖိနပ်တွင်ကပ်နေသော ပီကေများကို ခြစ်ထုတ်နေမိသည်။ ထိုစဉ် အိမ်ရှေ့ လူခေါ်ခေါင်းလောင်းသံနှင့်





ဖေဖေ့ခေါ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

"ဒီမှာဟေ့၊ ငါ ဝယ်ခဲ့ပြီကွ"

တံခါးပေါက်တွင် အိမ်ရှိလူကုန် စုပြုံရောက်ရှိနေကြပြီ။

လူနှစ်ယောက်သည် သေသေချာချာထုပ်ပိုးထားသော ပစ္စည်းကြီးတစ်ခုကို မနိုင့်တနိုင် မ,၍ အိမ်ထဲသို့ သယ်ယူလာကြသည်။

မီးခိုးရောင်အစနှင့် ထုပ်ပိုးထားသော ရှည်မျော်မျော အရာတစ်ခု။

"သတိထားသယ်ကြဟေ့"

ဖေဖေက ထိုလူနှစ်ယောက်ကို ထပ်၍ သတိပေးလိုက်၏။

"ဒါကြီးရဲ့သက်တမ်းက ကြာလှပြီကွ၊ ဒီထဲ သယ်ခဲ့ကွာ"

ဖေဖေက ပစ္စည်းလာပို့သူများအား စာဖတ်ခန်းထဲပို့ဖို့ ပြောလိုက်သည်။

ထိုပစ္စည်းကြီးအား ထောင့်တစ်ထောင့်တွင်ချပြီးသည်နှင့် ထုပ်ပိုးထားသော အစကို ဖယ်ရှားလိုက်သည်။ ပစ္စည်း၏ အရွယ်အစားမှာ ကျွန်တော့်ကိုယ်လောက်ကျယ်၍ အရပ်ထက် တစ်ပေခန့် ပိုမြင့်မည်ထင်သည်။

'ဘာကြီးလဲ'ဟု တာရာက စိတ်ဝင်တစားမေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ချက်ချင်းပြန်မဖြေ။ သူ့လက်ဖဝါးနှစ်ဖက် ကိုသာ စိတ်လှုပ်ရှားစွာပွတ်ရင်း တစ်ခုခုကို မျှော်လင့်တကြီး ရှိနေလေသည်။

ကြောင်ကလေး ရွှေဝါသည် အိမ်ထဲဝင်လာပြီး ဖေဖေ့ခြေထောက်နှစ်ချောင်းကြားတွင် ပွတ်သီးပွတ်သပ် လုပ်နေ၏။

မီးခိုးရောင်ပိတ်စကြီး ပြေလျှောကျသွားသောအခါ အလွန်အိုဟောင်းနေသော နာရီကြီးတစ်လုံးကို တွေ့လိုက်ကြရသည်။ နာရီကိုယ်ထည်တစ်ခုလုံးနီးပါးမှာ အနက်ဖြစ်ပြီး ရွှေရောင်၊ ငွေရောင်နှင့် အပြာရောင်များ ခြယ်မှုန်းထား၏။ ထို့ပြင် အလိပ်လိုက် အလိပ်လိုက်နှင့် ကနုတ်ပန်းနွယ်များလည်း ထွင်းထုထား၏။ ခလုတ်ကလေးများစွာလည်း ပါရှိသေးသည်။

အဖြူရောင်နာရီဒိုင်ခွက်ထဲတွင် ရွှေရောင်လက်တံများနှင့် ရွှေရောင်ရောမဂဏန်းများ ပါရှိသည်။ ထို့ပြင် တံခါးဝက်သေးသေးလေးတစ်ခုလည်း ပါသည်။ နာရီကိုယ်ထည်ကြီး တစ်ခုလုံး၏ အလယ်တွင်တော့ တံခါးအကြီးကြီးတစ်ခုကို တွေ့ရ၏။

ပစ္စည်းလာပို့သူများသည် မီးခိုးရောင်အစကြီးကို စုသိမ်းနေကြသည်။ ဖေဖေက လုပ်အားခရှင်းပေးပြီးသော် ထိုသူနှစ်ယောက်လည်း ပြန်သွားကြလေသည်။

နာရီကြီးက မမိုက်ဘူးလား”





ဖေဖေက စိတ်မလုံမလဲနှင့် မေးလိုက်သည်။

“ဒါ ရှေးဟောင်း သံစုံနာရီကွ၊ ဈေးချောင်ချောင်နဲ့ ရလာတာ၊ သိတယ်မဟုတ်လား၊ ဖေဖေ့ရုံးခန်း မျက်နှာချင်းဆိုင်က ဦးဘဂျမ်း ရှေးဟောင်းပစ္စည်းအရောင်းဆိုင်လေ၊ အဲဒီက”

ကျွန်တော်တို့အားလုံး ခေါင်းတွေညိတ်ပြကြသည်။

“ဒီနာရီက အဲဒီဆိုင်ထဲမှာ ၁၅ နှစ်ရှိပြီ”

ပြောရင်းဆိုရင်း ဖေဖေက နာရီကို အသာအယာခေါက်နေ၏။

“အန်တိုနီရဲ့ဆိုင်ရှေ့က ဖြတ်တိုင်း ဖေဖေ ရပ်ပြီး ငေးခဲ့ရတာပေါ့။ ဖေဖေကလည်း အတော်မျက်စိကျနေခဲ့တာကိုး။ နောက်ဆုံးတော့ ဦးဘဂျမ်းက ရောင်းပေးလိုက်တယ် ဆိုပါတော့ကွာ”

“ဒီနာရီကို ရှင် ဈေးဆစ်နေတာဖြင့် ကြာလှပြီ၊ ဦးဘဂျမ်းကလည်း မလျှော့ဘူး၊ ဘာလို့ ခုမှ စိတ်ပြောင်းသွားတာလဲ”

ဖေဖေ့မျက်နှာ၌ ဝမ်းသာအားရရှိလှသည်။ သူက

“ဟုတ်တယ်၊ ဒီနေ့ နေ့လယ်စာစားချိန်တုန်းက အဲဒီဆိုင်ထဲ ရောက်သွားတယ်။ ဦးဘဂျမ်းက ဘာပြောလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီနာရီမှာ ချွတ်ယွင်းချက်တစ်ခု သူတွေ့ထား တယ်တဲ့၊ တစ်ခုခုတော့ လွဲနေပြီတဲ့”

ကျွန်တော်က နာရီကြီးကို စေ့စေ့ကြည့်လိုက်သည်။

“ဘယ်မှာလဲ ဖေဖေ”

“ဖေဖေ့ကိုပြောမပြလိုက်ဘူးကွ၊ သားတို့ သမီးတို့ကော ရှာတွေ့လား”

ကျွန်တော်နှင့် တာရာသည် နာရီတစ်ခုလုံးကို စေ့စေ့စပ်စပ် ရှာကြည့်ကြသည်။ နာရီဒိုင်ခွက်ထဲမှ ဂဏန်းအားလုံးလည်း မှန်သည်။ နာရီလက်တံတွေကလည်း သူ့နေရာနှင့်သူ။ ခြစ်ရာ စင်းရာဆို၍လည်း တစ်ခုမှ မတွေ့ရချေ။

“သမီးတော့ အပြစ်တစ်ခုမှ မတွေ့ပါဘူး”

“သားရောပဲ”ဟု ကျွန်တော်က ဖြည့်ပြောလိုက်၏။

“အေး ဟုတ်တယ်၊ ဖေဖေလည်း မတွေ့ဘူး”

“ဦးဘဂျမ်းက ဘာဆိုလိုမှန်း မသိဘူး၊ ဖေဖေ့အနေနဲ့ ဝယ်ဖြစ်အောင် ဝယ်မယ်လို့ ပြောထားခဲ့တာ။ သူက ပြောပြချင်နေပေမယ့် ဖေဖေလည်း နားမထောင်ချင် တော့ဘူး။ တကယ် အပြစ်အနာအဆာရှိခဲ့ရင်တောင် သေး လွန်းလို့ ရှာမတွေ့ဘူးမဟုတ်လား။ ဘာထူးမှာမို့လဲ။ ဖေဖေကလည်း သဘောကျပြီးသားပဲဆိုတော့…”





မေမေက လည်ချောင်းရှင်းလိုက်ပြီး…

“မသိဘူး ယောကျ်ားရေ၊ ဒါနဲ့ ဒါကြီးကို စာကြည့် ခန်းမှာ တကယ်ထားမလို့လား”

မေမေ့မျက်နှာကိုကြည့်ရသည်မှာ နာရီကြီးကို ဖေဖေ့လောက် လိုလားပုံမရချေ။

“ဒါဆို ဘယ်မှာထားမှာလဲ”

“အင်း ဂိုဒေါင်ထဲမှာဆိုရင်ရော”

ဖေဖေက တဟားဟားနှင့် အော်ရယ်လေတော့သည်။

“မိန်းမရယ်၊ မင်းက ငါ့ကို နောက်နေတာပဲ”

မေမေက ခေါင်းကိုသာခါရင်း ဘာမှထပ်မပြောတော့ပေ။ သူမ နောက်နေခြင်းမဟုတ်ပါ။

“ငါတော့ စာကြည့်ခန်းမှာထားသင့်တယ်လို့ ထင် တာပဲ”

ဟု ဖေဖေက ထပ်ပြောလိုက်သည်။

ထိုစဉ် နာရီ၏ ညာဘက်တွင် ဒိုင်ခွက်သေးသေးတစ်ခုကို ကျွန်တော် တွေ့လိုက်၏။ ဒိုင်ခွက်လေးမှာ ရွှေရောင်ဖြစ်ပြီး နာရီပုံစံငယ်ဟု ထင်ရသည်။ သို့သော် လက်တံက တစ်ခုတည်း။

အမှတ်စဉ်များမှာ အနက်ရောင်စာလုံးများဖြင့် ရေးထား ပြီး ဒိုင်ခွက်၏ အပြင်ဘက်တွင်ဖြစ်သည်။ ခရစ်နှစ် ၁၈၈၀ မှ



www.burmeseclassic.com

www.burmeseclassic.com



စ,ပြီး ၂၀၀၀ တွင် အဆုံးသတ်ထားသည်။ ရွှေရောင်နာရီလက်တံလေးသည် ထိုထဲမှ ခုနှစ်တစ်ခုကို ညွှန်ပြနေလေသည်။

၁၉၉၇။

လက်တံက မရွေ့။ ဒိုင်ခွက်အခြေတွင် ရွှေရောင်ခလုတ်ငယ်တစ်ခုကို သစ်သားအိမ်တွင် မြှုပ်ထား၏။

"အဲဒီခလုတ်ကို မထိနဲ့သား"

ဟု ဖေဖေက သတိပေးလိုက်သည်။

ဒီဒိုင်ခွက်က ခုနှစ်ကိုပြတာ။ အောက်ကခလုတ်က ခုနှစ်ပြောင်းလက်တံကို ညှိတဲ့ခလုတ်"

"တော်တော်တုံးတာပဲ၊ ဘယ်သူကများ ခုနှစ်တစ်ခုလုံးကို မေ့မှာလဲ"

ဟု မေမေက ပြောလိုက်သည်။

ဖေဖေက မေမေ့စကားကို မကြားချင်ယောင်ဆောင်နေလေသည်။

"ဒီမှာကြည့်။ ဒီနာရီကို ၁၈၀၀ ခုနှစ်တုန်းက ထုတ်လုပ်ခဲ့တာ။ ဒီဒိုင်ခွက်ရဲ့ အစလေး။ တစ်နှစ်ပြီးတိုင်း တစ်နှစ် ဒီလက်တံက တစ်ချက်ပြီးတစ်ချက် ရွေ့တယ်"

"ဒါဆို ခရစ်နှစ် ၂၀၀၀ မှာ ဘာလို့ ရပ်ထားရတာလဲ"





တာရာက မေးလိုက်သည်။

ဖေဖေက ပခုံးတွန့်လိုက်ရင်း–

"မသိဘူး၊ ဖေဖေထင်တာတော့ ဒီနာရီလုပ်တဲ့သူက ခရစ်နှစ် ၂၀၀၀ ဆိုကာ ရောက်လာမယ်မထင်လို့ နေမှာပေါ့။ ဒါမှမဟုတ် ဒီနာရီရဲ့သက်တမ်း အဲဒီလောက်ကြာကြာမခံဘူးထင်ရင်လည်း ထင်မှာပေါ့"

"ဒီလူက ၁၉၉၉ ခုနှစ်မှာ တစ်ကမ္ဘာလုံး ပေါက်ကွဲပျက်စီးသွားမယ်လို့ ထင်နေတာလားမှ မသိတာ"

ကျွန်တော် ခန့်မှန်းပြောလိုက်သည်။

"အေး ဟုတ်နိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့ ဒီဒိုင်ခွက်ကိုတော့ မင်းတို့ မထိမိကြစေနဲ့၊ တကယ်တော့ နာရီကိုဘယ်သူ့မှ မကိုင်စေချင်ဘူး၊ ဒါကြီးက သိပ်ဟောင်းနေတော့ အထိမခံ ရှေးပန်းကန် ဖြစ်နေပြီကွ၊ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဟု တာရာက ပြောသည်။ ကျွန်တော်ကလည်း...

"ကျွန်တော်လည်း မကိုင်ပါဘူး"

ထိုစဉ် မေမေက နာရီကို လက်ညှိုးထိုးပြရင်း...

"ကြည့်စမ်း၊ ၆ နာရီထိုးပြီ၊ ညစာစားကြ..."

မေမေ့စကားသံကို ကျယ်လောင်စူးရှသော အသံတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တောက်လိုက်သည်။

နာရီဒိုင်ခွက်ကြီး၏ အထက်နားမှ တံခါးငှက်လေးသည် ကလစ်ခနဲ ဟ၍ ပွင့်သွား၏။ ထို့နောက် ကြောက်စရာကောင်းသော ငှက်တစ်ကောင် ဝုန်းခနဲ ခုန်ထွက်လာသည်။

တွေ့ဖူးသမျှတွင် ကျက်သရေအကင်းမဲ့ဆုံး ငှက်ဆိုးတစ်ကောင်...

ထို အမင်္ဂလာငှက်က ကျွန်တော့်ခေါင်းပေါ်မှ ဖြတ်အပျံ... လန့်၍ ငယ်သံပါအောင် အော်မိသည်။

"အား..."

◆





## အခန်း ( ၂ )

"ကူးကူ ကူးကူ"

ငှက်သည် အဝါရောင်အမွေးရှိပြီး တောင်ပံများကို တဖျတ်ဖျတ်ခါရင်း ပျံသန်းနေလေသည်။ မျက်လုံးများမှာ အပြာရောင်တောက်တောက်ကြီးဖြစ်ပြီး ကျွန်တော့်ကို ပြုံးကြည့်နေပုံမှာလည်း လိပ်ပြာလွင့်လောက်အောင် ကြောက်စရာကောင်းလွန်းပါသည်။ ခြောက်ကြိမ်အော်ပြီးနောက် နာရီအိမ်ထဲ ပြန်ဝင်သွားသည်။ တံခါးလေးမှာလည်း ပြန်ပိတ်သွားလေသည်။ ဖေဖေက...

"ငှက်အစစ် မဟုတ်ပါဘူး သားရယ်"

ဟု ပြောရင်း ရယ်ရင်းနှင့် ဆက်၍...

"ဘာပဲဖြစ်ဖြစ် အစစ်နဲ့ တစ်ထေရာတည်းပဲဟာ ဟုတ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

"ကိုကြီးဖိုးကျော်...ငတုံး"

ဟု တာရာကတော့ လှမ်းပြောင်ရင်း

"ကြောက်တတ်လိုက်တာ၊ ငှက်ရုပ်ကြီးကို ကြောက်တယ်တဲ့"

တာရာသည် ကျွန်ုပ်ဟော့နားရောက်လာပြီး ဆွဲဆိတ်နေလေသည်။

"ဖယ်စမ်း"

ကျွန်တော်က စိတ်ဆိုးဆိုးဖြင့် တာရာ့ကို တွန်းပစ်လိုက်သည်။

"သား၊ ညီမလေးကို အဲဒီလို မလုပ်ရဘူး"

မေမေက လှမ်းဆူသည်။

"သား ဘယ်လောက်အားရှိတယ်ဆိုတာ ကိုယ့်ကိုယ်ကို သိတာမဟုတ်ဘူး၊ ညီမလေး နာသွားလိမ့်မယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

တာရာက ဝင်ထောက်ခံနေသည်။

ဖေဖေကတော့ နာရီကြီးကိုသာ သဘောကျနေလေသည်။

ဖေဖေ့မျက်လုံးတွေက နာရီပေါ်မှ မခွာနိုင်ကြပေ။

"သားလန့်တာ အံ့ဩစရာမရှိပါဘူးကွာ၊ ဒီနာရီက





ထူးဆန်းတာတော့ အမှန်ပဲ၊ ဂျာမနီမှာ အောက်လမ်းဆရာတွေ နေကြတဲ့ ဘလက်ဖော်ရက်စ်မြို့ကထုတ်တာလေ၊ မှော်စွမ်းအင်ရှိအောင်များ လုပ်ထားလား မသိဘူး"

"ဗျာ...မှော်စွမ်းအင်"

ကျွန်တော် သံယောင်လိုက်ပြီး မေးလိုက်၏။

"ဖေဖေပြောတာ ဒီဟာက တန်ခိုးရှိတဲ့ပစ္စည်းလို့ ဆိုလိုတာလား၊ ဘယ်လိုမျိုးလဲ"

"ဒဏ္ဍာရီလို့ပြောကြတာကတော့ ဒီနာရီလုပ်တဲ့သူက မှော်ပညာရှင် တစ်ယောက်တဲ့၊ ဒီနာရီပြီးတော့လည်း သူကိုယ်တိုင် မှော်သွင်းခဲ့တယ်ဆိုပဲ၊ တချို့တွေဆိုရင် တကယ်လို့ နာရီရဲ့လျှို့ဝှက်ချက်ကိုသိရင် အချိန်နောက်ပြန်သွားအောင် လုပ်လို့ရတယ်ဆိုပြီး ယုံကြတယ်"

"ရှင့်ကို ဦးဘဂျမ်းက ဒီလိုပဲပြောတယ်ပေါ့၊ ဒီနာရီဟောင်းကြီးကို အဖွဲ့ထုတ်နည်းကတော့ အတော်ကောင်း၊ မှော်ပညာတွေဘာတွေနဲ့တောင် ဇာတ်လမ်းဆင်လိုက်သေးတယ်"

ဖေဖေက မေမေ့စကားကြောင့် အပျော်မပျက်သွားသည့်အပြင်

"မိန်းမရယ်၊ မင်းမသိပါဘူး၊ ဒါတွေ မဖြစ်နိုင်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်လား”

တာရာကဝင်ပြီး…

“သမီးကတော့ အမှန်တွေဖြစ်မှာပဲလို့ထင်တယ်”

“ကိုစိန်မောင်၊ ကလေးတွေကို မဟုတ်ကဟုတ်ကတွေ လျှောက်မပြောနဲ့လို့ဆို၊ ကလေးတွေစိတ်ထဲမှာ ပေါက်ကရတွေကို တကယ်မှတ်ပြီး စိတ်စွဲနေလိမ့်မယ်”

“ရှင့်သား ဖိုးကျော်က နဂိုကတည်းကမှ ဗရုတ်သုတ်ခ အလေနတောတွေ လျှောက်လျှောက်ပြောတတ်ပါတယ် ဆိုမှ၊ အဲဒါ ရှင့်ဆီက အကျင့်ပါလာတာပဲနဲ့ တူပါတယ်”

“သား ဘာမှမဟုတ်တာ မပြောဘူး၊ အမြဲတမ်း အမှန်အတိုင်းပဲပြောတာ”

ဘာဖြစ်လို့များ မေမေက ကျွန်တော့်ကို ဒီလိုပြောရတာလဲ?

“ဒီကိစ္စဟာ ကလေးတွေရဲ့စိတ်ကူးကို ထိခိုက်စေမယ်လို့ ငါတော့ မထင်ပါဘူး မိန်းမရာ၊ စိတ်ကူးကွန့်မြူးတာက တစ်မျိုး၊ လိမ်ညာလုပ်ကြံပြောတာက တစ်မျိုး၊ တခြားစီပါပဲ”

ကျွန်တော်ကတော့ ရင်ထဲမှ ကျိတ်ပြီး ဒေါသထွက်နေမိသည်။ မေမေက ကျွန်တော့်အပေါ် လုံးဝမတရားပေ။ စိတ်ပျက်စရာအကောင်းဆုံးမှာ တာရာ့မျက်နှာပေါ်မှ အောင်နိုင်မှုကို မြင်





တွေ့နေရခြင်းပင်။

ကျွန်တော့်ကို လူဆိုးတစ်ယောက်အဖြစ် အထင်ခံရအောင် လုပ်ရေးသည် တာရာ၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။ တာရာ့မျက်နှာပေါ်မှ ကျေနပ်နေသောအပြုံးကို တစ်သက်လုံးစာ ဖျက်ပစ်လိုက်ချင်သည်။

နောက်ဆုံး… မေမေက

“ညနေစာစားဖို့ အဆင်သင့်ပဲ”

ဟု ပြောပြီး နားနေခန်းထဲမှ ထွက်သွား၏။ ကြောင်ကလေး ရွှေဝါက နောက်မှလိုက်သွားလေသည်။

“ဖိုးကျော်နဲ့ တာရာ ခြေလက်သွားဆေးကြ”

ဟု မေမေက ထပ်အော်သွားသေးသည်။

“မှတ်ထားကြ၊ ဘယ်သူမှ နာရီကို မကိုင်ကြနဲ့”

ဖေဖေက ထပ် သတိပေးလိုက်သည်။

“ဟုတ်”

* * *

ညနေစာမှာ မွှေးကြိုင်လှသည်။ ခြေလက်ဆေးရန် ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်လိုက်သည်။ တာရာရှေ့ကအဖြတ်တွင် တာရာသည် ကျွန်တော့်ခြေထောက်ကို ရုတ်တရက် တက်နင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

"သိပ်မဆွေနဲ့"

ဖေဖေက လှမ်းအော်သည်။

"တာရာက ကျွန်တော့်ခြေကောက်ကို တက်နင်းလို့"

"ဘာမှမနာပဲနဲ့၊ တာရာက သားကိုယ်ထက် သေးသေးလေးပဲဟာ"

ကျွန်တော် ထပြီး ဘာမှမပြောတော့။ ခြေထောက်ကတော့ တဆစ်ဆစ် နာနေပြီ။ ရေချိုးခန်းထဲသို့ ခုန်သွခုန်ဆွဖြင့် သွားလိုက်သည်။ တာရာက နောက်ကလိုက်လာရင်း...

"ကလေးကျနေတာပဲ"

"နင့်ပါးစပ် ပိတ်ထားစမ်း"

တစ်လောကလုံးတွင် အဆိုးဆုံးညီမမျိုးကို ဘာလို့များ ရထားပါလိမ့်။

ညစာမှာ ပန်းမုန်လာကြော်နှင့် ခရမ်းချဉ်သီးသုပ် ဖြစ်သည်။ မေမေက အသားမစား၊ အဆီလည်း လျှော့စားသူဖြစ်သည်။ ကျွန်တော့်အတွက်တော့ ပြဿနာမရှိချေ။ ပဲသီးစွပ်ပြုတ်ထက်စာလျှင် ပန်းမုန်လာကြော်က တော်ပါသေးသည်။ ဖေဖေက...

"အသားစားတာလည်း နည်းနည်းပါးပါးဆို လူကို မထိခိုက်ပါဘူးကွာ"





"လုံးဝပဲ"

မေမေက ဘာမှထပ်မပြောတော့ချေ။

ကျွန်တော်တို့အားလုံးသည် အသားလျှော့စားဖို့၊ အဆီလျှော့စားဖို့နှင့် ဓာတုပစ္စည်းပါသော အစားအစာများ ရှောင်ကြဉ်ဖို့ဆိုသည့် မေမေ့ဩဝါဒကို ကြားဖူးပြီးသားဖြစ်သည်။

ဖေဖေက ပန်းပွင့်ကြော်ကို တစ်ဇွန်းခပ်ယူကာ ထမင်းပေါ်တွင် ပုံလိုက်ရင်း...

"စာဖတ်ခန်းကို ခဏပိတ်ထားရင် ကောင်းမယ်၊ ဒီနှစ်ကောင်ဝင်ဆော့ပြီး နာရီကြီးကျိုးပဲ့သွားမှာ ငါ ကြောက်လွန်းလို့"

"ဟာ ဖေဖေကလဲ၊ သား အိမ်စာတွေ စာဖတ်ခန်းမှာလုပ်မှဖြစ်မှာ၊ ကွန်ပျူတာသုံးဖို့လိုတယ်"

"သားအခန်းထဲကို ကွန်ပျူတာ သယ်လို့မရဘူးလား"

ဖေဖေက တစ်ချက်လှမ်းကြည့်ပြီး မေးလိုက်သည်။

"ဗျာ ကွန်ပျူတာတစ်ခုလုံးကို..."

ဖေဖေက သက်ပြင်းချလိုက်သည်။

"အေးပါကွာ၊ သယ်ဖို့မလွယ်ပါဘူး၊ ဒီတစ်ညတော့ သားကို စာဖတ်ခန်းထဲ ဝင်ခွင့်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း ကွန်ပျူတာသုံးဖို့လိုတယ်"

တာရာက ဝင်ပြောသည်၊ ကျွန်တော်က...

"နင် လျှောက်မပြောနဲ့"

တကယ်တော့ တာရာသည် စာဖတ်ခန်းထဲတွင် ယောင်လည်လည်လုပ်ရင်း ကျွန်တော့်ကို ဒုက္ခပေးဖို့ အကွက်ရှာလိုခြင်းသာ ဖြစ်သည်။

ကျွန်တော်က...

"အာပလာတွေ၊ နင်ကိုငါးတန်းမှာ ကွန်ပျူတာကိုင်ဖို့ မသင်ရပါဘူး၊ ခုနစ်တန်းရောက်တဲ့အထိတောင် သင်ရသေးတာမဟုတ်ဘူး"

"နင်သိလည်းမသိပဲနဲ့၊ တီချယ် ဒေါ်သီတာလင်းက ငါတို့ကြီးလာရင် ကွန်ပျူတာ ကျွမ်းကျင်အောင် အခုကတည်းက သင်နေတာ၊ နင့်ထက်တောင် ငါက ပိုတော်ရင်တော်နေဦးမှာ"

"ဟဲ့ ဖိုးကျော်၊ ညီမလေးနဲ့ ရန်ဖြစ်မနေစမ်းနဲ့"

မေမေက ဝင်ပြောလိုက်သည်။

ကျွန်တော် သက်ပြင်းချရင်း အရွက်ကြော်များကို ပါးစပ်ထဲ ပလုတ်ပလောင်း ထည့်စားနေလိုက်သည်။ တာရာက လျှာထုတ်ပြနေသေးသည်။





ဤနေရာတွင် မည်သည့်စကားမျှ ထပ်ပြော၍ ရမည်မဟုတ်ပေ။ ဘာပဲပြောပြော ကျွန်တော့်အတွက်တော့ ပြဿနာတစ်ခုကို မီးမထွန်းပဲ ရှာတွေ့မည်သာ ဖြစ်သည်။

ညစာစားပြီးနောက် ကျွန်တော်လည်း ကျောပိုးအိတ်ကို ဆွဲ၍ စာဖတ်ခန်းထဲ ဝင်လာခဲ့သည်။ တာရာ့ကို အရိပ်အရောင်မျှ မတွေ့ရချေ။ တာရာ မနှောင့်ယှက်နိုင်မီ အိမ်စာတွေပြီးအောင် လုပ်နိုင်ပေလိမ့်မည်။

ဖေဖေ့ စာကြည့်စားပွဲပေါ်သို့ ကျွန်တော့် စာအုပ်များကို ချတင်လိုက်သည်။ နာရီကြီးက ကျွန်တော့်မျက်စိထဲ ဝင်လာပြန်သည်။ လှလည်းမလှ။ တကယ့်ကို ပုံဆိုးပန်းဆိုးကြီး။ သို့သော် နာရီကြီး၏ ကနုတ်ပန်းနွယ်များ၊ ခလုတ်များကို ကြည့်ရသည်မှာ ကြည့်ကောင်းသည်။ အမှန်တကယ် မော်နာရီကြီးဟု ထင်လောက်စရာပင်။

ဖေဖေပြောသည့် နာရီကြီး၏ ချို့ယွင်းချက်သည် ကျွန်တော့်အတွေးထဲ ရောက်လာပြန်သည်။

အဲဒါ ဘာဖြစ်နိုင်မလဲ။ ကျွန်တော် သိချင်လိုက်တာ။

တစ်ခုခုနှင့် ခိုက်မိထားသော ခြစ်ရာပွန်းရာလား?

စက်သွားတစ်ခုတလေမှာ ချွေးသွားစိတ်လေးတစ်ခု ပျောက်နေတာလား?



www.burmeseclassic.com

www.burmeseclassic.com



သုတ်ထားတဲ့ ဆေးတချို့ ကွာကျနေတာများလား?

ကျွန်တော် စာဖတ်ခန်း တံခါးဝသို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ ရွှေဝါသည် တညောင်ညောင်အော်ရင်း ဖြတ်သွားလိုက်၊ ပြန်လာလိုက် လုပ်နေသည်။ ကျွန်တော်နှင့်အတူ ကစားနေကျဖြစ်သည်။

ဖေဖေနှင့် မေမေကတော့ မီးဖိုချောင်ထဲမှာပဲ ရှိနေသေးသည်။ ညစာစားပြီးထားသော စားပွဲကို ရှင်းလင်းနေကြဆဲဖြစ်သည်။

နာရီကြီးကို နည်းနည်းပါးပါး ကြည့်ရုံလောက်နှင့်တော့ ဘာမှမဖြစ်လောက်ပါဘူးဟု တွေးလိုက်မိသည်။

ခလုတ်တစ်ခုကိုမျှ မတိအောင် သတိထားရင်း သက္ကရာဇ်ပြဒိုင်ခွက်လေးကို ငေးကြည့်နေမိသည်။ နာရီကြီး၏ ဘေးဘက်တွင် ဘောင်ကွပ်ထားသော ငွေမင်ရောင်လိုင်းများကို လက်ချောင်းများဖြင့် ပွတ်သပ်ကြည့်လိုက်မိသည်။ နာရီဒိုင်ခွက်ကြီး၏ အထက်နားလေးဆီမှ တံခါးငှက်လေးကို တစ်ချက်မော့ကြည့်လိုက်သည်။ သတ္တဝါလိုလို ငှက်ကောင်သည် ဤတံခါးနောက်တွင် ရှိနေပေသည်။ ခုန်ထွက်ရမည့်အချိန်ကို စောင့်ဆိုင်းရင်း ဆိုပါတော့လေ။

ဤငှက်ရုပ်ကြောင့် နောက်တစ်ကြိမ် မကြောက်လန့်ချင်





တော့ပါ။ နာရီကြည့်လိုက်ရာ ည ရှစ်နာရီထိုးဖို့ ငါးမိနစ်သာလိုတော့သည်။ နာရီဒိုင်ခွက်အကြီး၏ အောက်တွင် နောက်ထပ်တံခါးတစ်ခုကို တွေ့ရလေသည်။ တံခါးမှာ အနည်းငယ် ပို၍ကြီးသည်။ ကျွန်တော်က ရွှေရောင်တံခါးလက်ကိုင်ဘုကို ကိုင်ကြည့်လိုက်သည်။

ဒီတံခါး နောက်မှာ ဘာများရှိနေမလဲ?

သိချင်စိတ်က ပြင်းပြလာသည်။ နာရီ၏ ဖက်သွားဂီယာများလား၊ ဒါမှမဟုတ် တချက်ချက် လွဲနေမည့် ချိန်သီးများဖြစ်နေမလား။

ကျွန်တော်သည် ပခုံးပေါ်မှကျော်၍ တစ်ချက် လှည့်ပြန်ကြည့်လိုက်သည်။ ကျွန်တော့်ကို မည်သူမျှ ကြည့်မနေ။

ဒီတံခါးကို ခပ်မြန်မြန် တစ်ချက်လောက် ဖွင့်ကြည့်ရုံနဲ့တော့ ဘာမှမဖြစ်ဘူးထင်ပါရဲ့။

ရွှေရောင်လက်ကိုင်ဘုကို ခပ်ဆတ်ဆတ်ဆွဲဖွင့်ကြည့်လိုက်သည်။ တံခါးက ကျပ်နေသည်။ အားနည်းနည်းပိုစိုက်၍ ထပ်ဆွဲကြည့်သည်။

တံခါးသည် ရုတ်တရက် ပွင့်ထွက်သွား၏။

ကျွန်တော် ငယ်သံပါအောင် အော်လိုက်မိသည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကောင်သည် နာရီထဲမှ ခုန်ထွက်ကာ ကျွန်တော့်လည်ပင်းဆီသို့ လက်ချောင်းရှည်ရှည်များကို ဆန့်တန်းလျက်–

"ကယ်ကြပါဦး ကယ်ကြပါဦး"

◆





## အခန်း ( ၃ )

"မေမေ၊ ဖေဖေ ကယ်ပါဦး"

ကျွန်တော် ငယ်သံပါအောင် အော်ဟစ်နေမိသည်။

မကောင်းဆိုးဝါးကောင်၏ လက်သည်းရှည်ရှည်များက ကျွန်တော့်ကိုယ်ပေါ်တွင် မိုးလျက်။ ကျွန်တော့်မျက်နှာကို လက်များဖြင့်ကွယ်ထားလိုက်ပြီး ပြန်ရိုက်ချနိုင်ဖို့ ကြိုးစားမိသည်။

"ဂီးယား ဂီးယား ဂီး ဂီး"

မကောင်းဆိုးဝါးကောင်က တခစ်ခစ်ရယ်လိုက်သည်။

ထို့နောက် သူ့လက်သည်းရှည်များဖြင့် ကျွန်တော့်ကို ကလိထိုးနေလေတော့သည်။

ကျွန်တော့်မျက်လုံးများ ဖွင့်ကြည့်လိုက်သည်။

တာရာ...



www.burmeseclassic.com

www.burmeseclassic.com



ရာဘာမျက်နှာဖုံးစွပ်ပြီး စောင်ကြီးကို ခေါင်းမြီးခြုံထားသော တာရာ။

တာရာသည် ကြမ်းပြင်ပေါ်တွင် လူးလိမ့်၍ တခစ်ခစ် ရယ်နေလေသည်။

"နင်က တော်တော်ကြောက်တတ်တာပဲ၊ ဟား ဟား ဟား၊ ငါ နာရီထဲက ဝုန်းဆို ခုန်ထွက်လိုက်တုန်းက နင် ဖြစ်ပျက်နေတဲ့မျက်နှာကို နင့်ဟာနင် ပြန်မြင်စေချင်လိုက်တာ၊ ဟား ဟား ဟား"

"ဒါ ရယ်စရာမဟုတ်ဘူး၊ ဒါ...ဒါ..."

"ကျွီ..."

"ကူးကူ၊ ကူးကူ၊ ကူးကူ၊ ကူးကူ"

ငှက်ရုပ်သည် နာရီထဲမှထွက်၍ တကူးကူ ဟု ကူနေပါတော့သည်။

ကျွန်တော့်ကို ထပ်ပြီး ချောက်ချားစေပြန်လေပြီ။

တာရာသည် လက်တွေကို ဖမ်းချုပ်တော့မည့်ဟန်လုပ်ရင်း တဟားဟားနှင့် အော်ရယ်နေဆဲဖြစ်သည်။

"ဘာတွေဖြစ်နေကြတာလဲ"

ဖေဖေက တံခါးဝတွင်ရပ်ရင်း ဒေါသတကြီး မေးလိုက်သည်။ တစ်ဆက်တည်းလိုလို ပွင့်နေသော နာရီအိမ်မှ တံခါးကို





လက်ညှိုးထိုး၍...

"ဒီတံခါးက ဘာလို့ပွင့်နေရတာလဲ ဖိုးကျော်၊ နာရီနဲ့ ဝေးဝေးနေပါလို့ ပြောထားရက်နဲ့"

"ကျွန်တော်..."

ဖြေရှင်းဖို့စကားစရှာရှိသေးသည်။ တာရာက...

"ကိုကြီးက နာရီထဲကငှက်ကို ဖမ်းမလို့လုပ်နေတာ"

"ငါထင်သားပဲ"

ဟု ဖေဖေကပြောလိုက်သည်။

"ဖေဖေ၊ မဟုတ်ဘူး၊ တာရာ...လုပ်..."

"တော်တော့၊ မင်း မဟုတ်တာလုပ်ပြီးတိုင်း တာရာ့ကို လွှဲမချနဲ့၊ ငါ မကြားချင်ဘူး၊ မင်းအမေပြောတာ ဟုတ်တယ်၊ ငါက မင်းကို မျက်နှာသာပေးလွန်းတော့ မင်းက ရွှေရေးပန်းကန်တက်ချင်တယ်ပေါ့လေ"

"ဖေဖေကို လုံးဝမတရားဘူး..."

ကျွန်တော် နာနာကျည်းကျည်း ပြန်အော်မိသည်။

"ကျွန်တော် စိတ်ကူးယဉ်တာလည်း မဟုတ်ဘူး၊ ညာနေတာလည်း မဟုတ်ဘူး"

"ဖေဖေ သူ ညာနေတာ"

တာရာက ထပ်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီအခန်းထဲဝင်လာတော့ ကိုကြီးဖိုးကျော်က နာရီကို ဆော့နေတာ၊ သမီးက သူ့ကို တားမလို့"

ဖေဖေက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး သူ၏ အဖိုးတန် သမီးလေး ပြောသမျှကို ယုံကြည်နေလေတော့သည်။

ကျွန်တော့်အနေနှင့် ဘာမှလုပ်စရာမရှိတော့ပါ။ ကျွန်တော့် အိပ်ခန်းသို့သာ ဒေါသတကြီး ထွက်လာခဲ့သည်။ ထို့နောက် အခန်းတံခါးကို ဒုန်းခနဲမြည်အောင် ပိတ်ပစ်လိုက်သည်။

တာရာသည် ကျွန်တော့်အတွက် အကြီးမားဆုံး ဒုက္ခပဲ ဖြစ်သည်။ တာရာသည် ဘယ်သောအခါမျှ ဆူပူမာန်မဲ မခံရပေ။ ကျွန်တော့်မွေးနေ့ကိုပင် ဖျက်လိုဖျက်ဆီး လုပ်ခဲ့သေးသည်။

☼ ☼ ☼

လွန်ခဲ့သော သုံးရက်က ကျွန်တော့်အသက် (၁၅)နှစ် ပြည့်ခဲ့သည်။ လူတိုင်း ကိုယ့်မွေးနေ့ကိုကိုယ် တန်ဖိုးထားကြ ပေလိမ့်မည်။ ကျွန်တော်လည်း ပျော်ရွှင်စရာမွေးနေ့ကို လိုချင် သည်ပဲပေါ့။

ဒါ အမှန်ပဲမဟုတ်ပါလား။ သို့သော်...

ကျွန်တော့်အတွက်တော့ ပျော်ရွှင်စရာမဟုတ်ခဲ့ပါ။ တာရာ သည် ကျွန်တော့်မွေးနေ့ကို ဘဝတွင် အဆိုးဆုံးနေ့တစ်နေ့အဖြစ် ဖန်တီးခဲ့သည်။





ပထမဆုံးအနေဖြင့် တာရာသည် လက်ဆောင်ပစ္စည်းများ ကို ဖျက်ဆီးသည်။

ဖေဖေနှင့် မေမေသည် (ကျွန်တော့်အတွက် မွေးနေ့လက် ဆောင်ကို တိတ်တဆိတ် ဝယ်ထားပြီး ကျွန်တော်မသိအောင် ဝှက်ထားကာ) စိတ်လှုပ်ရှားနေပုံရသည်။ မေမေသည် ဟိုသွား လိုက် ဒီသွားလိုက်နှင့် အလုပ်ရှုပ်နေလေသည်။

"ကားဂိုဒေါင်ထဲ မသွားနဲ့နော် သား၊ ဘာပဲလုပ်လုပ် ဂိုဒေါင်ထဲတော့ မသွားနဲ့"

လက်ဆောင်ကို ဂိုဒေါင်ထဲတွင် ဝှက်ထားတာပဲဖြစ်မည်။ ထို့ကြောင့် မေမေ့ကို ရစ်ချင်လာသည်။

"ဘာဖြစ်လို့လဲ၊ ဘာလို့ ဂိုဒေါင်ထဲ မသွားရမှာလဲ၊ သား အခန်းတံခါးသော့ ပျက်နေတယ်၊ အဲဒါ လက်သမား ပစ္စည်းတွေ သွားယူမလို့"

"သားဖေဖေကို ပြောလိုက်လေ၊ သူ့ဘာသာသူ ပစ္စည်းတွေသယ်လာပြီး ပြင်ပေးလိမ့်မယ်၊ သား ဂိုဒေါင်ထဲ သွားစရာမလိုဘူး၊ အဲ ဘာဖြစ်လို့လဲဆိုတော့ အင်း အဲဒီ ထဲမှာ အမှိုက်တွေပုံထားတယ် သားရဲ့၊ တော်တော်အနံ့ ဆိုးတာ၊ နေမကောင်းဖြစ်မှာစိုးရတယ်"

"အဲဒါဆိုလည်း သား မသွားတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ပျက်နေသော အခန်းတံခါးကိုပြင်ဖို့ ဘာမှ မလုပ်ဖြစ်ပေ။

သူတို့၏ အံ့အားတသင့်ဖြစ်စေချင်သော ဆန္ဒကို မဖျက်ဆီးချင်တော့ပါ။

နေ့လယ်ခင်းတွင် ကျွန်တော့်မွေးနေ့ပွဲမှာ ဧည့်သည်များနှင့် စည်ကားလာသည်။ ကျောင်းမှ သူငယ်ချင်းများလည်း ရောက်လာကြပြီ။ မေမေက မွေးနေ့ကိတ်တစ်လုံး လုပ်ထားပေးပြီး မုန့်တွေကလည်း အများကြီး။

ဖေဖေကတော့ ဟိုပြေးဒီလွှားနှင့် ထိုင်ခုံတွေ နေရာချလိုက်၊ ပန်းစက္ကူတွေကပ်လိုက် လုပ်နေသည်။

"ဖေဖေ၊ သား အိပ်ခန်းတံခါးသော့ ပြင်ပေးမှာလား"

ကျွန်တော်က လွှတ်လွှတ်လပ်လပ်နေချင်သည်။ အခန်းတံခါးသော့ ရှိမှဖြစ်သည်။ တံခါးသော့ကိုလည်း တာရာ ဖျက်ပစ်ခြင်း ဖြစ်သည်။ တာရာသည် တံခါးကို တဒုန်းဒုန်းနှင့် ထုလိုက် ရိုက်လိုက် လုပ်သောကြောင့်ဖြစ်သည်။

"အေးပါကွာ၊ မွေးနေ့ရှင်အတွက်ပဲ ဘာမဆို လုပ်ပေးရမှာပေါ့"

"ကျေးဇူးပါပဲ ဖေဖေ"

ဖေဖေက လက်သမားသုံးပစ္စည်းသေတ္တာကို သယ်၍ အပေါ်





ထပ်သို့ တက်သွားသည်။ ထို့နောက် အခန်းတံခါးကို ပြင်ပေးလေသည်။

တာရာက မီးဖိုချောင်နားတွင် ရစ်သီရစ်သီ လုပ်နေ၏။ ဖေဖေ့အလစ်တွင် ပန်းစက္ကူများကို ဆွဲခွာချသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ပစ်ချထားခဲ့သည်။

ဖေဖေက တံခါးသော့ပြင်ပေးပြီးနောက် လက်သမားသုံးပစ္စည်းသေတ္တာကိုဂိုဒေါင်ထဲတွင် ပြန်ထား၍ ထွက်သွားသည်။ ထမင်းစားခန်းကို ဖေဖေ ဖြတ်သွားရင်း ပြန့်ကျဲနေသော ပန်းစက္ကူ အစအနများကို သတိထားမိသွား၏။

"ဒါတွေက ဘယ်လိုဖြစ်နေတာလဲ"

ဖေဖေက ပွစိပွစိပြောရင်း တိပ်နှင့်ပြန်ကပ်ပေးသွားသည်။ ခဏကြာတော့ တာရာက ထပ်လုပ်ထားပြန်သည်။

"တာရာ၊ နင်လုပ်နေတာတွေ ငါသိတယ်၊ ငါ့မွေးနေ့ကို နင် ဖျက်ဆီးနေတာ ရပ်စမ်း"

"ငါဖျက်ဆီးနေတာ မဟုတ်ဘူး၊ ဒီစက္ကူတွေက လှမှ မလှတာ၊ ပြီးတော့ မွေးနေ့ဆိုတာ နင့်ကို မွေးခဲ့တဲ့နေ့ တစ်နေ့ဆိုတာပဲ၊ ဘာမှမဟုတ်ဘူး"

ထို့နောက် တာရာသည် ကြောက်ချင်ယောင်ဆောင်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာရာ့ကို ဥပေက္ခာပြုလိုက်သည်။ ယနေ့သည် ကျွန်တော့် မွေးနေ့။ ကျွန်တော့်ပျော်ရွှင်မှုကို မည်သူမျှမတားနိုင်။ တာရာ အပါအဝင် ဆိုပါတော့။

အမှန်တော့ ကျွန်တော့်အတင်တွေမျှသာဖြစ်သည်။

မွေးနေ့ပါတီ မစတင်မီ နာရီဝက်ခန့်အလိုတွင် ဖေဖေနှင့် မေမေက ကျွန်တော့်ကို ဂိုဒေါင်ထဲ ခေါ်သွား၏။

ကျွန်တော်က မေမေ့၏ ရိုးစင်းလွန်းသော ပုံပြင်ကို ယုံကြည်နေဟန်နှင့်

"မေမေ၊ အမှိုက်ပုံကြီးက အန့်အတော်ဆိုးမှာပဲ"

"ဩော် ့မေမေက သားကို အလကား စ,နေတာပါကွယ်"

"တကယ်လားမေမေ၊ ဒါပေမဲ့ သားက တကယ်ထင်နေတာ"

"အဲဒါမျိုးတောင် ယုံတယ်ဆိုတော့ ကိုကြီးဖိုးကျော်က တကယ့် ငတုံးပဲ"

တာရာက ဝင်ပြောသည်။

ဖေဖေက ဂိုဒေါင်တံခါးကို ဖွင့်ပေးလိုက်၏။ ကျွန်တော်ကလည်း တစ်လှမ်းချင်း ဝင်သွားလိုက်သည်။

21-speed စက်ဘီးအမျိုးအစား အသစ်စက်စက် ပြိုင်ဘီး





လေး။

ကျွန်တော်လိုချင်နေတာ ကြာလှပြီ။

တွေ့ဖူးသမျှတွင် အကောင်းဆုံး၊ အမိုက်ဆုံး စက်ဘီးပင်။

"သားကြိုက်ရဲ့လား"

"သိပ်ကြိုက်တာပေါ့၊ တကယ် အပျံစားပဲ၊ ဖေဖေနဲ့ မေမေ့ကို ကျေးဇူးအများကြီးတင်ပါတယ်"

ကျွန်တော်ကား ပျော်မြူးလွန်း၍ အော်ဟစ်နေမိသည်။

"တကယ်မိုက်တယ်နော်၊ သမီးမွေးနေ့ကျရင်လည်း ဒါမျိုးဝယ်ပေးနော် မေမေ"

ဟု တာရာက ပူဆာနေလေသည်။

ထို့နောက် တာရာသည် စက်ဘီးပေါ် လှွားခနဲ ခိုပြီး တက်လိုက်၏။ ကျွန်တော် တားချိန်မရလိုက်။

"တာရာ အခုဆင်းစမ်း၊ ဆင်းစမ်းလို့ ပြောနေတယ်နော်"

တာရာကား နားမထောင်၊ ခြေနင်းတွေကို နင်းနိုင်ဖို့သာ အားထုတ်နေလေသည်။ သို့သော် ခြေထောက်တိုတိုသေးသေးလေးတွေနှင့် မမီမကမ်းဖြစ်နေလေရာ စက်ဘီးက ဝုန်းခနဲ လဲကျသွား၏။

"တာရာ၊ သမီး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက အော်ပြီး ပြေးသွားသည်။

"နာသွားပြီလား သမီး"

တာရာက မတ်တတ်ရပ်လိုက်ပြီး ကိုယ်ပေါ်တွင်ပေနေသော ဖုန်မှုန့်များကို ခါနေလေသည်။

"ဘာမှမဖြစ်ဘူး မေမေ၊ ဒူးမှာပဲ နည်းနည်းပွန်းသွားတာ"

ကျွန်တော်ကတော့ စက်ဘီးအသစ်ကလေးကိုပဲ နှမျောကြေကွဲစွာ ကြည့်နေမိသည်။

စက်ဘီးမှာ စောစောကလို နက်မှောင်တောက်ပ မနေတော့ပေ။ စက်ဘီးကိုယ်ထည်တွင် အဖြူရောင် ပွန်းပဲ့ခြစ်ရာ အစင်းကြီးက ထင်းနေသည်။ တကယ်ပဲ ပျက်စီးသွားပေပြီ။

"တာရာ နင် ငါ့စက်ဘီးကို ဖျက်ပစ်တယ်"

"ဒီလောက် ဒေါသထွက်မနေနဲ့ ဖိုးကျော်၊ အစင်းရာ နည်းနည်းပဲ ဖြစ်သွားတဲ့ဥစ္စာ"

ဖေဖေက ကျွန်တော့်ကိုပင် ပြန်ဆူနေ၏။ မေမေကလည်း

"ညီမလေးကိုတော့ ဂရုမစိုက်ဘူး၊ ညီမလေးက နာသွားတဲ့ဟာကို"

"သူ့ဘာသာသူဖြစ်တာပဲ၊ တကယ်ဆို ဦးဦးဖျားဖျား သူတက်စီးစရာလား၊ ခုလိုဖြစ်တာ နည်းတောင် နည်းသေး





တယ်"

"ဖိုးကျော်၊ သားဟာ အစ်ကိုတစ်ယောက်ဖြစ်ဖို့ အများကြီး လိုသေးတယ်"

ဤသို့ဖြင့် ကျွန်တော့်မှာ မအူမလည်နှင့် အပြစ်ဖြစ်ရပြန်သည်။

"ကဲ ကဲ အိမ်ထဲဝင်ကြစို့၊ ခဏနေရင် သားသူငယ်ချင်းတွေ ရောက်လာတော့မှာ"

✳ ✳ ✳

မွေးနေ့ပါတီပွဲ။

မွေးနေ့ပါတီသည် ကျွန်တော့်ကို အနည်းငယ် စိတ်ပြေလက်ပျောက် ရှိစေနိုင်ပေမည်။

ဘာပဲဖြစ်ဖြစ် မွေးနေ့ကိတ်မုန့်တစ်လုံး၊ လက်ဆောင်ပစ္စည်းများနှင့် သူငယ်ချင်းများ။ ဘာမှ စိတ်ပျက်စရာမရှိ။ ချွတ်ချော်စရာမရှိ။

အစပိုင်းတွင် အားလုံး အဆင်ပြေလှသည်။ ကျွန်တော့်သူငယ်ချင်းများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပြီး လက်ဆောင်ကိုယ်စီလည်း ယူဆောင်လာကြသည်။

ကိုဖြိုး၊ မင်းသူ၊ ဇော်ဇော်၊ နေလင်းနှင့် သက်ဦး ဆိုသည့် ယောကျ်ားလေးသူငယ်ချင်း (၅)ယောက်၊ စီစီ၊ မျိုးနှင့် ခွာနှာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် မိန်းကလေးသူငယ်ချင်း (၃)ယောက်ကို ဖိတ်ထားလေသည်။

စီစီနှင့် မျိုး ကိုမူ စိတ်ဝင်တစားမရှိလှ။ ကျွန်တော် သဘောကျနေသည်က ရတနာ ဖြစ်သည်။ သူမ၏ အညိုရောင်ဆံပင်ရှည်များနှင့် နှာခေါင်းချွန်ချွန်လေးမှာ ချစ်စရာကောင်းလှသည်။ သူမသည် အရပ်လည်းမြင့်သည်။ ဘတ်စကက်ဘောကစားရာတွင်လည်း လူသိများ ထင်ရှားသည်။ ထို့ပြင် သူမတွင် သဘောကျစရာ အခြားအချက်များလည်း ရှိသေး၏။

စီစီ နှင့် မျိုး သည် ရတနာ့ အချစ်ဆုံးသူငယ်ချင်းများဖြစ်သည်။ ရတနာ့ကို မွေးနေ့ပွဲသို့ ဖိတ်ချင်သောကြောင့် ထိုနှစ်ယောက်ကိုပါ ဖိတ်ရသည်။ သူမတို့သုံးယောက်သည် မည်သည့်နေရာသို့သွားသွား တပူးတွဲတွဲပင်။

ထုံးစံအတိုင်း ထိုသုံးယောက်သည် တစ်ပြိုင်တည်း ရောက်လာကြသည်။

ရတနာသည် ဘလောက်စ်အင်္ကျီ အဖြူရောင်လေးပေါ်တွင် ပန်းရောင် ကုတ်အပေါ်လေး ထပ်ဝတ်ထား၏။ ကြည့်ရသည်မှာ ပြေပြစ်လှပနေလေသည်။ ကျန်နှစ်ယောက်၏ အပြင်အဆင်ကိုမူ ကျွန်တော် သတိမထားမိပေ။

"ဟက်ပီး ဘတ်ဒေး"





သုံးယောက်သား တံခါးဝမှ လှမ်းအော်၍ ဝင်လာသည်။

"ကျေးဇူးအများကြီးတင်ပါတယ်"

ထို့နောက် ကျွန်တော့်လက်ထဲသို့ လက်ဆောင်ပစ္စည်းများကို တစ်ယောက်ပြီးတစ်ယောက် လာထည့်ပေးသွားသည်။ ရတနာပေးသော လက်ဆောင်မှာ ခပ်ပြားပြား သေးသေးလေးဖြစ်ပြီး ငွေရောင်စက္ကူဖြင့် ထုပ်ထား၏။ သီချင်း စီဒီတစ်ချပ်ဖြစ်မည်ဟု ကျွန်တော် မှန်းဆကြည့်မိသည်။ သို့သော် မည်သည့် သီချင်းမျိုးတွေ ပါမည်ကိုတော့ မသိနိုင်ပါ။

ရတနာ့လို မိန်းကလေးမျိုးအနေဖြင့် ယောကျ်ားလေး တစ်ယောက် အကြိုက်ကို ခန့်မှန်းနိုင်ပါ့မလား။

လက်ဆောင်များကို ဧည့်ခန်းထဲတွင် ပုံထားလိုက်၏။ ကိုဖြိုးက ...

"ဟော့ ဖိုးကျော်၊ မင်း ဖေဖေသားကြီးနဲ့ မားသားကြီးက ဘာပေးလဲ"

"စက်ဘီးတစ်စီးပါကွာ၊ 21 speed ပြိုင်ဘီးလေး"

ကျွန်တော်က ကြွားဝါအုမြူးစိတ်ကို အတင်းမျိုချလျက် ခပ်အေးအေးလေသံဖြင့်ပြောရင်း စီဒီတစ်ချပ်ကို ထည့်ဖွင့်လိုက်သည်။

မေမေနှင့် တာရာသည် အသားညှပ်ပေါင်မုန့်များကို ဇန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်ထည့်၍ သယ်လာကြသည်။ မေမေက မီးဖိုချောင်ထဲသို့ ပြန်ဝင်သွား၏။ တာရာက ဧည့်ခန်းတွင်နေခဲ့သည်။ ရတနာက...

"ညီမလေးက ချစ်စရာလေးနော်"

"သူ့အကြောင်း မသိသေးလို့ပါ"

ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"နင်ကလည်း အဲလိုမပြောပါနဲ့"

"သူသာ ကြောက်စရာကောင်းတာ"

ဟု တာရာက ထအော်ရင်း–

"ကိုကြီးကပဲ တာရာ့ကို အမြဲ အော်ငေါက်ချင်နေတာ"

"ငါ ဘယ်မှာအော်လို့လဲ၊ နင် ငါ့ရှေ့က ထွက်သွားစမ်း"

"သွားပါဘူး"

ပြောရင်း လျှာတစ်လစ်နှင့် ပြောင်ပြနေလေသည်။

"သူ့ကိုနေခိုင်းလိုက်ပါ ဖိုးကျော်ရယ်၊ သူက ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး"

"မမရတနာ၊ ကိုကြီးဖိုးကျော်ကလေ မမကို ကြိတ်ကြွေနေတာ သိလား"





ဟု တာရာက တိုးတိုးလေးနှင့် ပွစိပွစိ ပြောနေ၏။

ရတနာ့မျက်လုံးများက ဝိုင်းစက် ပြူးကျယ်သွားပြီး–

"သူက..."

ကျွန်တော် မျက်နှာတစ်ခုလုံး ထူပူနေပြီ။ တာရာ့ကို ဒေါသတကြီး ကြည့်လိုက်၏။ ကျွန်တော်သည် တာရာ့ကို ဤနေရာတွင်ပင် လည်ပင်းညှစ်သတ်ချင်စိတ် ပေါ်လာသည်။ သို့သော် ကျွန်တော်လုပ်၍မဖြစ်။ မျက်မြင်သက်သေတွေက အများကြီး။

ရတနာကတော့ တခစ်ခစ်ရယ်နေလေသည်။ စီစီနှင့် မျိုးကလည်း အတောမသတ်အောင် ရယ်နေကြ၏။ ကံကောင်းသည်မှာ ဟိုကောင်တွေ တစ်ကောင်မျှမကြားလိုက်ခြင်းပင်။ အားလုံးမှာ စီဒီစက်နားတွင် ရှိနေကြပြီး တစ်ပုဒ်ပြီးတစ်ပုဒ် ရစ်၍နားထောင်နေကြသည်။

ကျွန်တော့်မှာ ဘာပြောရမှန်းမသိ။ တကယ်လည်း ရတနာ့ကို ကျွန်တော်က ကြိုက်နေသည်။ အကယ်၍ ကျွန်တော် ငြင်းလိုက်ပါက သူမအနေနှင့် ခံပြင်းဒေါသထွက်နေပေလိမ့်မည်။ ငြိမ်နေ၍လည်း မဖြစ်။

ကျွန်တော်သည် သေချင်စိတ်ပင်ပေါက်လာသည်။ ဤကြမ်းပြင်ထဲသို့ စိမ့်ဝင်ပျောက်ကွယ်သွားချင်သည်။ ရတနာက...



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးကျော်ရယ်၊ နင့်တစ်မျက်နှာလုံး နီရဲနေတာပဲ"

နေလင်းက ကြားသွားပြီး ကျွန်တော့်ကို လှမ်းမေး၏။

"ကျော်ဇင်ဝင်း၊ မင်း ဘာဖြစ်နေတာလဲ"

တချို့သူငယ်ချင်းတွေက ကျွန်တော့်နာမည်အရင်းကို ခေါ်ကြသည်။

ကျွန်တော်က ဘာမှပြန်မဖြေနေတော့ပဲ တာရာ့ကို ဖမ်းချုပ်ပြီး မီးဖိုချောင်ထဲသို့ တရှုတ်ဆွဲ ခေါ်သွားလိုက်၏။ ရတနာ့ရယ်သံသည် ကျွန်တော့်နားစည်တွင် ရိုက်ခတ်နေဆဲ ဖြစ်သည်။ ကျွန်တော်က တာရာ့ကို ဒေါသဖြစ်ဖြစ်ဖြင့်...

"ကျေးဇူးရှင်၊ နင်က ရတနာ့ကို ဘာလို့ သွားပြောရတာလဲ"

"အဲဒါ အမှန်ပဲမဟုတ်ဘူးလား"

"အေး ဟုတ်တယ်၊ မှန်လွန်းလို့ နင့်ကို ငါ အသေသတ်ပစ်လိုက်ချင်တယ်"

"ဖိုးကျော်၊ တာရာ့ကို အနိုင်ကျင့်နေပြန်ပြီလား"

မေမေက ကြားကဖြတ်၍ အော်ပြန်သည်။

ကျွန်တော် ဘာမျှပြန်မပြောတော့ပဲ ဒေါသတကြီးနှင့် မီးဖိုချောင်ထဲမှ ထွက်ခဲ့သည်။ သက်ဦးက...

"မင်းစက်ဘီးအသစ်ကို သွားကြည့်ရအောင်"





ဒါ ကောင်းတယ်ဟု ကျွန်တော် တွေးလိုက်သည်။ ဒီမိန်းမတွေနှင့် ဝေးရာသွားလှုပြီ။

ကျွန်တော်က သူတို့ကို ဂိုဒေါင်ထဲသို့ခေါ်သွားလိုက်သည်။ အားလုံးက စက်ဘီးကိုငေးပြီး ခေါင်းတညိတ်ညိတ် လုပ်နေကြသည်။ အားကျနေပုံရသည်။ ထို့နောက် ဇော်ဇော်က စက်ဘီးလက်ကိုင်ကို ကိုင်ကြည့်ရင်း...

"ဟေ့ကောင်၊ ဒီအစင်းကြီးက ဘာလဲကွ"

"ဒါလား၊ တာရာ..."

ကျွန်တော် ဆက်မပြောချင်တော့။

ခေါင်းကိုသာ ခါနေမိသည်။ မင်းသူကတော့...

"ခြစ်ရာကြီးပါနေတော့ မင်းစက်ဘီးက သူများ စီးပြီးသား အဟောင်းကြီးနဲ့ တူနေတာပေါ့"

"လာပါကွာ၊ ငါတို့ အိမ်ထဲပြန်ဝင်ကြရအောင်၊ လက်ဆောင်တွေ ဖွင့်ကြည့်မယ်လေ"

ကျွန်တော်တို့ ဧည့်ခန်းဆီသို့ ထွက်လာကြသည်။

လက်ဆောင်တွေအားလုံးကိုတော့ တာရာ ဖျက်ဆီးနိုင်မည်မထင်။

သို့သော် တာရာကား ဆီလိုအပေါက်ရှာတတ်သူဖြစ်သည်။

ကျွန်တော်တို့ ဧည့်ခန်းထဲရောက်သော် ပွစာကျဲနေသော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပုံ၏ အလယ်တွင် တာရာ့ကို တွေ့ရသည်။ ရတနာတို့သုံးယောက်ကား တာရာ့ပတ်လည်တွင် ဝိုင်း၍ထိုင်နေကြသည်။

တာရာသည် လက်ဆောင်ပစ္စည်းအားလုံးကို ပြေထားပြီးပြီ။

ကျေးဇူးရှင် တာရာ...

တာရာက နောက်ဆုံးလက်ဆောင်ကို ဖွင့်ဖို့ 'မ'ယူလိုက်သည်။ ဟင်...ရတနာရဲ့ လက်ဆောင်။

"ဒီမှာကြည့်၊ မမရတနာက ဘာလက်ဆောင်ပေးလဲလို့"

တာရာက ထအော်ရင်း မြှောက်ပြလိုက်၏။

သီချင်းစီဒီတစ်ချပ်ဖြစ်သည်။

"သမီး နားထောင်ဖူးတယ်၊ အဲဒီအခွေထဲမှာ နာမည်ကြီး အချစ်သီချင်းတွေပါတယ်"

အားလုံးက တဟားဟားရယ်မောလိုက်သည်။

သူတို့အားလုံးစိတ်ထဲတွင်တော့ တာရာမှာ ပြဿနာကောင်ဖြစ်နေသည်။

ထို့နောက် ထမင်းစားခန်းသို့ ချီတက်လာကြသည်။ မွေးနေ့ကိတ်ကိုလည်း ကျွန်တော်ကိုယ်တိုင် သယ်၍ ဝင်လာခဲ့သည်။

ကျွန်တော့်နောက်မှ မေမေက ဖယောင်းတိုင်များ၊ ပန်းကန်ပြား





များနှင့် မီးခြစ်ကို သယ်လာသည်။

ကိတ်မုန့်သည် ကျွန်တော်အကြိုက် ချောကလက်အထပ်ထပ်နှင့် ဖြစ်သည်။

လက်ထဲတွင် ကိတ်မုန့်ကို ဟန်ချက်ညီအောင်ထိန်းရင်း မီးဖိုချောင်ထဲမှ ထမင်းစားခန်းသို့ တစ်လှမ်းချင်း လှမ်း၍ ဝင်လာသည်။

နံရံတွင်ကပ်နေသော တာရာ့ကို မမြင်။ တံခါးပေါက်မှ စောင့်၍ ခြေထိုးခံလိုက်သော သူမခြေထောက်သေးသေးလေးများကိုလည်း မတွေ့ချေ။

ထောင်ချောက်မိချေပြီ။ လက်ထဲမှကိတ်မုန့်မှာ လွင့်ထွက်သွား၏။ ကိတ်မုန့်ပေါ်သို့ မျက်နှာမှောက်လျက် လဲကျသွားသည်။

သူငယ်ချင်းများမှာအံ့အားသင့်လွန်း၍ အသက်ပင် မရှူနိုင်ကြ။ အချို့က မရယ်မိအောင် မနည်းထိန်းနေကြလေသည်။

ကျွန်တော် ထထိုင်လိုက်ပြီး မျက်နှာပေါ်မှ အညိုရောင်ချောကလက်များကို သုတ်ပစ်လိုက်သည်။

ပထမဆုံးမြင်ရသည်မှာ ရတနာ့မျက်နှာဖြစ်သည်။ သူမသည် တစ်ကိုယ်လုံး လှုပ်ရမ်းနေအောင် ရယ်နေလေသည်။

မေမေက ကျွန်တော့်ကို ငုံ့ကြည့်ပြီး ဒေါသထွက်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကြည့်စမ်း၊ ညစ်ပတ်လိုက်တာ ဖိုးကျော်ရယ်၊ ကိုယ်သွားမယ့်လမ်းကို မကြည့်ဘူး၊ ဟင်း..."

ရယ်သံများ ကြားနေရ၏။ ပျက်စီးသွားသော ကိတ်မုန့်ကိုသာ ငေးကြည့်နေမိသည်။

ယခုတော့ မည်သည့်ဖယောင်းတိုင်မျှ ထွန်းဖို့မလိုတော့ပါ။

ကိစ္စမရှိ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဆုတစ်ခု တောင်းဖြစ်အောင် တောင်းမည်။

"ကျွန်တော့်မွေးနေ့ကို အစမှ ပြန်စရပါလို၏"

ကျွန်တော် မတ်တတ်ရပ်လိုက်၏။ ထို့နောက် ပျော့စိပျော့ပြဲနေသော ကိတ်မုန့်ကို ပြန်ဖုံးလိုက်သည်။ သူငယ်ချင်းတွေက လှောင်ပြောင်အော်ဟစ်နေကြဆဲဖြစ်သည်။

"နင်ဟာလေ တကယ် Mr.Bean နဲ့တူတယ်"

ဟု မျိုးကပြောပြီး အော်ရယ်နေပြန်သည်။

လူတိုင်းသည် ပို၍ပင် ရယ်နေကြသေးသည်။

အားလုံး ကျွန်တော့်မွေးနေ့တွင် ပျော်ရွှင်ခဲ့ကြရသည်။ လူတိုင်းလူတိုင်းပါပဲ။

ကျွန်တော်ကလွဲလို့ပေါ့။

ဆိုးရွားလွန်းသော မွေးနေ့တစ်ခုပါ။ တော်တော်ဆိုးရွားစွာပဲ





ပြီးဆုံးသွားခဲ့သည်။ သို့သော် ကျွန်တော့်မွေးနေ့ ဖရိုဖရဲဖြစ်ခဲ့ခြင်းသည် တာရာချောက်ချသမျှထဲတွင် အဆိုးဆုံးအဖြစ်မဟုတ်သေးပါ။

မည်သူကများ အဆိုးဆုံးလို့ ယုံကြည်ပါမည်လဲ?

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

ကျွန်တော့်မွေးနေ့မတိုင်မီ တစ်ပတ်ခန့်က ဖြစ်သည်။ ရတနာ၊ စီစီနှင့် မျိုးတို့ ကျွန်တော့်အိမ် ရောက်လာကြသည်။ အားလုံးမှာ ကျောင်းကပွဲတွင် ပါဝင်ကြမည့်သူများ ဖြစ်သည်။ ထို့ကြောင့် အိမ်တွင် အစမ်းလေ့ကျင့်ရန် စီစဉ်ထားခဲ့ကြခြင်း ဖြစ်သည်။

ကပွဲမှာ 'ဖားမင်းသားလေး'အကြောင်း က,ကြရန် ဖြစ်သည်။ ရတနာက မင်းသမီးလေး၊ စီစီနှင့် မျိုးက အကျင့်ပုတ်သော ညီအစ်မအဖြစ် သရုပ်ဆောင်ကြမည် ဖြစ်၏။ အလွန်မှန်ကန်သော ရွေးချယ်မှုပဲဟု ကျွန်တော် တွေးလိုက်မိသည်။

ကျွန်တော်က မင်းသမီးလေး မနမ်းရသေးသော ဖားအဖြစ် ပါဝင်ရသည်။ ထို့နောက် မင်းသားလေးအဖြစ် ပြောင်းလဲသွားမည်။





ဆရာမက ကျွန်တော့်ကို မင်းသားနေရာ မပေး။ ကိုဖြိုးက ထိုနေရာ ရသွား၏။

ဘာပဲဖြစ်ဖြစ် 'ဖား'ဇာတ်ကောင်နေရာသည် အကောင်းဆုံးဟုပင် ဆုံးဖြတ်ထားသည်။ အဘယ့်ကြောင့်ဆိုသော် ရတနာသည် 'ဖား'ကိုသာနမ်း၍ မင်းသားကို မနမ်းပါ။

သူတို့တွေ အချိန်မရွေး ရောက်လာပေမည်။

တာရာကတော့ ထုံးစံအတိုင်း နားနေခန်းထဲတွင် ကော်ဇောပေါ်ထိုင်၍ ကြောင်ကလေး ရွှေဝါ ကို စိတ်ဆိုးအောင် နှိပ်စက်နေပေသည်။ ရွှေဝါသည်လည်း ကျွန်တော့်လောက်နီးနီးပင် တာရာကို မုန်းတီးနေလိမ့်မည်။

တာရာက ရွှေဝါ့နောက်ခြေထောက်နှစ်ချောင်းကို မြှောက်ကာ ကင်းမြီးကောက် ထောင်ခိုင်းနေပြန်သည်။

ရွှေဝါသည် တစ်ကိုယ်လုံး တွန့်လိန်ပြီး အော်၍ ထွက်ပြေး၏။ သို့သော် တာရာက ပြန်ဖမ်းပြီး နောက်တစ်ကြိမ် ကင်းမြီးကောက် ထောင်ခိုင်းရန် ကြိုးစားနေပြန်သည်။

"တာရာ၊ တော်စမ်း"

"ဘာဖြစ်လို့လဲ၊ ဒီလောက်ပျော်စရာကောင်းတာ"

"နင် ရွှေဝါ့ကို နှိပ်စက်နေတာပဲ"

"မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ ဒီကောင်က ခုလိုအော့



www.burmeseclassic.com

www.burmeseclassic.com



ရတာကို သဘောကျနေတာ၊ ဒီမှာကြည့်၊ မျက်နှာက ပြုံးပြုံးကြီးနဲ့”

ပြောပြောဆိုဆိုနှင့် တာရာသည် ကြောင်၏ နောက်ခြေထောက်များကို လွှတ်ချပြီး ရှေ့လက်များအောက်မှ လက်တစ်ဖက် လျှိုဝင်ကာ ချုပ်ထားလိုက်သည်။ ကျန်လက်တစ်ဖက်ဖြင့် ရွှေဝါ့နှုတ်ခမ်းသောင့်စွန်းများကို ဆွဲမ,၍ မချိပြုံး ပြုံးခိုင်းနေလေသည်။

ရွှေဝါက တာရာ့လက်ကို ကိုက်ဖို့ကြိုးစားသည်။ မမိလိုက်။

“တာရာ၊ ကြောင်ကိုလွှတ်လိုက်၊ ဒီနေရာမှာမနေနဲ့၊ ငါ့သူငယ်ချင်းတွေလာတော့မှာ သွားတော့”

“သွားပါဘူး”

တာရာသည် ရွှေဝါ့ကို ရှေ့လက်များဖြင့် လမ်းလျှောက်ခိုင်းနေပြန်သည်။ ကြောင်က လဲကျပြီး နှာခေါင်းနှင့် ကြမ်းပြင်ဆောင့်မိသွားသည်။

“တာရာ တော်တော့လို့ ငါပြောနေတယ်လေ”

ကျွန်တော်က ကြောင်ကို ဖျတ်ခနဲလုယူလိုက်၏။ တာရာကလည်း လွှတ်ပေးလိုက်ရာ ရွှေဝါသည် တညောင်ညောင်အော်ရင်း ကျွန်တော့်လက်ကို ကုတ်လိုက်သည်။

“အား”





အောက်ရောက်သည်နှင့် ရွှေဝါသည် လွတ်ရာကျွတ်ရာ ပြေးတော့သည်။

“မိုးကျော်၊ ကြောင်ကို ဘာသွားလုပ်ပြန်ပြီလဲ”

မေမေက တံခါးဝမှရပ်၍ လှမ်းအော်သည်။ ရွှေဝါကတော့ ဧည့်ခန်းထဲသို့ တိတ်တိတ်လေး ထွက်သွား၏။

“ဘာမှမလုပ်ပါဘူး၊ ဒီကောင်က သားကို ကုတ်သွားတာ”

“ဘာမှမလုပ်ဘဲနဲ့တော့ ကြောင်က ကုတ်မလား၊ သူ့ကိုသွားစ,လို့ ကုတ်တာပေါ့”

မေမေက ကျွန်တော့်ကို စိတ်ဆိုးသည်။

တာရာကတော့ ပါးစပ်မှ ဟိုအော်ဒီအော်နှင့် အခန်းပြင်သို့ ထွက်သွားပေပြီ။

ထိုစဉ် အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။

“သား သွားကြည့်လိုက်မယ် မေမေ”

ရတနာတို့ဖြစ်မှာ သေချာသည်။ သူတို့ကို ဖားဝတ်စုံဖြင့် အံ့ဩအောင် လုပ်ရမည်။ သို့သော် ကျွန်တော့်မှာ ဘာမှမပြင်ဆင်ရသေး။

“တံခါးသွားဖွင့်ပေးလိုက်ဦး တာရာ၊ ပြီးတော့ နာနာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဧည့်ခန်းထဲမှာစောင့်နေလို့ ပြောလိုက်၊ ငါ အခု လာခဲ့မယ်”

“အင်းပါ”

တာရာသည် အိမ်ရှေ့သို့ တစ်ဟုန်ထိုး ပြေးသွား၏။

ကျွန်တော်လည်း ဖားဝတ်စုံဝတ်ရန် အပေါ်ထပ်ရှိ ကျွန်တော့် အခန်းဆီသို့ အမြန်ဆုံး တက်လာခဲ့သည်။

ဗီရိုထဲမှ ဝတ်စုံကိုထုတ်သည်။ ထို့နောက် ဝတ်လက်စ အင်္ကျီ၊ ဘောင်းဘီကိုချွတ်သည်။ ဝတ်စုံကိုကောက်ယူလိုက်ပြီး ဇစ်ကိုဖွင့်ရန် ကြိုးစား၏။ ဆွဲမရပဲ ကျပ်နေ၏။

ကျွန်တော်သည် အတွင်းခံအဝတ်အစားများဖြင့် ရပ်လျက် ဇစ်ကို ဆောင့်ဆွဲလိုက်သည်။ ထိုစဉ် ကျွန်တော့်အိပ်ခန်းတံခါး မှာ ကလစ်ခနဲ ပွင့်သွား၏။

“ကိုကြီးဖိုးကျော်က ဒီမှာလေ မမရဲ့”

တာရာ့အသံကို ကြားလိုက်ရသည်။

“ကိုကြီးက မမတို့ကို အပေါ်ထပ်ခေါ်ခဲ့ပါဆိုလို့”

သွားပြီ။ ဒုက္ခ။ အဲဒီအတိုင်း မဖြစ်ပါစေနဲ့ဟု ဆုတောင်း လိုက်သည်။

တံခါးဝသို့ လှမ်းကြည့်ဖို့ မဝံ့မရဲ။ တွေ့ရမည့်မြင်ကွင်းကို ကျွန်တော် သိနေသည်။





တံခါးမှာ ဟာလာဟင်းလင်း ပွင့်နေ၏။ ရတနာတို့မှာ အတွင်းခံအဝတ်အစားသာပါသော ကျွန်တော့်ကို ငေးကြည့်နေ ကြသည်။

ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်တော့ ကျွန်တော့်အဖြစ်က ထင်တာထက်တောင် ပိုဆိုးနေသေးသည်။

သူတို့အားလုံး မတ်တတ်ရပ်ငေးရင်း တဟားဟားရယ်ကြ တော့သည်။

တာရာက အဆိုးဆုံး၊ သူမ ရယ်နေပုံမှာ ပုပ်သိုးနေသော ခွေးသေသေးလေးနှင့် တူလေသည်။

ယခုအဖြစ်သည် အဆိုးရွားဆုံးမဟုတ်သေး။ ရှိသေးသည်။

☼ ☼ ☼

ဒီအဖြစ်ဆိုး မဖြစ်မီ နှစ်ရက်အလိုက ဖြစ်သည်။

ကျောင်းဆင်းချိန်တွင် ဘောလုံးကန်ဖို့ ကျွန်တော် စောင့် နေသည်။ ကိုဖြိုး၊ နေလင်းနှင့် တခြားသူငယ်ချင်းများအပြင် အောင်ကြီးလည်း ပါ၏။

အောင်ကြီးက ဘောလုံးကစားရာတွင် ဘော်လည်းတော် သည်။ လူကလည်း ထွားသည်။ အကြမ်းလည်းခံနိုင်သည်။ သူ့အရပ်မှာ ကျွန်တော့်အရပ်ထက် နှစ်ဆမျှ ပိုမြင့်၏။ ဘောလုံး ကစားခြင်းကိုလည်း အတော်ကြိုက်သည်။ မနက်ချက်စတာ ယူနီ...



www.burmeseclassic.com

www.burmeseclassic.com



ဟက်အသင်းမှာ သူ့အကြိုက်ဆုံး အသင်းဖြစ်ပြီး ကျောင်းလာတိုင်း သရဲနီတံဆိပ်ပါသော မန်ယူအသင်းဦးထုပ်ကို အမြဲဆောင်းလာလေ့ရှိသည်။

ကျွန်တော်တို့ ဘောလုံးကန်နေစဉ် တာရာ့ကို ဘောစည်းနားတွင် တွေ့လိုက်ရသည်။ အင်္ကျီများနှင့် ကျောပိုးအိတ်များ စုပုံထားရာဘက်တွင်ဖြစ်သည်။

ကျွန်တော့်စိတ်ထဲတွင် လေးလံနေ၏။ အနီးတစ်ဝိုက်တွင် တာရာ့ကို တွေ့လိုက်ရတိုင်း ယခုကဲ့သို့ ခံစားရမြဲဖြစ်သည်။

တာရာ ဘာလာလုပ်တာလဲ။

သူမ၏ ဆရာမနှင့် လွဲသွား၍ အိမ်ကို လမ်းလျှောက်ပြန်ဖို့ ကျွန်တော့်ကို စောင့်နေတာပဲဖြစ်မည်။

တာရာက ကျွန်တော့်ကို စိတ်ရှုပ်အောင် လုပ်နေတာဟုလည်း တွေးမိသည်။

ဒီလိုလုပ်ခွင့် မပေးနဲ့။

ဒီအစုတ်ပလုက် ညီမအကြောင်း မစဉ်းစားနဲ့။

ကစားပွဲမှာပဲ အာရုံစိုက်ထား။

ကျွန်တော့်စိတ်ထဲတွင် ပေါ့ပါးသွား၏။

ဘောလုံးပွဲပြီးသောအခါ ကျွန်တော်တို့ဘက်က နိုင်သည်။ အောင်ကြီးတစ်ယောက်တည်းက နှစ်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်လေ





သည်။

တစ်ဖွဲ့လုံး ကျောပိုးအိတ်များ စုပုံထားရာဘက်သို့ မြူးထူးစွာ ပြေးသွားကြ၏။ တာရာကား မရှိတော့ပြီ။

ကောင်းတယ်ဟု တွေးလိုက်မိသည်။

ကျွန်တော်မပါပဲ တစ်ယောက်တည်း အိမ်ပြန်သွားတာပဲဖြစ်မည်။

ကျွန်တော်က ကျောပိုးအိတ်ကို ပခုံးပေါ်သို့ ကောက်လွယ်လိုက်ပြီး...

"ဟေ့ကောင်တွေ၊ နောက်နေ့မှ တွေ့ကြမယ်"

ထိုစဉ် အောင်ကြီးအသံက ဘောလုံးကွင်းတစ်ခုလုံး ဟိန်းသွား၏။

"ဘယ်သူမှ မသွားနဲ့"

ကျွန်တော်တို့အားလုံး ကြောင်ပြီးရပ်သွားသည်။

"ငါ့ဦးထုပ် ဘယ်မှာလဲ၊ ငါ့ဦးထုပ် ပျောက်နေတယ်"

ကျွန်တော် ပခုံးတစ်ချက်တွန့်လိုက်သည်။ သူ့ဦးထုပ် ဘယ်သည့်နေရာရောက်နေ ကျွန်တော်မသိပါ။

"ငါ့ဦးထုပ်ကို တစ်ယောက်ယောက် ယူထားတာ သေချာတယ်၊ ရှာလို့မတွေ့မချင်း ဘယ်သူမှ မပြန်နဲ့"

အောင်ကြီးက ထပ်ပြောနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဇော်ဇော် ကျောပိုးအိတ်ကို ဖမ်းဆွဲလိုက်ပြီး ရှာဖွေစစ်ဆေးနေလေတော့သည်။ ထိုဦးထုပ်ကို ဇော်ဇော် အသည်းအသန် လိုချင်နေမှန်း အားလုံးသိကြသည်။

ထိုစဉ် နေလင်းက ကျွန်တော့်ကို လက်ညှိုးထိုး၍–

“ဟော့ကောင် ကျော်ဇင်ဝင်း၊ မင်းအိတ်ထဲက အနီရောင်လေးက ဘာလဲ”

ဟု အော်မေးလိုက်သည်။

“ငါ့အိတ်…”

ကျွန်တော့်မှာ အူကြောင်ကြောင်နှင့်…

သားအိတ်ဇစ် ပွင့်ဟပြီး ထွက်ကျနေသော အနီရောင် တစွန်းတစကို တွေ့လိုက်ရသည်။

ကျွန်တော် အတော်ပင် တုန်လှုပ်နေပေပြီ။

အောင်ကြီးက ကျွန်တော့်ဆီ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာပြီး အိတ်ထဲမှဦးထုပ်ကို ဆွဲထုတ်လိုက်သည်။ ကျွန်တော်က အထစ်ထစ်အငေါ့ငေါ့ဖြင့်…

“ဒီထဲ ဘယ်လိုရောက်နေတာလဲဆိုတာ ငါ မသိဘူး။ ငါကျိန်ရဲ…ရဲ”

အောင်ကြီးသည် တောင်းပန်စကားကို ဆုံးအောင်မစောင့်။ ဘယ်သောအခါမျှလည်း နားထောင်လေ့မရှိပါ။





ကြယ်ရောလရော စုံအောင်မြင်လိုက်ရ၏။

အောင်ကြီးက ကျွန်တော့်ကို တွန်းထုတ်လိုက်ချိန်တွင် အတော်လေး ဖရိုဖရဲဖြစ်နေပေသည်။

ကိုဖြိုးနှင့် ဇော်ဇော်က ကျွန်တော့်ကို အိမ်အထိရောက်အောင် ပြန်ပို့ပေးကြသည်။ အညိုအမည်းစွဲနေသည့် ကျွန်တော့်မျက်လုံးများကို မေမေ သတိမထားမိ၍သာ တော်သေးသည်။

ရေချိုးခန်းထဲတွင် ကိုယ်လက်သန့်စင်ရင်း တာရာ့အရိပ်ကို မှန်ထဲတွင် ဖျတ်ခနဲ မြင်လိုက်၏။

သွား သုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ပြုံးပြနေသော တာရာ့မျက်နှာကြောင့် ကျွန်တော်က…

“နင် နင် အောင်ကြီးရဲ့ဦးထုပ်ကို ငါ့အိတ်ထဲထည့်ခဲ့တယ် မဟုတ်လား”

တာရာကတော့ ပြုံးဖြီးဖြီးလုပ်နေဆဲ။

ဒင်းလက်ချက် သေချာပြီ။

“ဘာဖြစ်လို့လဲ၊ ဘာလို့ အဲလိုလုပ်ရတာလဲ”

ကျွန်တော့်အသံက မာကျောနေသည်။

တာရာသည် ဝခုံးတွန့်ပြပြီး ဘာမှအပြစ်မရှိသလိုပုံမျိုးနှင့်

“ဩော် အဲဒါ အောင်ကြီးဦးထုပ်လား၊ ငါက နင့်ဟာမှတ်လို့”



www.burmeseclassic.com

www.burmeseclassic.com



"ညာမနေစမ်းနဲ့၊ ငါ ဘယ်တုံးက မန်ယူဦးထုပ် ဆောင်းဖူးလို့လဲ၊ နင်သိရက်သားနဲ့ တမင်လုပ်တာ"

ကျွန်တော် ပြောရင်းဆိုရင်း ဒေါသထွက်လာသည်။ ကြည့်နေရင်း စိတ်မထိန်းနိုင်တော့ပဲ တာရာ့မျက်နှာရှိရာသို့ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သည်။

တံခါးကို ကြမ်းကြမ်းတမ်းတမ်း ပိတ်လိုက်သည်နှင့် ပြဿနာတက်တော့သည်။

※ ※ ※

ကျွန်တော့်အဖြစ်ဆိုးပုံကို ယခုလောက်ဆိုလျှင်ပင် သိလောက်ပြီ။

ဘာကြောင့် တာရာ့ကို ဒုက္ခရောက်စေချင်စိတ်တွေ ပေါ်လာရလဲဆိုတာ နားလည်လောက်ပေပြီ။

အမှန်ပင် ကျွန်တော့်နေရာတွင်ရောက်သူတိုင်း ဤသို့သာ လုပ်မိကြပေလိမ့်မည်။

◆





## အခန်း ( ၅ )

တစ်ညလုံး အခန်းအောင်းနေပြီး အသည်းအသန် အကြံထုတ်နေမိသည်။ တာရာ့ကို ဘယ်လိုချောက်ချရမလဲ။

ဘာအကြံမှ မထွက်။ မဖြစ်စလောက် အကြံဉာဏ်ပင် မရပါ။

အိမ်သို့ နာရီကြီးရောက်လာပြီးနောက် ရက်အနည်းငယ်ကြာသောအခါ ကျွန်တော့်အတွက် ဉာဏ်နီဉာဏ်နက်ကို တာရာကိုယ်တိုင် ပေးခဲ့သည်။

တာရာသည် သံစုံငှက်နာရီကြီး၏ အဝေးတွင် ကြာကြာ မနေနိုင်။ နေ့လယ်ခင်းတစ်ခုတွင် နာရီလက်တံများနှင့် ဆော့နေသော တာရာ့ကို ဖေဖေ တွေ့သွား၏။ တာရာ့ကို တအားမဆူပူပေ။ တာရာသည် ကလေးပဲဖြစ်သည်။ သို့သော် ဖေဖေက...



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုတော့ မျက်စိဒေါက်ထောက် ကြည့်မှ ဖြစ်တော့မယ်၊ ဒီနာရီနဲ့ နောက်ထပ် မဆော့နဲ့"

ကျွန်တော် စဉ်းစားမိပြီ။ တာရာသည် အပြစ်ကင်းလွန်းသည့် ကလေးတစ်ယောက် မဟုတ်မှန်း ဖေဖေ သတိထားမိပြီ။ ကျွန်တော်လည်း တာရာ့ကို ပြန်ချောက်ချဖို့ လမ်းကို ရှာတွေ့သွား၏။

အကယ်၍သာ နာရီကြီး၌ တစ်ခုခု ချွတ်ယွင်းနေခဲ့သော် တာရာ အဆူခံရမည်မှာ သေချာသည်။

ထို့ကြောင့် တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်လေသည်။

တာရာ့အနေဖြင့် ကျွန်တော့်ကိုပေးသော အကြိမ်တစ်ရာမကသည့် ဒုက္ခများအတွက် ပြန်ပေးဆပ်ရမည်။

သူမ မလုပ်သည့်အမှားအတွက် အပြစ်တင်ခံရလျှင် မည်သို့ခံစားရမည်နည်း ဟု ကျွန်တော် တွေးနေမိသည်။ တာရာ့ကို ခပ်ပါးပါးတော့ ပြန်၍ လက်စားချေရမည်။

တစ်အိမ်သားလုံး အိပ်ပျော်သွားသောအခါ အောက်ထပ်ရှိ စာဖတ်ခန်းသို့ တိတ်တဆိတ် ဆင်းလာခဲ့သည်။

အချိန်မှာ ညသန်းခေါင်တိုင်လုပြီ။

နာရီနားသို့ တရွေ့ရွေ့တိုးသွားပြီး ည ၁၂ နာရီထိုးရန် စောင့်နေလိုက်သည်။





တစ်မိနစ်အလို...

သုံးဆယ်စက္ကန့်...

ဆယ်စက္ကန့်...

ခြောက်၊ ငါး၊ လေး၊ သုံး၊ နှစ်၊ တစ်

ဗွမ်...

"ကူးကူ...ကူးကူ"

အဝါရောင်ငှက်ရုပ်ခုန်ထွက်လာသည်။ တွန်သံတစ်ဝက်တွင် ကျွန်တော်သည် ငှက်ရုပ်ကို ဖမ်းဆုပ်လိုက်သည်။ အသံမှာ ပြတ်တောင်း ပြတ်တောင်း ဖြစ်နေ၏။

ကျွန်တော်သည် ငှက်ရုပ်ခေါင်းကို တစ်ပက်လည်အောင် လှည့်လိုက်၏။ ငှက်ရုပ်မျက်နှာမှာ ကျောဘက်သို့ လှည့်နေသကဲ့သို့ ဖြစ်သွားသည်။ မြင်ရသည်မှာ အမှန်တကယ်ပင် ရယ်စရာကောင်းလှသည်။

ငှက်ရုပ်သည် ရှေ့မျက်နှာ နောက်ထားလျက်နှင့်ပင် ဆယ့်နှစ်ကြိမ် တွန်ပြီးသွားလေသည်။

ကျွန်တော့်ဘာသာ တစ်ယောက်တည်း ရယ်မိ၏။ ဤအဖြစ်ကိုသာ ဖေဖေတွေ့သွားပါက ဒုံးကျည်တစ်ခုလို ပေါက်ကွဲပေလိမ့်မည်။

ငှက်ရုပ်သည် လည်ပြန်လှည့်ရင်းနှင့်ပင် နာရီထဲသို့ ပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။

ဤပြဿနာသည် ဖေဖေ့ကို ရူးသွပ်သွားစေလောက်သည်ဟု ကျွန်တော် စိတ်ပုပ်စွာ တွေးနေမိသည်။

ဖေဖေသည် တာရာ့ကို အလွန်အမင်း ဒေါသထွက်ပေလိမ့်မည်။ ထို့နောက် မီးတောင်တစ်ခုလို ပြင်းပြင်းထန်ထန် ပေါက်ကွဲပေတော့မည်။

နောက်ဆုံးတွင် မိမိမလုပ်သည့်ကိစ္စအတွက် အဆူခံရသည့် ခံစားမှုကို တာရာ နားလည်သွားပေလိမ့်မည်။

ကျွန်တော်သည် အပေါ်ထပ်သို့ တိတ်တိတ်လေး ပြန်တက်လာခဲ့သည်။ မည်သည့်အသံမျှ မကြားရ။ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးပင် မတွေ့ချေ။

ကျွန်တော် ပျော်ရွှင်စွာဖြင့် အိပ်ရာဝင်ဖြစ်ခဲ့သည်။ ကာလုံစား ချေခွင့်ရခြင်းသည် မည်သည့်အရာနှင့်မျှ မတူအောင် ချိုမြိန်လှပေသည်။

* * *

နောက်တစ်နေ့နံနက်တွင် နေမြင့်သည်အထိ အိပ်နေမိသည်။

တာရာ့အပေါ် ဖေဖေပေါက်ကွဲနေပုံကို ကျွန်တော် မမြင်ချင်ပါ။ ထိုအဖြစ်နှင့်လည်း လွဲပါစေဟု မျှော်လင့်မိသည်။





ကျွန်တော် အောက်ထပ်သို့ ဒရောသောပါး ဆင်းလာခဲ့၏။ ထို့နောက် စာဖတ်ခန်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

တံခါးမှာ ဖွင့်လျက်တန်းလန်း။

ဘယ်သူမှမရှိ။ ပြဿနာတက်နေသော လက္ခဏာ မတွေ့ရ။

'ကောင်းတယ်' ဟု တွေးလိုက်၏။ ငါ ဘာမှမတွေ့ရတော့ဘူး။

ကျွန်တော်လည်း မီးဖိုချောင်ထဲသို့ ဝင်လာခဲ့သည်။ ဗိုက်ဆာနေပြီ။ ဖေဖေ၊ မေမေနှင့် တာရာတို့သည် စားပြီးသားပန်းကန်ပြားတို့ကို စုပုံလျက် ထမင်းစားပွဲတွင် ဝိုင်းထိုင်နေကြသည်။

ကျွန်တော့်ကိုမြင်လိုက်သည်နှင့် မျက်နှာအားလုံး ဝင်းလက်သွားကြပြီး . . .

"ဟက်ပီး ဘတ်ဒေး"

ဟု တစ်ပြိုင်တည်း အော်လိုက်ကြသည်။

သူတို့အော်သံကြောင့် ကျွန်တော် ကြောင်စီစီဖြစ်သွား၏။ ဘာတွေများ အကွက်ဆင်ဖို့ တာရာက ခြေထိုးထားပြန်ပြီလဲ။

ကိုယ့်အပြစ်ကိုယ်သာသိသောကြောင့် ဖေဖေနှင့် မျက်နှာချင်း မဆိုင်မိအောင် ရှောင်ကာ ကြောင်အိမ်ကိုဖွင့်ကြည့်ရင်း-

"ကွေကာ ရှိသေးလား မေမေ"

"ကွေကာ ဟုတ်လား၊ ဒီနေ့ ထူးထူးခြားခြား ကိတ်မုန့်



www.burmeseclassic.com

www.burmeseclassic.com



မစားချင်ဘူးလား၊ ဥပမာ ချောကလက်ကိတ်လိုမျိုးပေါ့”

ကျွန်တော်က စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကိုသာ တဖြင်းဖြင်း ကုတ်နေမိသည်။

“ကောင်းသားပဲ၊ ကိတ်မုန့်ရှိရင် စားမှာပေါ့”

ပုံမှန်မဟုတ်တာတော့ သေချာသည်။ အရင်က ကျွန်တော် အိပ်ရာထနောက်ကျသည့် မနက်တိုင်း နံနက်စာကို ကျွန်တော့် ဘာသာ ပြင်ဆင်စားသောက်ရလေ့ရှိသည်။ သို့သော် ယနေ့မနက် တွင်မူ ထူးထူးခြားခြား မုန့်များပင် လုပ်ကျွေးနေသေးသည်။

မေမေက ကြက်ဥ၊ နို့ နှင့် မုန့်နှစ်များကို ရောနယ်နေရင်း...

“သား၊ ဂိုဒေါင်ထဲမသွားနဲ့နော်၊ တခြားဘာလုပ် လုပ်၊ ဂိုဒေါင်ထဲတော့ မသွားနဲ့”

မေမေ့အမူအရာက အတော်မလုံမလဲဖြစ်နေသလိုပင်။ ကျွန်တော့်မွေးနေ့ပဲ နောက်တစ်ကြိမ်ဖြစ်နေသလိုလို၊ ဘာလိုလို။

ထူးဆန်းလိုက်တာ!

“အဲဒီထဲမှာ အမှိုက်တွေပုံထားလို့၊ အရမ်းနံတာ၊ အနံ့တွေ ဆိုးလွန်းလို့ နေမကောင်းဖြစ်မှာစိုးရတယ်”

“ဟာ မေမေကလည်း ဒီအမှိုက်ပုံကိုပဲ ဇာတ်လမ်းဆင်ပြန်ပြီ။ အဲဒါကို အရင်တစ်ခေါက်ကတည်းက သား





မယုံဘူး”

“ဘာပဲဖြစ်ဖြစ်လေ၊ သား ဂိုဒေါင်ထဲမသွားနဲ့”

ဘာလို့ မေမေက ဒီလိုပြောရတာပါလိမ့်။

ဘာလို့ ထူးထူးဆန်းဆန်းတွေ လုပ်နေရတာပါလိမ့်။

ဖေဖေကလည်း သူ့ကိုယ်သူ ပြောသလိုပြောနေ၏။

“ငါလည်း လုပ်စရာရှိတာ လုပ်ဦးမှ”

ဟား တကယ့်ကို ပျော်စရာကြီး၊ ထူးထူးဆန်းဆန်းပါလား။

ပခုံးနှစ်ဖက်ကိုသာ တွန့်လိုက်ပြီး မနက်စာကို အေးအေးဆေးဆေး စားနေလိုက်သည်။ ထို့နောက် ထမင်းစားခန်းကို ဖြတ်လာစဉ် ထမင်းစားခန်းထဲတွင် ပန်းစက္ကူများဖြင့် ပြင်ဆင်ထား၏။ ကြိုးတစ်စမှာ တိုးလိုးတန်းလန်း ပြုတ်ကျနေလေသည်။

မယုံနိုင်စရာပဲ။ တကယ့်ကို မယုံနိုင်လောက်အောင်ပါပဲ။

ဖေဖေ အခန်းထဲပြန်ဝင်လာသည်။ လက်ထဲတွင် လက်သမားသုံးပစ္စည်းသေတ္တာနှင့်။ ထို့နောက် စုတ်ပြဲကျနေသော ပန်းစက္ကူစကို ကောက်၍ တိပ်နှင့်ပြန်ကပ်လိုက်သည်။

“ဒီစက္ကူက ဘယ်လိုဖြစ်သွားရတာလဲ”

ဟု မေးနေသေး၏။

“ဖေဖေ ဒါတွေက ဘာလုပ်ဖို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"သြော် မွေးနေ့ပါတီဆိုတာ ဒီလိုပဲလုပ်ရတာပဲ။ ဒီနေ့ သားမွေးနေ့မဟုတ်လား။ မွေးနေ့လက်ဆောင် ဘာရမလဲ ဆိုတာ သိချင်လှပြီလား"

ကျွန်တော်က ဖေဖေ့ကိုသာ ပါးစပ်အဟောင်းသားနှင့် လှမ်းကြည့်နေမိသည်။

ဘာတွေဖြစ်နေကြတာလဲ။

◆





## အခန်း ( ၆ )

ဖေဖေနှင့် မေမေက ကျွန်တော့်ကို ဂိုဒေါင်ထဲ ခေါ်လာကြသည်။ တာရာလည်းပါလာသည်။ သူတို့အားလုံး လုပ်နေကြပုံက ကျွန်တော့်ကို တကယ်ပဲ မွေးနေ့လက်ဆောင် ပေးကြတော့မည့်ပုံမျိုး။

ဖေဖေက ဂိုဒေါင်တံခါးကို ဖွင့်လိုက်၏။

စက်ဘီး။

တောက်ပသစ်လွင်၍ အသစ်အတိုင်းပင် ဖြစ်သည်။ မည်သည့် ခြစ်ရာပွန်းရာမျှမရှိ။

သိပ်အံ့သြစရာကောင်းတာပဲဟု တွေးနေမိသည်။ သူတို့ တစ်နည်းနည်းဖြင့် ထိုအစင်းကြီးကို ဖျက်ပစ်တာပဲဖြစ်မည်။ ဒါမှမဟုတ် စက်ဘီးအသစ်တစ်စီး ဝယ်ခဲ့ခြင်းပဲဖြစ်မည်။ မေမေက...

"သားကြိုက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ကဲ့"

"တော်တော်မိုက်တဲ့ စက်ဘီးပဲနော်။ မေမေ၊ သမီး မွေးနေ့ကျရင်လည်း ဒါမျိုးပဲ ဝယ်ပေးနော်"

ဟု တာရာက ပူဆာနေသည်။

ထို့နောက် သူမက စက်ဘီးထိုင်ခုံပေါ်သို့ လှမ်းခနဲခုန်တက်လိုက်၏။

"ဝုန်း"

စက်ဘီး လဲကျသွားပြီး တာရာ့အပေါ်တွင် ပိနေသည်။ စက်ဘီးကို မ,၍ ရွှေ့လိုက်သည်။ ခြစ်ရာအစင်းကြီးကြီး တစ်ခု ဖြစ်သွားလေပြီ။

မေမေကတော့ တာရာ့ကို စိုးရိမ်တကြီးနှင့် မေး၏။

"သမီး၊ နာသွားလား"

ကျွန်တော် မသုံးကြည်နိုင်တော့ပါ။ ဘယ်လိုအိပ်မက်ဆိုးများပါလိမ့်။

အစ,ကနေကို တကယ်ပဲ စ,ဖြစ်နေတာပါပဲ။ ကျွန်တော့် မွေးနေ့အတိုင်း တစ်သဝေမတိမ်း ဖြစ်ပျက်နေတာ။

ဘာတွေဆက်ဖြစ်မှာလဲ။

"သား...ဘာဖြစ်လို့လဲ၊ စက်ဘီးကို မကြိုက်လို့လား"

ဟု ဖေဖေက မေး၏။





ကျွန်တော် ဘာပြောရမှန်းမသိ။ ဖျားချင်သလိုလို ဖြစ်လာသည်။ ခေါင်းထဲတွင်လည်း ရှုပ်ရှုပ်ထွေးထွေး ခံစားနေရ၏။

ကျွန်တော် အမှန်အတိုင်း သိမြင်စပြုလာပြီ။

ကျွန်တော့်ဆုတောင်း ပြည့်သွားခြင်းများ ဖြစ်နေမလား။

မွေးနေ့ဆုတောင်း...။

တာရာ ခြေထိုးခံ၍ ကိတ်မုန့်ပေါ် ကျွန်တော် လဲကျသွားပြီးနောက် အချိန်ကို နောက်ပြန်လည်၍ မွေးနေ့ကို အသစ်မှ ပြန်စ,ဖို့ ဆုတောင်းခဲ့မိသည်။

ဘာပဲဖြစ်ဖြစ် ဆုတောင်းပြည့်ဝခဲ့ပြီ။

'ဟား...တော်တော်မိုက်တာပဲ' ဟု တွေးနေမိသည်။

"အိမ်ထဲဝင်ကြစို့၊ ဧည့်သည်တွေ ရောက်လာကြတော့မယ်"

ဟု မေမေကပြောသည်။

မွေးနေ့ပွဲ...။

အို...မဖြစ်ဘူး။

ကျေးဇူးပြုပြီး မဖြစ်ပါစေနဲ့။

ဒီလို အရှက်တကွဲ ထိတ်လန့်စရာကောင်းတဲ့ မွေးနေ့ပွဲမှာ နောက်တစ်ကြိမ် ထပ်ပြီး ပါဝင်ရဦးမှာတဲ့လား။

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

အမှန်ပဲ။

ဒီလို ကြောက်လန့်စရာ အိပ်မက်ဆိုးကို နောက်တစ်ကြိမ် သေချာပေါက် ဖြတ်သန်းရဦးမည်။

ကျွန်တော့်သူငယ်ချင်းတွေပုံစံက ပထမအကြိမ်တုန်းက အတိုင်းပင် တာရာ၏ မုန်းစရာကောင်းသောအသံကို ကြားနေရ၏။

"မမ ရတနာ၊ ကိုကြီးဖိုးကျော်က မမကို တကယ် ကြွေနေတာ"

"သူက၊ ဟုတ်လား"

ရတနာ မင်းသိပြီးသားတွေပါကွာ ဟု ကျွန်တော် တွေးနေမိသည်။ လွန်ခဲ့တဲ့ လေးရက်ကပဲ တာရာ ပြောခဲ့ပြီးသားလေ။

အဲဒီနေ့က ရပ်နေတဲ့နေရာမှာတင် အခု မင်းရပ်နေတာပဲ။





ပြီးတော့ ပန်းနုရောင် အပေါ်ဝတ်အင်္ကျီလေးနဲ့။

ရတနာ၊ စီစီနှင့် မျိုးတို့အားလုံး ရှုံးသွပ်ကုန်ကြပြီ။

အလွန်အမင်း ကြောက်ရွံ့ခြင်းကို ရုတ်တရက် ခံစားလိုက်ရသည်။

ဒီလိုဆက်ဖြစ်နေလို့ လုံးဝမဖြစ်ဘူး။

မေမေက မုန့်များကို လင်ဗန်းနှင့်သယ်၍ အခန်းထဲဝင်လာသည်။ ကျွန်တော်က မေမေ့ကို လှမ်းဆွဲပြီး...

"မေမေ၊ တာရာ့ကို ဝေးဝေးမှာ ခေါ်ထားပေးပါ။ သူ့အခန်းထဲမှာ ပိတ်ထားရင်ထား၊ ဒါမှမဟုတ် ဟစ်နည်းနည်းပေါ့"

"ဟင်...ဘာဖြစ်လို့လဲ၊ ညီမလေးလည်း ပျော်ချင်ရှာမှာပေါ့"

"မေမေ၊ ကျေးဇူးပြုပြီး..."

"ဟဲ့...ဖိုးကျော်၊ သား တော်တော်ဆိုးလာပြီ၊ ညီမလေးကို ညှာရမှာပေါ့။ တာရာက ဘာလုပ်လို့လဲ၊ သူက ကလေးပဲဥစ္စာ"

မေမေ ဧည့်ခန်းထဲမှ ထွက်သွား၏။ ကျွန်တော် တာရာနှင့် သူငယ်ချင်းများသာ မတ်တတ်ရပ်ကျန်ခဲ့သည်။

မေမေလည်း မကယ်နိုင်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မတတ်နိုင်တော့။

ထို့နောက် စက်ဘီးအသစ်ကို သွားကြည့်ကြသည်။

ဖော်ဖော်က...

"ဟ...ဒီအစင်းက ဘယ်လိုဖြစ်တာလဲ"

ဟု မေး၏။

နောက်တော့ ကျွန်တော်တို့အားလုံးသည် တာရာ ဖောက်ထားပြီးသော မွေးနေ့လက်ဆောင်များရှိရာ ဧည့်ခန်းထဲသို့ ပြန်ဝင်လာကြသည်။

"ဒီမှာ မမရတနာပေးတဲ့ လက်ဆောင် ဘာလဲဆိုတာကြည့်"

ဟု တာရာက အော်လိုက်သည်။

ငါသိတယ်၊ ငါသိတယ်ဟု တွေးနေမိသည်။

စီဒီ တစ်ချပ်။ အချစ်သီချင်းများပါသည့်ခွေ။

"ဒီခွေထဲမှာ အချစ်သီချင်းတွေ ပါတယ်။ သမီးနားထောင်ဖူးတယ်"

ဟု တာရာက ဆက်ပြောနေ၏။

အားလုံး တဟားဟားနှင့် ရယ်နေကြပြန်သည်။

အရင်တစ်ခေါက်ကအတိုင်းပင် ဆိုးဆိုးရွားရွား ဖြစ်ပျက်နေသည်။





မဟုတ်ဘူး။ ပိုတောင်ဆိုးနေသေးသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့ကို ဘာဖြစ်မည်မှန်း ကြိုသိနေရပြီး တားဆီးနိုင်စွမ်းကား မရှိသောကြောင့် ဖြစ်လေသည်။

ကျွန်တော် ဘာများတတ်နိုင်ပါသနည်း။

"ဖိုးကျော်ရေ၊ သား၊ မီးဖိုထဲမှာ ကိတ်မုန့်လာယူတော့လေ"

ဒါ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတော့မယ့် စာမေးပွဲပဲဟု တွေးလိုက်မိ၏။ ကျွန်တော်က လေးတိလေးကန်ဖြင့် မီးဖိုထဲဝင်လာခဲ့သည်။

ကိတ်မုန့်ကြီးကို သယ်လာပြီ။

ဒီတစ်ခါတော့ ခြေမချော်လောက်ဘူးထင်ပါရဲ့။

တာရာကတော့ ကျွန်တော့်ကို ခြေထိုးဦးမည်။ ဒါကို ဘယ်နည်းနှင့်မျှ ခေါင်းငုံ့အရှုံးမပေးနိုင်ပေ။

ယခုအချိန်တွင် ကျွန်တော့်ကိုယ်ကျွန်တော် အရှုံးဖြစ်ခံ၍မရ။ လုံးဝမဖြစ်။

အရာအားလုံး တစ်ထပ်တည်း နောက်တစ်ကြိမ် မဖြစ်စေရဘူး။

ကျွန်တော် တတ်နိုင်ပါ့မလား...?

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

ကျွန်တော်သည် မီးဖိုချောင်အပေါက်တွင်ရပ်ရင်း ကိတ်မုန့်ကို ငေးနေမိသည်။ ထမင်းစားခန်းထဲမှ ရယ်သံများ၊ စကားပြောသံများကို ကြားနေရသည်။ တာရာလည်း ရှိနေပေသည်။

တာရာသည် ထမင်းစားခန်း၏ တံခါးအကွယ်တွင် ရပ်စောင့်နေပေလိမ့်မည်။ သူမ ခြေထောက်ကို ထိုးခံ၍ ကျွန်တော် ချော်လဲအောင်လုပ်ဖို့ စောင့်နေပေလိမ့်မည်။ ကျွန်တော် မှောက်လဲ့ပြီး အရှက်ရစေမည့်အဖြစ် အစအဆုံးပြန်ဖြစ်ဖို့ စောင့်နေပေလိမ့်မည်။

ဒီတစ်ခါတော့ နင် မရတော့ဘူးမှတ်။

လက်နှစ်ဖက်ဖြင့် ကိတ်မုန့်ကို ဂရုတစိုက် မ,လိုက်၏။ ထို့နောက် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။





ပထမအကြိမ်တုန်းကလိုပင် မေမေသည် နောက်ကလိုက်လာ၏။

ထမင်းစားခန်းအဝင်ဝတွင် ကျွန်တော် ရပ်လိုက်ပြီး တစ်ချက် ငုံ့ကြည့်လိုက်သည်။ တာရာ့ခြေထောက်ကို အရိပ်အရောင်မျှ မတွေ့ရချေ။

ဂရုတစိုက်နှင့် စေ့စေ့စပ်စပ် ထပ်ကြည့်လိုက်၏။ ထို့နောက် တံခါးပေါက်မှ အတွင်းသို့ ခြေလှမ်းလိုက်သည်။

ပထမခြေတစ်လှမ်း။

ဝေးလေ ကောင်းလေ။

နောက်တစ်လှမ်း။

ယခု ကျွန်တော် ထမင်းစားခန်းအတွင်း ရောက်နေပြီ။

ကျွန်တော် အောင်မြင်ပြီ။ နောက်ဆုံးလုပ်စရာကျန်သည်က ထမင်းစား စားပွဲပေါ် သွားတင်နိုင်ဖို့ပဲဖြစ်သည်။ ခြေလှမ်း ၅ လှမ်းစာလောက်ပါပဲ။ ကျွန်တော် စိတ်ချနိုင်ပြီ။

နောက်ထပ်ခြေတစ်လှမ်း ဆက်လှမ်း၏။ နောက်တစ်လှမ်း။

ထို့နောက် ကျွန်တော့်ခြေထောက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်သကဲ့သို့ ခံစားလိုက်ရသည်။ အရာရာတိုင်းသည် ရုပ်ရှင်ထဲက အနှေးပြကွက်လိုပင်။

တာရာသည် စားပွဲအောက်မှ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော်…လက်စသတ်တော့ သူမက ဒီမှာပုန်းနေတာကိုး။

သို့သော် သိပ်ကိုနောက်ကျသွားပြီဖြစ်သည်။

အရာရာသည် အိပ်မက်တစ်ခုလို တဖြည်းဖြည်း ရွေ့လျားနေလေသည်။

နတ်ဆိုးတစ်ကောင်၏ တခစ်ခစ် ရယ်သံကို ကြားလိုက်ရ၏။

သူမက ကျွန်တော့်ခြေထောက်ကို ယှမ်းဆွဲပြီးသား။

ဟာ…သွားပြီ ဟု သိလိုက်၏။

ဟန်ချက်ကိုကား ထိန်းမရနိုင်တော့။

ကျွန်တော် လဲကျသွားပြီး ခေါင်းကို လည်ပြန်၍ နောက်လှည့်ကြည့်လိုက်၏။

တာရာသည် စားပွဲခုံအောက်ထဲတွင် ထိုင်ရင်း ကျွန်တော့်ကို ကြည့်၍ ပြောင်ပြနေလေသည်။

သူမကို သတ်ချင်လာသည်။

ကိတ်မုန့်သည် လက်ထဲမှ လွတ်ထွက်၍ လေထဲမှာပင် မျက်နှာကို ပြန်လှည့်လိုက်သည်။

"ဖြတ်…"

အားလုံး အသက်မရှူတမ်း တဟားဟားရယ်နေကြလေသည်။





ကျွန်တော် ကိုယ်ကို ပြန်ထိန်းလိုက်ပြီး မျက်နှာပေါ်မှ ချော့ဖတ်ဖတ်အရာတွေကို လက်ဖြင့်သုတ်လိုက်၏။

ရတနာသည် စားပွဲပေါ်သို့ ကိုယ်ကိုကိုင်း၍ လူတကာထက် ပိုရယ်နေလေသည်။

ဒုတိယအကြိမ်တွင် ပထမအကြိမ်တုန်းကထက် ပို၍ အရှက်ရမိသည်။

ကြမ်းပြင်ပေါ်တွင် ထိုင်နေရင်း ကိတ်မုန့်များ ပေရေနေသော ကျွန်တော့်မျက်နှာမှာ မည်မျှအသုံးမကျသည့် ရုပ်ပေါက်နေမည်လဲဟု တွေးနေမိသည်။

ဘာကြောင့်များ ဒီဆုကို တောင်းမိပါလိမ့်?

နောက် ဘယ်တော့မှ ဘာကိုမှ ထပ်ဖြစ်ပျက်ဖို့ ဆုမတောင်းတော့ဘူး။

ကျွန်တော် ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးလျှင် ဟောဒီအရှက်တကွဲ အဖြစ်အပျက်တွေအားလုံးကို မေ့ပစ်ရန် ကြိုးစားရပေမည်။ ညအိပ်ရာဝင်ပြီးလျှင် အရာရာ ပြီးဆုံးသွားပေလိမ့်မည်ဟု တွေးနေမိသည်။

ကျွန်တော်က မီးခလုတ်ကိုပိတ်ပြီး ခန်းဆီးလိုက်ကာကို ဆွဲချလိုက်၏။

ပြီးသွားမှာပါဟု ထပ်ပြီး ရေရွတ်မိသည်။ ကျွန်တော် အိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ နံနက်မိုးလင်းလျှင် အရာရာသည် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပေလိမ့်မည်။

ကျွန်တော့်မျက်လုံးများကို မှိတ်လိုက်ပြီး အိပ်ပျော်သွားပါတော့သည်။ သို့သော် တစ်ညလုံးနီးပါး ကြောက်စရာမွေးနေ့ပွဲကိုသာ အိပ်မက် မက်နေမိသည်။

အိပ်မက်ဆိုးဆန်သည့်ပွဲသည် အမှန်တကယ် အိပ်မက်ဆိုး ဖြစ်နေသည်။

အိပ်မက်ထဲတွင် တာရာက ကျွန်တော် ရတနာ့ကို ကြိုက်နေသည့်အကြောင်း ပြောပြနေသည်။ ရတနာ့မျက်နှာသည် ကြောက်စရာကောင်းလောက်အောင် ကြီးလာပြီး ရယ်ပြီးရင်း ရယ်နေလေတော့သည်။ စီစီ၊ မျိုးနှင့် ကျွန်သူငယ်ချင်းများကလည်း ကျွန်တော့်ကိုပင် ဟားနေကြသည်။

ကျွန်တော်ကလည်း ထပ်ခါတလဲလဲ ချော်ပြီး ကိတ်မုန့်ပေါ်သို့ ကြိမ်ဖန်များစွာ လဲကျနေလေသည်။

ကျွန်တော့်ခေါင်းကို မော့၍ ချာခနဲလှည့်ထွက်ခဲ့၏။ အိပ်မက်များသည် တစ်ခုထက်တစ်ခု ပိုကြောက်စရာကောင်းလာသည်။

သူငယ်ချင်းများသည် ကြောက်စရာ မကောင်းဆိုးဝါးကောင်များအဖြစ် ပြောင်းသွား၏။ ၎င်းတို့အထဲတွင် တာရာသည် ကြောက်စရာအကောင်းဆုံးဖြစ်သည်။ သူမ၏ပုံရိပ်သည် မှုန်





ဝါးဝါး ဖြစ်လာပြီး တစ်စစ ပြယ်လွင့်ရင်းနှင့် ရယ်ပြီးရင်း ရယ်နေလေသည်။

ထစမ်း...!

ကျွန်တော် ကိုယ့်ကိုယ်ကို ပြောလိုက်၏။

နိုးပါတော့...။

အိပ်မက်ဆိုးလောကမှ ကျွန်တော့်ကိုယ်ကျွန်တော် ဒရွတ်ဆွဲထုတ်ရ၏။ အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်ရင်း ချွေးများနှင့် အားစက်နေလေသည်။

အခန်းထဲတွင် မှောင်နေတုန်းပင် ဖြစ်သည်။ ကျွန်တော်သည် နာရီကို တစ်ချက်လှမ်းကြည့်လိုက်၏။

မနက် ၃ နာရီ။

ကျွန်တော် အိပ်မရတော့။ တွေးရင်း အားငယ်လာသည်။ လုက ဆောက်တည်ရာမဲ့လာ၏။

ဖေဖေနှင့် မေမေ့ကို ဖြစ်သမျှအကြောင်းစုံ ပြောပြရမည်။ သူတို့အနေဖြင့် တစ်ခုခု ကူညီနိုင်ပေလိမ့်မည်။

ဒါမှမဟုတ် ကျွန်တော့်ကို နှစ်သိမ့်ပေးနိုင်လိမ့်မည်။

အိပ်ရာပေါ်မှ ခုန်ဆင်းပြီး မှောင်မှောင်မည်းမည်း အခန်းထဲသို့သွား၏။ အခန်းတံခါးမှာ အနည်းငယ် ဟ,နေလေသည်။

ကျွန်တော်က တံခါးကို အသာတွန်း၍ ဝင်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ၊ ဖေဖေ၊ ထပါဦး"

ဖေဖေသည် တစ်ချက် တွန့်ခနဲဖြစ်သွားပြီး "ဟေ"ဟု အိပ်ချင်မူးတူးနှင့် ထူး၏။

ကျွန်တော်က မေမေ့ပခုံးကို ကိုင်လှုပ်ရင်း

"မေမေ၊ မေမေ"

ဟု ခေါ်နေမိသည်။

မေမေက ဇဝေဇဝါနှင့် "ဘာလဲ"ဟု တိုးတိုးမေး၏။ ထို့နောက် အိပ်ရာထဲတွင် ထ,ထိုင်ပြီး စားပွဲတင်နာရီကို လှမ်းယူလိုက်သည်။

နာရီ၏ မှုန်ဝါးဝါးအလင်းပြာအောက်တွင် အချိန်ကို ပြူးပြဲကြည့်နေသော သူမမျက်လုံးများကို မြင်နေရလေသည်။ မေမေက…

"မနက် ၃ နာရီပဲရှိသေးတဲ့ဥစ္စာ"

ဖေဖေက ရှူးရှူးရှဲရှဲနှင့် ရုတ်တရက် ထ,လာသည်။

"ဟာ…ဘာတွေလဲကွာ"

"မေမေ၊ သားပြောတာ နားထောင်ပါဦး

ဟု တိုးတိုးလေးပြောလိုက်၏။

"ဒီနေ့ ကြောက်စရာကောင်းတဲ့ကိစ္စတစ်ခု ဖြစ်သွားမယ်။ မေမေ သတိမထားမိဘူးလား"





"ဟင်…ဘာဖြစ်တာလဲ"

"သားမွေးနေ့၊ တာရာ ပြောင်းဆန်အောင်လုပ်လိုက်တဲ့ သားမွေးနေ့လေ။ အစကနေ ပြန်ဖြစ်ဖို့ သား ဆုတောင်းလိုက်မိတယ်။ အဲဒီဆုတောင်း တကယ်ဖြစ်လာမယ်လို့မှ မထင်ပဲ။ ဒီနေ့တော့ သားမွေးနေ့ပဲ ပြန်ရောက်နေရော။ အားလုံး ကွက်တိပဲ ပြန်ဖြစ်တယ်။ တကယ် ကြောက်စရာကြီး"

မေမေက မျက်လုံးများကို ပွတ်နေပြီး…

"လုပ်ပြန်ပြီ ဖိုးကျော်ရာ၊ ပေါက်ကရတွေ"

မေမေက ချော့မော့ပြီး ပြန်အိပ်ခိုင်းနေ၏။

"ပြန်အိပ်တော့ သား၊ အိပ်မက်ဆိုး မက်တာပါ"

"မဟုတ်ဘူးမေမေ၊ အဲဒါ အိပ်မက် မဟုတ်ဘူး။ တကယ်ဖြစ်ခဲ့တာ။ သားမွေးနေ့ နှစ်ကြိမ်တောင်၊ နှစ်ခါစလုံး မေမေတို့ရှိနေတာပဲ။ မသိဘူးလား"

"ဖိုးကျော် နားထောင်စမ်း"

မေမေ စိတ်တိုစပြုနေပြီ။

"သားမွေးနေ့အတွက် စိတ်လှုပ်ရှားနေမယ်ဆိုတာ မေမေသိပါတယ်၊ မွေးနေ့ရောက်ဖို့က (၂)ရက်လိုသေးတယ် သားရဲ့၊ နောက် နှစ်ရက်ဆို သားမွေးနေ့ရောက်မှာပဲကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွား သွား…အိပ်ရာထဲပြန်ဝင်ပြီး အိပ်တော့”

ထို့နောက် ကျွန်တော့်ကိုနမ်း၍ နှုတ်ဆက်၏။

“မွေးနေ့ရောက်ဖို့ (၂)ရက်တည်းပါကွယ်၊ ကိုင်း… အိပ်မက်လှလှမက်ပါစေ”

◆





## အခန်း ( ၉ )

ကျွန်တော် ယိုင်တီယိုင်နဲ့ဖြင့် အိပ်ရာဆီသို့ ပြန်လာသည်။ ခေါင်းတစ်ခုလုံးမှာလည်း ချာချာလည်နေသည်။

မွေးနေ့ရောက်ဖို့ (၂)ရက်လိုသေးသည် ဆိုပါလား။

ကျွန်တော့်မွေးနေ့ကို နှစ်ကြိမ်လုပ်ခဲ့ရတယ်ဆိုတာ မဟုတ်ဘူးလား။

စာကြည့်မီးအိမ်ကို ဖွင့်လိုက်ပြီး လက်တွင်ပတ်ထားသော နာရီမှ နေ့စွဲကို ငေးကြည့်နေမိသည်။

ဖေဖော်ဝါရီ (၃)ရက်။

မွေးနေ့က ဖေဖော်ဝါရီ (၅)ရက်။ မွေးနေ့ရောက်ဖို့ (၂)ရက် လိုသေးသည်။

ဒါ အမှန်ပဲလား၊ အချိန်ဟာ တကယ်ပဲ နောက်ပြန်လည်နေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး။ ကျွန်တော် ရူးနေတာပဲဖြစ်မှာပါ။

ခေါင်းကို ခပ်ကြမ်းကြမ်းခါပစ်လိုက်၏။ ကျွန်တော်သည် ကစ်ခါတစ်ရံ ကိုယ့်ကိုယ်ကို သိပ်မယုံကြည်တတ်ပါ။ နောက်ပြန်သွားနေသောအချိန်။ ကျွန်တော့်စိတ်ကူးကို ကျွန်တော် ပြန်ရယ်မိသည်။

လုံးဝမဖြစ်နိုင်သည့်ကိစ္စပဲဟု တွေးလိုက်မိသည်။ ကိုယ့်စိတ်ကိုယ် ထိန်းစမ်းပါကွာဟုလည်း ကိုယ့်ကိုယ်ကို အားပေးမိသည်။

ကျွန်တော်လုပ်ရမည့်အလုပ်မှာ ကျွန်တော့်မွေးနေ့ကို ပြီးဆုံးအောင် နောက်တစ်ကြိမ် ထပ်မံကျင်းပဖို့ပဲဖြစ်သည်။

(၁၅)နှစ်ပြည့် မွေးနေ့ကို ကျွန်တော့်တစ်သက်တာလုံး ထပ်ခါတလဲလဲ ကျင်းပလိုစိတ်တော့ မရှိပါ။

သို့သော် အဖြစ်အပျက်တွေက ဆက်ဖြစ်နေပါပြီ။

ဒီနေ့က ဘာလို့ မွေးနေ့အကြို (၂)ရက် ပြန်ဖြစ်နေရတာလဲ?

ဘာကြောင့်များ မွေးနေ့မတိုင်မီည မဟုတ်ရတာလဲ?

အချိန်သည် အမှန်တကယ်ပဲ နောက်ပြန်သွားနေခြင်း ဖြစ်နိုင်သည်ဟု တွေးလိုက်မိပြန်သည်။ ကျွန်တော့်ဆုတောင်းကြောင့်တော့ ဟုတ်ချင်မှ ဟုတ်ပေမည်။

သို့သော် ယခု အဖြစ်အပျက်တို့သည် ကျွန်တော့်တွင်မှ





အဘယ်ကြောင့် ဖြစ်ပျက်နေရပါသနည်း။

ကျွန်တော် အသေအလဲ စဉ်းစားမိပြန်သည်။

နာရီ။ ဖေဖေ့ သံစုံနာရီ။

ကျွန်တော်သည် နာရီမှ ငှက်ရုပ်၏ခေါင်းကို နောက်ပြန်လှည့်ခဲ့သည်။ ထို့နောက် အိပ်ရာဝင်ခဲ့သည်။ ကျွန်တော် အိပ်ရာနိုးလာသောအခါ အချိန်မှာ နောက်ပြန်လှည့်နေပြီ။

ဒီအတိုင်းပဲဖြစ်ရမည်။ ကျွန်တော်လုပ်ခဲ့သမျှ ဒီလောက်ပဲဖြစ်သည်။

ဖေဖေ့နာရီကြီးသည် တကယ်ပဲ မှော်ဝင်ပစ္စည်း ဖြစ်နေသည်လား။

ဒီငှက်စုတ်ရဲ့ခေါင်းကို နောက်ပြန်မလှည့်ဖြစ်ခဲ့ရင် အကောင်းသားဟု တွေးနေမိသည်။ အမှန်က တာရာ့ကို ချောက်ချဖို့အတွက်သာဖြစ်ပြီး အဆုံးမှာတော့ ကျွန်တော်သာ ကြောက်စရာပြဿနာနှင့် ကြုံနေရသည်။

အကယ်၍သာ ဤအတိုင်းဖြစ်နေခဲ့လျှင် ဖြေရှင်းရန်မှာ လွယ်လွယ်လေးဖြစ်သည်။

အောက်ထပ်သို့ဆင်းသွားပြီး နာရီမှ ငှက်ရုပ်၏ခေါင်းကို ပြန်လှည့်လိုက်ဖို့ပဲဖြစ်သည်။

ကျွန်တော်သည် အသံလုံအောင် ခြေဖွဖွနင်း၍ အခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဖေဖေနှင့် မေမေတို့ ပြန်၍ အိပ်မောကျနေလောက်ပြီ။ သို့သော် သူတို့ကို နိုးသွားအောင် မလုပ်မိဖို့တော့ လိုသည်။

အထူးသဖြင့် ဖေဖေ...။ ကျွန်တော့်ကို သူ့အဖိုးတန်နာရီနှား ရစ်သီရစ်သီလုပ်နေတုန်း မမိသွားဖို့ပဲဖြစ်သည်။

ကျွန်တော့်ခြေထောက်များက အေးစက်မာကျောသော ကြမ်းပြင်နှင့် ထိသွားသည်။ နားနေခန်းထဲသို့ တိတ်တိတ်လေး ဝင်လိုက်၏။ မီးခလုတ်ကို ဖွင့်လိုက်သည်။

တစ်ခန်းလုံးကို လှည့်ပတ်ကြည့်မိ၏။

ဟင်...သံစုံငှက်နာရီကြီး မရှိတော့ဘူး...။

◆





## အခန်း ( ၁၀ )

"သွားပြီ..."

ကျွန်တော် ထ,အော်မိ၏။

နာရီကြီး သူခိုး ခိုးခံရပြီ။

နာရီကြီးသာမရှိတော့လျှင် အားလုံး ဘယ်လိုပြုပြင်ရမလဲ? ငှက်ခေါင်းကို ဘယ်လိုပြန်လှည့်ရမလဲ။ ဘဝကို ဘယ်လို ရှေ့ဆက်ရမလဲ။

အပေါ်ထပ်သို့ ဝရန်းသုန်းကား ပြေးတက်သွားလိုက်သည်။

"ဖေဖေ၊ မေမေ"

သူတို့အခန်းထဲသို့ တစ်ဟုန်ထိုးပြေးဝင်သွားပြီး နှောက်တစ်ခေါက် ထပ်နှိုးလိုက်၏။

"ဖိုးကျော်၊ ဘာဖြစ်လာပြန်ပြီလဲ၊ ညကြီးသန်းခေါင်တစ်ရေးအိပ်ပျော်ဖို့တောင် မနည်းအိပ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသံက စိတ်ဆိုးသံပါနေသည်။

သူတို့ ဒေါသထွက်လည်း ထွက်ပါစေတော့ ဟု တွေးနေမိသည်။ အရေးကြီးသည်မဟုတ်လား။

"သံစုံငှက်နာရီကြီးလေ၊ မရှိတော့ဘူး"

ဖေဖေက တစ်ချက်လိုမ့်လိုက်ပြီး...

"ဟမ်...ဘာ"

"ဖိုးကျော်၊ သား အိပ်မက်ဆိုးတွေ ထပ်မက်နေတာပါကွယ်"

ဟုသာ မေမေကပြောသည်။

"မေမေ၊ သား အိပ်မက်မက်နေတာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတာ၊ အောက်ထပ်ဆင်းပြီး ကိုယ့်ဘာသာ သွားကြည့်ပါဦး၊ နာရီကြီး အခန်းထဲမှာ မရှိတော့ဘူး"

"ဖိုးကျော်၊ ဒီမှာ နားထောင်စမ်း၊ အဲဒါ အိပ်မက်မက်နေတာ၊ မေမေတို့မှာ သံစုံနာရီမှ မရှိတာ။ ဘယ်တုန်းကမှ မဝယ်ဖူးဘူး"

မေမေ့အသံက မာကျောစပြုလာသည်။

ကျွန်တော့်မှာ နောက်ပြန်လဲကျမတတ် ဖြစ်သွား၏။

"အိပ်မက် မက်နေတာပါ သားရယ်၊ အိပ်မက်ဆိုးပါ"

"ဒါပေမဲ့ ဖေဖေ ဝယ်ခဲ့..."





ကျွန်တော် ဆက်မပြောဖြစ်။ အခုတော့ ကျွန်တော်နားလည်ပါပြီ။

ယနေ့ရက်စွဲမှာ ဖေဖော်ဝါရီ (၃)ရက်ဖြစ်သည်။ ကျွန်တော့်မွေးနေ့မရောက်မီ (၂)ရက်အလိုဖြစ်ပြီး နာရီမဝယ်မီ (၅)ရက်ဖြစ်သည်။

ကျွန်တော်တို့မှာ ပြောင်းပြန်လည်နေသော အချိန်နှင့် ခရီးသွားနေကြရသည်။ ဖေဖေသည်ပင် နာရီမဝယ်ရသေးပေ။

ကျွန်တော် နေမကောင်းချင်သလိုပင် ဖြစ်လာ၏။

မေမေက...

"သားနေကောင်းရဲ့လား"

ဟု မေးရင်း အိပ်ရာပေါ်မှ ဆင်းလာပြီး ကျွန်တော့်နဖူးကို လက်နှင့်စမ်းကြည့်သည်။

"ကိုယ်နည်းနည်း နွေးနေသလိုပဲ"

မေမေ အနည်းငယ် ချိုသာပျော့ပျောင်းလာပြီး ကျွန်တော် နေမကောင်း၍ဟု ထင်နေသည်။

"သား၊ ဖျားနေပြီထင်တယ်။ ဒါကြောင့် တစ်ညလုံး အိပ်မက်ဆိုးတွေမက်ပြီး ကယောင်ချောက်ချား ဖြစ်နေတာ"

ဖေဖေက အိပ်ချင်မူးတူးနှင့် ဝင်ပြော၏။

"ဘာ...ဖျားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကြည့်လုပ်လိုက်ပါ့မယ်၊ ရှင် ပြန်အိပ်တော့"

ဟု မေမေက တိုးတိုးလေးပြော၏။

ထို့နောက် မေမေက ကျွန်တော့်ကို အိပ်ရာထဲထိ လိုက်ပို့ပေး၏။ သူမသည် ကျွန်တော်နေမကောင်းဖြစ်ပြီဟုသာ ထင်နေလေသည်။

သို့သော် အဖြစ်မှန်ကို ကျွန်တော်ပဲသိသည်။

ကျွန်တော်သည် အချိန်ကို နောက်ပြန်လည်အောင် လုပ်ခဲ့၏။ ယခုတော့ နာရီကြီးလည်း မရှိတော့ပေ။

ကျွန်တော် ဘာလုပ်ရမည်နည်း။

❊ ❊ ❊

နောက်တစ်နေ့ မနက်တွင် ကျွန်တော် မီးဖိုချောင်ထဲ ရောက်သွားသောအခါ ဖေဖေ၊ မေမေ နှင့် တာရာတို့မှာ စားသောက်၍ ပြီးစီးနေကြလေပြီ။

"ဖိုးကျော်၊ မြန်မြန်လုပ်၊ နောက်ကျတော့မယ်"

ဟု ဖေဖေက လှမ်းပြောသည်။

ဤအချိန်မျိုးတွင် ကျောင်းနောက်ကျသည့်ကိစ္စသည် ဘာမျှ အရေးမကြီးပေ။

"ဖေဖေ တစ်စက္ကန့်လောက် ထိုင်ပါဦး"

ကျွန်တော် တောင်းပန်လိုက်၏။





"ခဏလေးပါ ဖေဖေရယ်၊ အရေးကြီးလို့ပါ"

ဖေဖေက စိတ်မရှည်စွာဖြင့် ထမင်းစားထိုင်ခုံအစွန်းတွင် ဝင်ထိုင်လိုက်ပြီး...

"သားရယ်၊ ဘာဖြစ်ပြန်တာလဲ"

"မေမေရော နားထောင်နေလား"

"အေးပါ သားရယ်"

မေမေသည် နို့ပုလင်းကို ရေခဲသေတ္တာထဲထည့်၍ စားပွဲခုံကို သုတ်နေလေသည်။

"သားစကားကိုကြားရရင် အံ့သြနေမှာပဲ"

ဟု ကျွန်တော် စ,ပြောလိုက်သည်။

"ဒါပေမဲ့ သား နောက်နေတာမဟုတ်ဘူး"

ခဏရပ်နေလိုက်၏။ ဖေဖေကလည်း စောင့်နားထောင်နေသည်။ ဖေဖေ့မျက်နှာသည် တင်းမာနေပြီး ကျွန်တော် မဟုတ်တမ်းတရား တစ်ခုခုပြောလိမ့်မည်ဟု မျှော်လင့်နေပုံရသည်။

ကျွန်တော် စိတ်မပျက်ပါ။

"ဖေဖေ၊ အချိန်ဟာ ပြောင်းပြန်လည်နေတယ်။ သားတို့ နိုးလာတဲ့ရက်တွေဟာ ပြီးခဲ့တဲ့နေ့ မရောက်ခင်က ထက် တစ်ရက် နောက်ကျကျနေတယ်"

ဖေဖေ့မျက်နှာမှာ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ သားရဲ့စိတ်ကူးလေးက ဆန်းပါတယ်။ ဒါပေမဲ့ အခု ဖေဖေ နောက်ကျနေပြီ။ ဒီည ဖေဖေ အိမ်ပြန်ရောက်မှ ဆက်ပြောပေါ့။ ဒါမှမဟုတ်လည်း စာနဲ့ရေးထားလေ။ သားသိပါတယ်။ ဖေဖေက ဂမ္ဘီရဝတ္ထုတွေ ကြိုက်တယ်ဆိုတာလေ"

"ဒါပေမဲ့ ဖေဖေ..."

"ကြောင်ကို အစာကျွေးပြီးပြီလား"

ဟု မေမေက မေးလိုက်၏။

"သမီးကျွေးလိုက်တယ် မေမေ"

"ကျေးနူးပဲသမီးရေ၊ ကဲ...အားလုံးသွားစရာရှိတာ သွားကြတော့လေ"

မေမေသည် ကျွန်တော်တို့ကို တံခါးဝသို့ တွန်းလွှတ်နေသဖြင့် ပေါင်မုန့်တစ်ချပ်ကို ယူ၍ ထွက်ခဲ့ရတော့၏။

ယခုအချိန်၌ သူတို့ နားလည်လက်ခံဖို့ မအားလောက်အောင် အလုပ်များနေကြသည့်အတွက် ကျွန်တော်လည်း ကျောင်းသို့သာ ခပ်မြန်မြန်သွားလိုက်သည်။ ဒီည ညစာစားချိန်တွင်တော့ အချိန်နည်းနည်း ပိုရပေလိမ့်မည်။

ကျောင်းတွင် ကျွန်တော့်ပြဿနာကို စဉ်းစားဖို့အချိန်ရှိမည်။ အရင်အတိုင်း ယခုတစ်ရက်ကိုလည်း ရှင်သန်နေထိုင်ရ





မည်။ ကျွန်တော် အလုပ်အားလုံးပြီးသွားပြီ။ သင်ခန်းစာတွေကလည်း ကြားဖူးပြီးသားဖြစ်သည်။ ခပ်ညံ့ညံ့ နေ့လယ်စာလည်း စားပြီးပြီ။

ထိုစဉ် သင်္ချာဆရာက အတန်းထဲသို့ ရုတ်တရက် ဝင်လာသည်။ ဘာတွေဆက်ဖြစ်မည်ကို ကျွန်တော် သိနေသည်။ ဒုတိယအကြိမ်ပဲဟု စိတ်ထဲတွင် တွေးလိုက်မိ၏။

အောင်ကြီးက ရေဆွတ်ထားသော တစ်ရှူးစက္ကူစဖြင့် ရှေ့ခုံမှ ကောင်မလေးတစ်ယောက်၏ ဦးခေါင်းကို ပေါက်လိုက်ရာ လွဲသွားပြီး ဆရာ့တိုက်ပုံအကျႌ ပန်းနောက်တည့်တည့်သို့ မှန်သွားသည်။

ဆရာ လှည့်ကြည့်တော့မည်ဟု တွေးနေမိသည်။ ဟော... လှည့်လာပြီ။

ဆရာက အောင်ကြီးကို အော်ငေါက်လိုက်သည်။

"ဟိုကောင်၊ လာ...ရုံးခန်းလိုက်ခဲ့"

※ ※ ※

ကျန်အဖြစ်အပျက်များသည် ကျွန်တော်မှတ်မိသမျှအတိုင်းပင် ဖြစ်သည်။

အရာအားလုံးသည် စိတ်ညစ်ညူးစရာကောင်းလှသည်။ ကျောင်းဆင်းလာသောအခါ စာဖတ်ခန်းထဲတွင် ရှေ့ကို

www.burmeseclassic.com



နှိပ်စက်နေသော တာရာကို တွေ့ရသည်။ တာရာသည် ကြောင်၏ နောက်ခြေထောက်နှစ်ချောင်းကို မ,၍ ရှေ့လက်များနှင့် လမ်းလျှောက်ခိုင်းနေလေသည်။

"တာရာ...ရပ်စမ်း"

ကျွန်တော် လှမ်းအော်ပြီး တာရာ့လက်ထဲမှ ကြောင်ကို လုအယူ၊ တာရာက ကြောင်ကို လွှတ်ချလိုက်၏။ ရွှေဝါက ညှောင်ခနဲအော်ကာ ကျွန်တော့်လက်ကို ကုတ်လိုက်သည်။

"အား"

ကျွန်တော် ရွှေဝါ့ကို လွှတ်ပေးလိုက်၏။ ကြောင်ကလေးက တော့ ထွက်ပြေးသွားလေသည်။

အဖြစ်အပျက်တစ်ခုလုံးကို စိတ်ထဲတွင် ဟရင်းတနီး ခံစားလိုက်ရ၏။ နာလည်း နာကျင်သည်။

"ဖိုးကျော်၊ ကြောင်ကို ဘာသွားလုပ်ပြန်ပြီလဲ"

မေမေ့အော်သံ ကြားလိုက်ရသည်။

"ဘာမှမလုပ်ပါဘူး၊ ဒီကောင်က ကျွန်တော့်ကို ကုတ်တာ"

"သွားမစနဲ့လေ၊ ဒါဆို ဘယ်ကုတ်မလဲ"

ထိုစဉ် အိမ်ရှေ့မှ လူခေါ်ခေါ်င်းလောင်းသံ မြည်လာ၏။

"ဟာ...သွားပြီ"





ရတနာ၊ စီစီ နှင့် မျိုး၊ ဖားမင်းသား...။ ပြီးတော့ အတွင်းခံ အဝတ်အစားများ။

အဲဒီအဖြစ်ဆိုးမျိုးနဲ့ ထပ်ပြီး အရှက်ကွဲမခံနိုင်တော့ပါ။

သို့သော် ကျွန်တော့်ခြေထောက်များသည် လှေကားပေါ်သို့ တက်နေကြ၏။ ကျွန်တော်က စက်ရုပ်တစ်ရုပ်ကဲ့သို့ လမ်းလျှောက်ရင်း အိပ်ခန်းထဲသို့ သွားနေလေသည်။

ဒီလို ဘာကြောင့် လုပ်နေရတာလဲဟု မိမိကိုယ်ကို ပြန့်မေးနေမိသည်။

ကျွန်တော်သည် ဖားဝတ်စုံကို ဝတ်ပေလိမ့်မည်။ ဇစ်မှာလည်း ကျပ်နေလိမ့်မည်။ တာရာက တံခါးကို လာဖွင့်ချိန်၌ ကျွန်တော့်မှာ အောက်ခံဘောင်းဘီလေးဖြင့် မိုးတိုးမတ်တတ် ဖြစ်နေပေဦးမည်။

ရတနာက ခေါင်းကိုခါယမ်း၍ ရယ်ဦးမည်။ ကျွန်တော်ကလည်း ကြမ်းပြင်ထဲသို့ နစ်ဝင်သွားချင်လောက်အောင် အရှက်ကွဲရဦးမည်။

ဒါတွေအားလုံး ဆက်ဖြစ်ဦးမည်ကို ကျွန်တော်သိသည်။

ဒါဆို ဘာလို့ ငါက လုပ်နေရတာလဲ?

ကျွန်တော့်ကိုယ်ကျွန်တော် မတားနိုင်ကော့ဘူးတဲ့လား

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

အပေါ်မတက်နဲ့ဟု ကိုယ့်ကိုယ်ကို တောင်းပန်နေမိသည်။

အိပ်ခန်းထဲကို မသွားနဲ့။

ဒါကို မလုပ်မိစေနဲ့။

ဒီအဖြစ်တွေကို ရပ်တန့်နိုင်တဲ့နည်းလမ်းတော့ရှိကိုရှိရမည်။ ကျွန်တော်သည် နောက်ပြန်လှည့်ဖို့ ကိုယ့်ကိုယ်ကို ဖိအားပေးမိ၏။ လှေကားထစ်များကို နောက်ပြန်ဆင်းလာလိုက်သည်။ သုံးထစ်မြောက် လှေကားပေါ်တွင် ထိုင်ချလိုက်၏။

တာရာက တံခါးကို ဖွင့်ပေးလိုက်ပြီးနောက် မိန်းကလေးသုံးယောက်က ကျွန်တော့်ရှေ့ ဧည့်ခန်းထဲ၌ ရပ်နေကြသည်။

အဆင်ပြေပြီဟု တွေးနေမိသည်။ ကျွန်တော် ထိန်းချုပ်လိုက်နိုင်ပြီ။ ပထမတစ်ခေါက် ဖြစ်ခဲ့သည့် အဖြစ်အပျက်များနှင့် မတူညီတော့ပါ။





"ဖိုးကျော်၊ နင့်ဝတ်စုံရော ဘယ်မှာလဲ"

ရတနာက မေးလိုက်သည်။

"အဲဒီဝတ်စုံနဲ့ ဘယ်လိုနေလဲဆိုတာ ငါကြည့်ချင်လို့"

"ဟာ...မဖြစ်ဘူး"

ဖြေရင်း လူမှာလည်း အနည်းငယ်ကျုံ့သွားသလို ခံစားလိုက်ရသည်။

"အဲဒီဝတ်စုံက မလှဘူး၊ နင်တို့မြင်ရင် လန့်သွားမှာစိုးလို့"

"လျှောက်ပြောမနေနဲ့၊ ဘာကိစ္စ ငါတို့က ဒီဖားဝတ်စုံကို ကြောက်ရမှာလဲ"

ဟု စီစီက ဝင်ပြောလိုက်၏။

"ငါတို့က အဲဒီဝတ်စုံနဲ့ပဲ ရီဟာဇယ်လုပ်ချင်တာ"

ရတနာက ထပ်ပြောပြန်သည်။

"စင်ပေါ်ရောက်မှ ဝတ်စုံကို ပထမဆုံး မြင်ဖူးရတာမျိုး မဖြစ်ချင်ဘူး။ ငါ့အတွက် ကြိုတင်ပြင်ဆင်ဖို့လိုတယ်။ ဝတ်စုံပြည့် လေ့ကျင့်မှုဖြစ်မယ်။ နင်လည်း ဝတ်ထားပေါ့"

"လာပါ ကိုကြီးရယ်"

ဟု တာရာက အိပ်ခန်းထဲသို့ အတင်းဝင်ခိုင်းလိုက်သည်။

"သူတို့ကို ဝတ်ပြလိုက်ပါ၊ ငါလည်း ကြည့်ချင်

www.burmeseclassic.com



လို့ပါ"

ကျွန်တော်သည် သူမ၏ ညစ်ကျယ်ကျယ်အကြည့်ကို ဖျတ်ခနဲ တွေ့လိုက်၏။ တာရာ့စိတ်ထဲတွင် ဘာတွေကြံစည်နေသည်ကို ကျွန်တော်သိသည်။

ကျွန်တော် ငြင်းလိုက်၏။

"ငါ ဝတ်မပြနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

ရတနာက စိတ်တိုလာသလို မေး၏။

"မဝတ်ပြနိုင်လို့"

"သူ ရှက်လို့နေမှာပေါ့"

ဟု စီစီက ဝင်ပြောသည်။

"သူ့ဟာသူ ရှက်ရမ်းရမ်းနေတာ"

တာရာက ထပ်ပြော၏။

"မဟုတ်ပါဘူး။ တကယ်က အဲဒီဝတ်စုံကြီးက တော်တော်ပူလို့ပါ၊ အဲဒါ..."

ရတနာက ကျွန်တော့်ဘက်သို့ ကိုယ်ကို ကိုင်းလာသည်။ စတော်ဘယ်ရီအနံ့လို ချိုအီအီ အနံ့တစ်မျိုး ရလိုက်သည်။ သူမ သုံးနေကျခေါင်းလျှော်ရည်နံ့ပဲ ဖြစ်မည်။

"သွားဝတ်လိုက်ပါ ဖိုးကျော်ရယ်၊ ငါ့အတွက်ဆိုရင်





ရော"

"ဟင့်အင်း..."

သူမက ခြေထောက်များကို ဆောင့်လိုက်၏။

"နင် အဲဒီဝတ်စုံ မဝတ်ရင် ငါတို့ မလေ့ကျင့်ဘူး"

ကျွန်တော် သက်ပြင်းချလိုက်သည်။ ဘယ်နည်းနှင့်မှ လွတ်လမ်းမမြင်တော့ချေ။ ရတနာသည် ကျွန်တော် ဒီဝတ်စုံမဝတ်မချင်း အလွတ်ပေးလိမ့်မည်မဟုတ်။ ကျွန်တော် စိတ်လျှော့လိုက်သည်။

"ကောင်းပြီလေ"

"ဟေး"

တာရာက ထအော်၏။ သူမကို မိုက်ကြည့် ထပ်ကြည့်လိုက်သည်။

အေးဆေးပါဟု တွေးလိုက်၏။ ဝတ်စုံကို ဝတ်မည်။ သို့သော် အောက်ခံအဝတ်အစားနှင့် ကျွန်တော့်ကို ကောင်မလေးတွေ တွေ့ခွင့်ရမည်မဟုတ်ပေ။

အဖြစ်အပျက်အားလုံးကို ကျွန်တော် ထိန်းနိုင်ပေလိမ့်မည်။

ထို့နောက် အိပ်ခန်းဆီသို့ တက်သွား၏။ ဒီတစ်ကြိမ်တော့ တံခါးသော့ကို ခတ်ထားလိုက်မည်။

ကဲ...တာရာ ငါ့ကို အရှက်ရအောင်လုပ်ဖို့ ကြိုးစားဦးလေ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေးနေမိသည်။ ဘယ်နည်းနဲ့မှ အရှက်တကွဲမဖြစ်တော့ဘူး။

တံခါးဂျက်ကို ချလိုက်၏။ လုံခြုံသွားသလို ခံစားလိုက်ရသည်။

ဂျင်းဘောင်းဘီနှင့် တီရှပ်ကို ချွတ်လိုက်၏။ ဗီရိုထဲမှ ဖားဝတ်စုံကို ဆွဲထုတ်လိုက်သည်။

ဇစ်ကိုဆွဲလိုက်သောအခါ ဇစ်မှာ ကျပ်နေ၏။ ပြီးခဲ့သည့်အခါတုန်းကအတိုင်းပင်။ ဒီတစ်ခါတော့ အဆင်ပြေမှာပါဟု ကိုယ့်ကိုယ်ကို ပြောမိသည်။ တံခါးက ပိတ်ထားတာပဲ။ လွတ်လွတ်လပ်လပ် ရှိလှသည်။

ထိုစဉ် တံခါးမှာ ဝုန်းခနဲ ပွင့်သွား၏။

ကျွန်တော့်မှာ အတွင်းခံအဝတ်အစားနှင့် အကူအညီမဲ့စွာ မိုးတိုးမတ်တတ်ကြီး ရပ်လို့။ ရတနာ၊ မျိုး နှင့် စီစီ တို့သည် ကျွန်တော့်ကို ငေးကြောင် ကြည့်နေကြသည်။ ထို့နောက် သူတို့သည် အော်ဟစ် ရယ်မောကြလေတော့သည်။

"ငါ့အခန်းတံခါးကို ပိတ်ထားတာ နင် ဘယ်လို ရအောင်ဖွင့်သလဲ"

ကျွန်တော်က တာရာ့ကို မာန်မဲလိုက်သည်။

"မပိတ်ထားပါဘူး၊ တံခါးသော့က ပျက်နေတာပဲဉစ္စာ၊



BURMESE CLASSIC .com



မမှတ်မိဘူးလား"

"မဟုတ်ဘူး၊ ဖေဖေ ပြင်ထားတာ၊ သူ ပြင်ထားပြီးသား"

ဖေဖေ ဘယ်နေ့က တံခါးပြင်တာပါလိမ့်။

ဪ...ဟုတ်ပြီ။

ဒီအဖြစ်ဆိုးနှင့် ကြုံပြီးနောက်နေ့မှဖြစ်သည်။ ထို့ကြောင့် ယခုတော့ တံခါးမှာ မပြင်ရသေးပေ။

ဒီအမှားတွေကို ပြင်ဖို့ ကျွန်တော် ဘယ်လိုလုပ်ရမလဲ?

ဒုက္ခပဲ။ ကျွန်တော်တော့ ဂြိုဟ်ဆိုးဝင်တာပဲဟု တွေးလိုက်မိ၏။

အချိန်သည် လုံးဝဆိုးရွားစွာ ပြောင်းလဲနေ၏။ ကျွန်တော့်တွင် ရပ်တန့်အောင် တားဆီးဖို့နည်းလမ်း တစ်ခုမျှမရှိပေ။

ကျွန်တော် တုန်လှုပ်စပြုလာသည်။ အမှန်တကယ် ကြောက်စရာကြီးပင်။

ဘယ်တော့ အဆုံးသတ်မှာလဲ?

ကျွန်တော် မတွေးတတ်တော့ပါ။ မိနစ်တိုင်း ကြောက်ရွံ့မှုတွေသာ တိုးတိုးလာသည်။ ထိုညတွင် ညစာကို ကြိုးစားပမ်းစားစားလိုက်ရ၏။ ၎င်းညစာမှာ အရင်က ကျွန်တော်စားဖူးပြီးသား ဖြစ်သည်။ ပထမအကြိမ်တုန်းကလည်း မကြိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မုန့်လာဥ၊ မှိုဟင်း နှင့် ဆန်လုံးညိုထမင်းဖြစ်သည်။

ထမင်းနှင့် မုန်လာဥကိုသာ ယူစားပြီး ပဲကို ဘယ်တော့မှ စားလေ့မရှိ။ ဖေဖေနှင့် မေမေ မမြင်အောင် ခင်းထားသော လက်ကိုင်ပဝါအောက်သို့ ပစ်ချလေ့ရှိသည်။

ကျွန်တော်သည် ဖေဖေ၊ မေမေ နှင့် တာရာတို့ ညစာစားနေသည်ကို စောင့်ကြည့်နေမိသည်။ တစ်စုံတစ်ရာ အမှားအယွင်းများ တွေ့လေမလား။ စားပွဲဝိုင်းတွင် ဝိုင်းထိုင်ကာ အေးအေးဆေးဆေးပင်။ နောက်ဆုံးတစ်ခေါက်ကပြောခဲ့သော စကားများကိုသာ ပြန်ပြောနေကြလေသည်။

တစ်ခုခု မှုမမှန်သည်ကို ဖေဖေနှင့် မေမေ သတိထားမိနေသည်ဟု ကျွန်တော် တွေးလိုက်မိသည်။ သူတို့ သိကို သိနေရမည်။

ဘာကြောင့် သူတို့ ဘာမှမပြောရတာလဲ?

ဖေဖေ ၏ တစ်နေ့တာ အလုပ်ခွင်အကြောင်း ပြောပြနေသည်ကို စောင့်နားထောင်နေလိုက်သည်။ ထို့နောက် ကျွန်တော် မနက်ကကိစ္စကို ပြန် အစဖော်လိုက်သည်။

ကျွန်တော် ခပ်ဖြည်းဖြည်းသာပြောဖို့ ဆုံးဖြတ်လိုက်ပြီး…

"ဖေဖေ၊ ဒီညစာကို စားဖူးပြီးသားလို့ မထင်ဘူးလား"





"ငါပြောမယ်၊ ဒီညစာဟာ ပြီးခဲ့တဲ့လက သက်သတ်လွတ်ဆိုင်မှာ စားခဲ့တဲ့ နေ့လယ်စာနဲ့ တူတယ်၊ ဟုတ်ဘူးလား"

မေမေက ဖေဖေ့ကို မကြည်သာလိုကြည့်သည်။ ထို့နောက် ကျွန်တော့်ဘက် လှည့်လာပြီး…

"ဘာပြောချင်တာလဲ ဖိုးကျော်၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစာတွေကို စားရတာ ငြီးငွေ့တယ်ပေါ့လေ"

မေမေ့အသံက မာရေကျောရေနိုင်လှသည်။ ဖေဖေက…

"အေး…ဟုတ်တယ်"

"သမီးရောပဲ"

ဟု တာရာကပါ ဝင်ပြောလေသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ဟု ကျွန်တော် ပျာပျာသလဲ ငြင်းလိုက်၏။

"ဖေဖေတို့ နားမလည်ဘူး၊ ဒီလိုအစားအစာမျိုး စားဖူးတယ်လို့ ဆိုလိုတာမဟုတ်ဘူး။ အရင်က ဒီညစာကိုပဲ စားခဲ့ဖူးတယ်လို့ ပြောတာ။ ဒီညစာကိုပဲ နှစ်ခါပြန်စားနေကြတာ"

ဖေဖေက မျက်နှာထားတင်းတင်းဖြင့်…

"ဖိုးကျော် ဗရုတ်သုတ်ခအကြောင်းတွေကို ညစာစား

www.burmeseclassic.com



ချိန်မှာ မပြောစမ်းနဲ့”

သူတို့ သဘောမပေါက်ကြသေးပေ။ ကျွန်တော့်မှာ ခေါင်းကိုသာ ခါယမ်းနေမိသည်။

“အဲဒီလိုဖြစ်နေတာ ဒီညစာတစ်ခုတည်း မဟုတ်ဘူး၊ ဒီနေ့တစ်နေ့လုံးပဲ၊ ဖေဖေ သတိမထားမိဘူးလား၊ ကျွန်တော်တို့အားလုံး ပြီးခဲ့ပြီးသား အရာတိုင်းကို ပြန်လုပ်နေကြတာ။ အချိန်ဟာ နောက်ပြန်ဆုတ်နေတယ်”

တာရာက…

“တော်စမ်းပါ၊ ပျင်းစရာကြီး၊ တခြားအကြောင်းပြောရအောင်”

“တာရာ…”

ဟု မေမေက အော်ငေါက်လိုက်သည်။

“တော်စမ်းလို့၊ ကိုယ့်အစ်ကို ကို မပြောရဘူး”

ထို့နောက် ကျွန်တော့်ဘက်လှည့်လာပြီး…

“ရုပ်ပြစာအုပ်တွေ ဖတ်ပြီး စိတ်ကူးယဉ်ပြန်ပြီလား”

ကျွန်တော် စိတ်မရှည်တော့။

“ဖေဖေတို့က ကျွန်တော်ပြောတာကို နားမထောင်ကြဘူး။ မနက်ဖြန်ဟာ မနေ့က၊ သန်ဘက်ခါဟာ တမြန်မနေ့က ဖြစ်နေတာ၊ အရာအားလုံး ပြောင်းပြန် သွားနေတာ”





ဖေဖေ နှင့် မေမေသည် တစ်ယောက်ကို တစ်ယောက် ဖျတ်ခနဲကြည့်လိုက်သည်။ တစ်ခုခုကို လျှို့ဝှက်ထားပုံမျိုးနှင့်။

သူတို့ တစ်ခုခုတော့ သိနေရမည်ဟု ကျွန်တော် ထင်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ဖေဖေက...

"သား...ဒီဂျာဗူး (De Javu)ဆိုတာ ကြားဖူးလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

"လူဟာ တစ်ခုခုနဲ့ကြုံရင် အဲဒီအဖြစ်ဟာ အရင်က ဖြစ်ဖူးတယ်လို့ ယုံကြည်တတ်တယ်။ လူတိုင်း တစ်ခါ တလေတော့ ခံစားဖူးကြတာချည်းပဲ။ ဒါ ကြောက်စရာ မဟုတ်ပါဘူး"

"သားအနေနဲ့ စိတ်လှုပ်ရှားမှာပေါ့"

ဟု မေမေက ထပ်ပြောပြနေသည်။

"သားမွေးနေ့ရောက်လာတော့မှာပဲဥစ္စာ၊ (၁၂)နှစ်ပြည့် မွေးနေ့အတွက် ကြို ရင်ခုန်နေတယ်ပေါ့လေ။ မွေးနေ့ပွဲ





နှင့် တခြားဟာတွေအတွက်လည်း စိတ်စဉ်နေပြီမဟုတ်လား"

"လုံးဝ မဟုတ်ဘူး"

"အဲဒီခံစားမှုကို ကျွန်တော်သိတယ်။ ဒါက မတူဘူး။ အခုဟာက..."

"သားမွေးနေ့ရောက်ရင် ဘာလက်ဆောင်ရမှာလဲဆိုတာ စောင့်ကြည့်ပါဦး။ သားစိတ်တွေ ထိန်းမရလောက်အောင် တကယ့်ကို အံ့သြသွားမှာ"

အဲဒီလိုမဟုတ်ဘူးဟု စိတ်ပျက်လက်ပျက် တွေးနေမိသည်။ တကယ်အံ့သြသွားစရာ မဟုတ်ပါဘူး။ ကျွန်တော့်ကို အဲဒီမွေးနေ့လက်ဆောင်ပဲ နှစ်ကြိမ်တောင် ပေးခဲ့ပြီးပြီပဲ။ အဲဒီ စက်ဘီးစုတ်ကို ဘယ်နှစ်ကြိမ်များ ထပ်ပေးနေကြဦးမှာလဲ။

"မေမေ၊ ကိုကြီး လက်ကိုင်ပဝါအောက်မှာ ပဲစေ့တွေ ဝှက်ထားပြန်ပြီ"

ဟု တာရာက ချွန်၏။

ကျွန်တော် တာရာ့မျက်နှာကို ပဲစေ့များနှင့် ပေါက်လိုက်မိ တော့သည်။

* * *

နောက်တစ်နေ့ နံနက် ကျောင်းသွားချိန်တွင် မည်သည့် နေ့ဆိုသည်ကို ကျွန်တော့်မှာ မသေချာ။ အစီအစဉ်တကျဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတော်ပင် ကြိုးစားယူရသည်။ အတန်းချိန်များ၊ နေ့လယ်စာနှင့် သူငယ်ချင်းများ၏ ပြောစကားများသည် ကျွန်တော့်အတွက် အကျွမ်းဝင်လှ၏။ သို့သော် ဖြစ်ရိုးဖြစ်စဉ်မှလွဲချော်၍ ဘာမှမဖြစ်။ အခြားကျောင်းဖွင့်ရက်တွေ အတိုင်းပင်။

ထိုနေ့က ကျောင်းဆင်းချိန်တွင် ထုံးစံအတိုင်း ဘောလုံးကန်ကြသည်။ ကစားနေစဉ်အတွင်း စိတ်တဲတွင် စနိုးစနောင့်ဖြစ်လာသည်။ စိတ်တစ်ခုလုံး လေးလံလာ၏။

ဒီကစားပွဲကို ကစားပြီးသားဟု စိတ်ထဲတွင် မှတ်မိလိုက်သည်။ ပြီးတော့ ကောင်းသောပြီးဆုံးခြင်းနှင့် အဆုံးမသတ်ပေ။

ကျွန်တော်တို့ အသင်း အနိုင်ရသည်။ ကျွန်တော်တို့အားလုံးကိုယ့်ကျောပိုးအိတ်ကိုယ် ကောက်လွယ်လိုက်ကြသည်။

ထိုစဉ်...အောင်ကြီး၏ ကြိမ်းမောင်းသံကို ကြားလိုက်ရသည်။

"ငါ့ မန်ယူအသင်း ဦးထုပ် ဘယ်ရောက်သွားပြီလဲ"

ဟာ...ဟုတ်ပြီ၊ ကျွန်တော် သတိရပြီ။

ဒါ ဘောလုံးကစားတဲ့နေ့ပဲ။ ဘယ်လိုများ ကျွန်တော် မေ့နိုင်မှာတဲ့လဲ။

ကောင်မစုတ်လေး တာရာ၊ နောက်တစ်ခေါက် ထပ်လုပ်ပြန်ပြီ။





"ငါ့ဦးထုပ် ရှာမတွေ့မချင်း ဘယ်သူမှ မသွားရဘူး"

ကျွန်တော်သည် မျက်လုံးများကို မှိတ်ထားလိုက်ပြီး ကျောပိုးအိတ်ကိုသာ ကိုင်ဆွဲထားလိုက်သည်။

ဘာတွေ ဆက်ဖြစ်လာမည်ကို ကျွန်တော် သိနေခဲ့သည်။ သူ့ဘာသူပဲ ပြီးဆုံးသွားပါလိမ့်မည်။

အောင်ကြီး၏ အထုအထောင်းခံရခြင်းသည် အတော်ပင်နာကျင်ပါသည်။ သို့သော် ထိုနာကျင်မှုသည် တာရှည်မခံပါ။

နောက်တစ်နေ့ နံနက် ကျွန်တော် အိပ်ရာမှနိုးလျှင် ကိစ္စအားလုံး ပြီးဆုံးသွားပေလိမ့်မည်။ နာကျင်မှု၊ အနာဖေး၊ အညိုအမည်းစွဲမှု အရာအားလုံးပဲဖြစ်သည်။

ဒီနေ့ဟာ ဘာနေ့များ ဖြစ်မလဲ။ တောင်ရောက် မြောက်ရောက် စဉ်းစားမိသည်။ ကျွန်တော် ဆော်ပလော် တီးမခံရမီက ရက်တစ်ရက်ပဲ ဖြစ်ရမည်။

ကျွန်တော်ကတော့ ထိုရက်ကို တတိယအကြိမ်မြောက်အဖြစ် ထပ် မနေရလောက်ဘူးဟု မျှော်လင့်နေမိသည်။

သို့သော် ဒီနေ့ ဘာတွေဖြစ်ဦးမှာလဲ။

ကျွန်တော်သည် ကျောင်းသို့ လမ်းလျှောက်သွားရင်း သဲလွန်စများကို ရှာဖွေနေခဲ့သည်။ အောင်ကြီးက ကျွန်တော့်ကို ဆွဲမထိုးမီ တစ်ရက်အလို၊ ဒါမှမဟုတ် (၂)ရက်လောက်က



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ခဲ့သည်ကို ပြန်စဉ်းစားနေမိသည်။

သချင်္ချာစာမေးပွဲ…။

ဖြစ်နိုင်သည်။ မျှော်တော့ မမျှော်လင့်ရဲ။ ဒီတစ်ကြိမ်တော့ အနည်းငယ် ပိုလွယ်ကူပေလိမ့်မည်။ ကျွန်တော်သည် မေးခွန်းပုစ္ဆာများကို ကြိုးစားစဉ်းစားလိုက်ပြီး စာမေးပွဲ ဝင်မဖြေခင် အဖြေများကို ကြည့်သွားရမည်။

ကျွန်တော် ဒီနေ့ နည်းနည်းနောက်ကျသည်။ တစ်ခုခုဆိုတာ ဒါလားဟု ကျွန်တော် တွေးနေမိသည်။ ကျွန်တော် ပြဿနာ တက်တော့မည်လား။

အတန်းပိုင်ဆရာမက အခန်းတံခါးကို ပိတ်ထားပြီး ဖြစ်သည်။ တံခါးကိုဖွင့်၍ ဝင်လိုက်၏။ တစ်ခန်းလုံး အပြည့် ရောက်နေကြပြီ။

ကျွန်တော် အတန်းထဲသို့ လမ်းလျှောက်ဝင်လာသောအခါ ဆရာမက လှမ်းမကြည့်ပါ။

အရမ်း နောက်မကျလောက်ပါဘူးဟု ထင်လိုက်သည်။

ပြဿနာမတက်လောက်ပါဘူး။

ထိုင်နေကျ နောက်ဆုံးခုံသို့ သွားသည်။ ထိုင်ခုံတန်းများ တစ်လျှောက် ကျွန်တော် ဖြတ်လျှောက်လာရင်း အခြားအတန်းသားများကို တစ်ချက် ဝေ့ကြည့်လိုက်သည်။





ကျွန်တော် အရင်က မတွေ့ဖူးသော ဆံပင်ကောက်ကောက်နှင့် ဝဝကစ်ကစ်ကလေးတစ်ယောက်ကို ငေးရင်း ဘယ်သူတွေပါလိမ့်ဟု စဉ်းစားနေမိသည်။

ထို့နောက် တစ်ခေါင်းလုံး ကျစ်ဆံမြီးကျစ်ထားပြီး နားရွက်တစ်ဖက်တည်းတွင် နားဆွဲသုံးခု ဝတ်ထားသော ခပ်ချောချော ကောင်မလေးတစ်ယောက်ကို သတိထားလိုက်မိသည်။ သူမကိုလည်း အရင်က တစ်ခါမှ မတွေ့ဖူးပါ။

တစ်ခန်းလုံးရှိ မျက်နှာများအားလုံးကို လိုက်ငေးကြည့်နေမိသည်။ တစ်ယောက်ကိုမျှ မရင်းနှီးချေ။

ဘာတွေဖြစ်နေတာလဲဟု တွေးနေမိသည်။ လည်ချောင်းထဲတွင် တစ်ဆို့ဆို့ ဖြစ်လာသလို ခံစားလိုက်ရသည်။

ကျောင်းသားအားလုံးထဲတွင် တစ်ယောက်ကိုမျှ မသိချေ။

ကျွန်တော့်အတန်း ဘယ်မှာလဲ…?

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

ဆရာမက စာရေးနေရာမှ အတန်းဘက်သို့ လှည့်လာ၏။ ထို့နောက် ကျွန်တော့်ကို ကြောင်ပြီးကြည့်နေသည်။

"ဟော့...တတိယတန်း ကျောင်းသားကလေးက ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟု ဆံပင်ကောက်ကောက်နှင့် ကလေးက အော်လိုက်သည်။

လူတိုင်း ရယ်နေကြသည်။ အဘယ်ကြောင့် ရယ်နေကြကြောင်းကို ကျွန်တော် နားမလည်နိုင်ပါ။

တတိယတန်းကျောင်းသား...။ ဘယ်သူ့ကို ပြောနေတာပါလိမ့်...။

တတိယတန်းကျောင်းသားတစ်ယောက်ကိုမျှ ကျွန်တော် မမြင်မိပါ။





"သား အတန်းမှားလာပြီ"

ဟု ဆရာမက ပြောသည်။ သူမက တံခါးကိုဖွင့်၍ အပြင်ဘက် လမ်းညွှန်

"သားတို့အတန်းက အောက်က ဒုတိယထပ်မှာ"

"ကျေးဇူးတင်ပါတယ် ဆရာမ"

သူမ ဘာဆက်ပြောနေမှန်း မသိတော့ပါ။ သို့သော် ဆရာမပြောသည့်အတိုင်း သွားဖို့ ဆုံးဖြတ်လိုက်သည်။

ဆရာမက စာသင်ခန်းတံခါးကို ပိတ်လိုက်၏။ တံခါးနောက်ကွယ်မှ ကျောင်းသားများ၏ ရယ်သံကို ကြားနေရလေသည်။

ယောကျ်ားလေးအိမ်သာရှိရာသို့ အပြေးအလွှား သွားလိုက်၏။ ကျွန်တော့်မျက်နှာကို ရေအေးအေးနှင့် သစ်ပစ်ဖို့ လိုနေပြီ။ သို့မှသာ နေသာထိုင်သာ ရှိပေလိမ့်မည်။

ရေပိုက်ခေါင်းကို ဖွင့်ချလိုက်သည်။ ထို့နောက် မှန်ထဲသို့ ခပ်မြန်မြန် တစ်ချက်ကြည့်လိုက်သည်။

မှန်သည် အရင်ကထက် အနည်းငယ် ပိုမြင့်သကဲ့သို့ ဖြစ်နေ၏။ ရေအေးအေးဖြင့် လက်များကို ဆေးပြီး မျက်နှာကို ပက်လိုက်သည်။ လက်ဆေးကန်မှာလည်း အနည်းငယ် မြင့်နေကြောင်း သတိထားလိုက်မိသည်။

ထူးဆန်းလိုက်တာ?



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းများရောက်လာသလား?

မှန်ထဲသို့ တစ်ခါထပ်ကြည့်မိသည်။ တုန်လှုပ်စရာကောင်းလှသည်။

ဒါ ကျွန်တော်တဲ့?

ကျွန်တော်သည် ငယ်ရွယ်လွန်းနေသည်။ လက်များကို ခပ်တိုတို၊ အညိုရောင် ပွယောင်းယောင်းဆံပင်များထဲသို့ ထိုးဖွလိုက်သည်။ ထိုခပ်တုံးတုံး ခေါင်းတုံးပေါက်စ ဆံပင်နှင့်ပင် တတိယတန်း တစ်နှစ်လုံး နေခဲ့ရသည်။ ကျွန်တော်သည် မယုံကြည်နိုင်စွာဖြင့် ခေါင်းကို ခါယမ်းနေမိသည်။

တတိယတန်း ကျောင်းသား ဖြစ်နေရပြန်ပြီ။

တတိယတန်းကျောင်းသား ဆံပင်၊ အဝတ်အစားနှင့်။

တတိယတန်း ကျောင်းသားအရွယ် ခန္ဓာကိုယ်နှင့်။

သို့သော် ဆယ်တန်းကျောင်းသားဦးနှောက်။

တတိယတန်းတဲ့။

အဓိပ္ပာယ်မှာ တစ်ညအတွင်း (၇)နှစ်လောက် နောက်ပြန်ဆုတ်သွားခဲ့ပြီ။

ခန္ဓာကိုယ်တစ်ခုလုံး စတင်တုန်လှုပ်လာသည်။ ကိုယ့်ကိုယ်ကို ငြိမ်သက်သွားသည့်တိုင် လက်ဆေးကန်ကို ဆုပ်ကိုင်ထားရသည်။





ရုတ်တရက် ကျွန်တော့်မှာ ကြောက်လွန်း၍ တစ်ကိုယ်လုံး ပျော့ခွေကျမတတ် ဖြစ်သွား၏။

ဖြစ်ပျက်သမျှသည် အရှိန်ပိုမြန်လာသည်။ ယခုပဲကြည့်။ တစ်ညတွင်းပင် နှစ်များစွာ ဆုံးရှုံးသွားပြီ။ မနက်ဖြန်နံနက် ကျွန်တော် အိပ်ရာနိုးလျှင် မည်သည့်အရွယ်ရောက်နေမည်နည်းဟု ကျွန်တော့်ကို ကျွန်တော် ပြန်မေးနေမိသည်။

အချိန်နောက်ပြန်လည်ခြင်းသည် မြန်သည်ထက် ပိုမြန်လာသည်။ သို့သော် ကျွန်တော့်မှာ ယခုထိ မည်သို့ ရပ်တန့်အောင် လုပ်ရမည်ကို မသိသေးချေ။

ရေပိတ်လိုက်ပြီး မျက်နှာကို တစ်သျှူးဖြင့် ခြောက်အောင်သုတ်လိုက်သည်။ ကျွန်တော့်အနေဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိလောက်အောင် ဖြစ်နေချေပြီ။ ကြောက်လွန်းသဖြင့် ဘာကိုမျှလည်း ဟုတ်တိပတ်တိ မတွေးနိုင်တော့။

တတိယတန်း စာသင်ခန်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ပထမဆုံး အတန်းထဲသို့ ပြတင်းပေါက်မှတစ်ဆင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။ အတန်းထဲတွင် ကျွန်တော့်ဆရာမဟောင်း တတိယတန်း အတန်းပိုင်ဆရာမ ရှိနေသည်။ ဆရာမ၏ ဖွေးဖွေးလှုပ်နေသော ငွေရောင်ဆံပင်များကို မြင်သည့်နေရာ၌တွေ့တွေ့ မှတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆရာမကို တွေ့လိုက်သည်နှင့် သိလိုက်၏။ အချိန်သည် အမှန်တကယ်ပဲ (၇)နှစ် နောက်ပြန်ဆုတ်သွားလေပြီ။ အဘယ်ကြောင့်ဆိုသော် ဆရာမသည် ယခုအချိန်၌ ကျောင်းတွင် မရှိသင့်တော့ပါ။ လွန်ခဲ့သော (၅)နှစ်ကပင် ဆရာမသည် အငြိမ်းစားယူသွားခဲ့ပြီဖြစ်သည်။ ကျွန်တော် ပဋ္ဌမတန်းတက်နေစဉ်က ဖြစ်သည်။

ကျွန်တော်သည် တံခါးကိုဖွင့်၍ အတန်းထဲသို့ တစ်လှမ်းချင်း ဝင်ခဲ့သည်။

ဆရာမသည် အံ့သြဟန်မပြ။

"ဝင်ထိုင်လိုက်...သား"

ဟု အမိန့်ပေးလိုက်သည်။

ဆရာမသည် ကျွန်တော် နောက်ကျသည်ကို ဘယ်တော့မှ ပြဿနာမရှာပေ။ ဆရာမက ကျွန်တော့်ကို ချစ်သည်။

ကျွန်တော်သည် အတန်းထဲရှိ အခြားကလေးများကို စစ်ကြည့်နေမိသည်။ ကိုဖြိုး၊ မင်းသူ၊ နေလင်း၊ ဇော်ဇော်နှင့် အခြားအတန်းဖော်များကို တွေ့ရသည်။

ရတနာသည် သူမ၏ အညိုရောင် ဆံပင်တောက်တောက်များကို ကျစ်ဆံမြီး နှစ်ဖက်ကျစ်ထား၏။ စီစီကတော့ သူမဆံပင်များကို မြည်းမြီးလိုချည်ထားသည်။





မင်းသူ၏ နဖူးပြင်တွင်ပင် အဖုလေး မရှိသေးချေ။ ဇော်ဇော်က သူ၏ လက်ခုံပေါ်တွင်

လိပ်နှင့်ဂျာပုံ စတစ်ကာ ကပ်ထား၏။ ကျွန်တော့်အတန်းသေချာပြီ။

နောက်ဘက် ခပ်ကျကျရှိ လွတ်နေသောခုံတွင် ဝင်ထိုင်လိုက်သည်။ ကျွန်တော့်ထိုင်ခုံဟောင်း ဖြစ်သည်။ ဆေးကာပ်လျက်တွင် ကိုဖြိုးရှိသည်။ ကျွန်တော် သူ့ကို လှမ်းကြည့်လိုက်သောအခါ ကိုဖြိုးသည် နှာခေါင်းနှိုက်နေလေသည်။

ရှုံစရာကောင်းလိုက်တာ။ တတိယတန်း ကျောင်းသား၏ ထိုကိစ္စမျိုးကို ကျွန်တော် မေ့နေပါပြီ။

"ကျော်ဇင်ဝင်း၊ အင်္ဂလိပ်မီးနင်း စာအုပ်၊ စာမျက်နှာ ၃၃ ကို ကြည့်"

ဟု ဆရာမက လှမ်းပြောသည်။

"ဒီစကားလုံးတွေဟာ မနက်ဖြန် လပတ် အစမ်းစာမေးပွဲအတွက် မသိမဖြစ်တွေပဲ"

ဟု ဆရာမက ပြောရင်း...ကျောင်းသင်ပုန်းပေါ်တွင် စာလုံးများကို ရေးနေလေသည်။

Taste, sense, grandmother, easy, happiness

"ဟော့ကောင်..."

www.burmeseclassic.com



ကိုဖြိုးက တိုးတိုးလေးခေါ်သည်။

"ဒီမှာကြည့်စမ်း၊ စာလုံးတွေက ခက်လိုက်တာ၊ grandmother ဆို စာလုံးတွေ ဘယ်လောက်များလိုက်သလဲ"

ကျွန်တော် ဘာပြောရမှန်းမသိပါ။ ကျွန်တော် နောက်ဆုံးဖြေခဲ့သော (၁၀)တန်း လပတ်စာမေးပွဲတွင် Photosynthesis ကဲ့သို့သော စာလုံးပေါင်းမျိုးတွေပါသည်။ Grandmother သည် ကျွန်တော့်အတွက် စိန်ခေါ်မှုကြီးတစ်ခု မဟုတ်ချေ။

တစ်နေ့လုံးနီးပါး ကျွန်တော်သည် စိတ်နှင့်လူနှင့်မကပ်။ ကျောင်းစာများ ပိုလွယ်လာပါစေဟု ကျွန်တော် အမြဲဆုတောင်းခဲ့ဖူးသော်လည်း ထင်သလောက် မလွယ်ချေ။ သင်ခန်းစာများမှာ ကလေးဆန်လွန်းပြီး ငြီးငွေ့စရာကောင်းလှသည်။

နေ့လယ်စာစားပြီး နားနေရသည်မှာလည်း ဆိုးရွားလှသည်။ မင်းသူသည် ပါးစပ်ထဲတွင် ငှက်ပျောသီးများ အပြည့်ထည့်ဝါးပြီး ကျွန်တော့်ကို လျှာထုတ်ပြသည်။ နေလင်းက ချောကလက်ပူတင်းများဖြင့် မျက်နှာကို သုတ်ပြသည်။

နောက်ဆုံးတော့ တစ်နေ့တာကျောင်းတက်ချိန် ပြီးဆုံးသွားပါသည်။ ကျွန်တော်၏ တတိယတန်းကျောင်းသားအရွယ် ခန္ဓာကိုယ်လေးကို ဒရွတ်ဆွဲ၍ အိမ်ပြန်လာခဲ့ပါသည်။





အိမ်ရှေ့တံခါးဝသို့ ရောက်သည်နှင့် ကြောက်စရာကောင်းလှသော အာခေါင်ခြစ်၍ ငိုသံကို ကြားရသည်။ ရွှေဝါသည် ကြောင်ပေါက်စလေးတစ်ကောင် ဖြစ်နေလေသည်။

တာရာသည် တောက်တောက် တောက်တောက်နှင့် လမ်းလျှောက်ပြီး နောက်ကလိုက်သွား၏။ ကျွန်မတော်က...

"ကြောင်ကို မစ,နဲ့"

"ငပေါကြီး..."

ဟု တာရာက ပြန်ပြော၏။ ကျွန်တော်သည် တာရာ့ကို ကြောင်တက်တက်နှင့် ကြည့်နေမိသည်။ သူမသည် (၃)နှစ်အရွယ်ပဲ ရှိနေသည်။

ကျွန်တော် အသည်းအသန် စဉ်းစား၏။ တာရာ (၃)နှစ်သမီးတုန်းကရော ကျွန်တော် ချစ်ခင်ခဲ့သလား။ သူမက...

"ကျောပိုးအိတ်ပေး"

အော်ငိုရင်း ကျွန်တော့်ကျောပိုးအိတ်ကို လှမ်းဆွဲ၏။

"ငါ့ကို လွှတ်စမ်း"

ဟု ကျွန်တော် အော်လိုက်သည်။

ကျောပိုးအိတ်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။ ကျွန်တော် ကောက်ယူပြီး မတ်တတ်ရပ်လိုက်၏။ တာရာက ကျွန်တော့်ဆံပင်များကို အဆုပ်လိုက် ဆုပ်ကိုင်၍ ဆောင့်ဆွဲ

www.burmeseclassic.com



လိုက်လေသည်။

"အား"

တာရာကတော့ သဘောကျပြီး တခွီးခွီး ရယ်နေလေသည်။

"နာလိုက်တာ"

ဟု ငြီးတွားရင်း တာရာ့ကို ကျွန်တော် တွန်းပစ်လိုက်ရာ မေမေ မြင်သွား၏။

မေမေက တာရာ့အနားသို့ ပြေးသွားပြီး...

"သား...ညီမလေးကို အဲဒီလို မတွန်းပစ်နဲ့လေ၊ ညီမလေးက အခုမှ ငယ်ငယ်လေးရှိသေးတာ"

ကျွန်တော်သည် ဒေါသကို ချုပ်တီး၍ အိပ်ခန်းထဲသို့သာ ဝင်ခဲ့လိုက်သည်။

မဟုတ်ဘူး။ တာရာ (၃)နှစ်သမီးတုန်းကလည်း ကျွန်တော် မချစ်ခဲ့ပါ။ သူမသည် ဘယ်တုန်းကပဲဖြစ်ဖြစ် အဆိုးရွားဆုံး အဆိပ်တစ်ခုပဲဖြစ်သည်။

တာရာသည် မွေးကတည်းက အရုပ်ထုပ်ဖြစ်သည်။ သူမသည် မည်သည့်အခါမျှ လူလားမြောက်မည် မဟုတ်ချေ။ ကျွန်ဘဝတစ်လျှောက်လုံးလည်း ဆိုးသွမ်းနေပေမည်။ ကျွန်တော်တို့ အရွယ်ရောက်လာသည့်တိုင် ကျွန်တော့်ကို ရှုးအောင်လုပ်နေပေလိမ့်မည်။





ကျွန်တော်တို့ လူကြီးဖြစ်ရဦးပါ့မလားဟု ထိတ်လန့်တကြား တွေးလိုက်မိပြန်သည်။ ဒီအတိုင်းဆိုပါက ကျွန်တော်တို့ ဘယ်တော့မှ အရွယ်ရောက်လာတော့မည် မဟုတ်ချေ။

ကျွန်တော် ဘာလုပ်ရမည်နည်း။ အချိန်တိုလေးအတွင်းပင် (၇)နှစ် နောက်ပြန်ရောက်သွားသည်။ တစ်ခုခုသာ မလုပ်နိုင်ပါက ကျွန်တော် ကလေးပေါက်စလေး ပြန်ဖြစ်တော့မည်။

အဲဒါပြီးရင်ရော...

ကျောရိုးတစ်လျှောက် စိမ့်ခနဲ ခံစားလိုက်ရသည်။

ဒါပြီးရင် ဘာဖြစ်မှာလဲ ဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးနေမိသည်။

ကျွန်တော် လုံးဝပျောက်ကွယ်သွားရတော့မှာလား?

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

မနက်မိုးလင်းတိုင်း ကျွန်တော့်မှာ အထိတ်တလန့် နိုးလာရသည်။ ဒီနေ့ ဘာနေ့လဲ။ ဒီနှစ် ဘာနှစ်လဲ။ ကျွန်တော် မတွေးတတ်ပါ။ အိပ်ရာပေါ်မှ ဆင်းလိုက်စဉ် ကြမ်းပြင်သည် ယခင်ကထက် ပိုဝေးနေသလိုပင်။ ထို့နောက် ညှော်ခန်းကိုဖြတ်၍ ရေချိုးခန်းအတွင်းသို့ ဝင်လိုက်သည်။

မှန်ထဲတွင် ကိုယ့်ကိုယ်ကို ကြည့်နေမိသည်။ ကျွန်တော် ဘယ်အရွယ်ရှိနေလဲ။ မနေ့ကထက်တော့ ပိုငယ်နေမှာ သေချာသည်။ ကျွန်တော့်အခန်းသို့ ပြန်လာပြီး အဝတ်အစားလဲလိုက်သည်။ မေမေက ဝတ်ရမည့်အဝတ်အစားများကို ထိုင်ခုံပေါ်တွင် တင်ထားပေးလေ့ရှိသည်။





ကျွန်တော်ဝတ်ရမည့် ဂျင်းဘောင်းဘီကို စေ့စေ့စပ်စပ် ကြည့်နေမိသည်။ ဘောင်းဘီနောက်အိတ်တွင် ကောင်းဘွိုင်ပုံလေးပါသည်။

ဟား...ကျွန်တော် မှတ်မိပြီ။ ဒီဂျင်း။ ကောင်းဘွိုင်ဂျင်း။

ဒုတိယတန်းတုန်းက။

ယနေ့သည် ကျွန်တော် (၇)နှစ်သားဖြစ်သည်။

ဘောင်းဘီထဲသို့ ခြေထောက်ကိုလျှိုရင်း ဒီပုံတုံးတုံး ဂျင်းဘောင်းဘီကို နောက်တစ်ခါ ပြန်ဝတ်ရတာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ ထို့နောက် မေမေထုတ်ထားပေးသော ရှပ်အင်္ကျီကို ဖြန့်လိုက်သည်။ အင်္ကျီကို မြင်လိုက်သည်နှင့် ကျွန်တော် စိတ်မချမ်းမသာ ဖြစ်သွားသည်။ အင်္ကျီမှာ ကောင်းဘွိုင်တွေဝတ်လေ့ရှိသော ပန်းပွားများ၊ တိုလီမိုလီများ တပ်ထားသည့် အင်္ကျီဖြစ်သည်။

အဲဒီအင်္ကျီကို ဝတ်ရမှာ ရှက်စရာကောင်းသည်ဟု ကျွန်တော် ထင်သည်။ ဘာကြောင့်များ မေမေ ဒီလိုလုပ်ပေးတာကို ကျွန်တော်က သဘောတူခဲ့မိပါလိမ့်။

အနည်းဆုံးတော့ အဲဒီအရွယ်တုန်းက ဒီအဝတ်အစားများကို ကျွန်တော် ကြိုက်နှစ်သက်ခဲ့ပေလိမ့်မည်။

အောက်ထပ်သို့ ဆင်းလာသောအခါ တာရာမှာ ညစာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနှင့်ပင် ကာတွန်းကားကြည့်နေလေသည်။ သူမသည် ၂ နှစ်သမီးအရွယ် ဖြစ်နေသည်။

ဧည့်ခန်းထဲသို့ ကျွန်တော် ဖြတ်သွားသည်ကို မြင်သောအခါ တာရာသည် လက်များကို ကျွန်တော့်ဆီဆန့်တန်း၍ "အာဘွား၊ အာဘွား"ဟု အော်နေလေသည်။

တာရာက ကျွန်တော့်ကို နမ်းစေချင်သည်တဲ့လား။ ဒါ တာရာနှင့် နည်းနည်းမှမတူ။ (၂)နှစ်သမီး တာရာသည် အပြစ်ကင်းစင်၍ ချစ်စရာကောင်းပေလိမ့်မည်။ တကယ်ချစ်စရာကောင်းပေလိမ့်မည်။

"အာဘွား၊ အာဘွား"

"ညီမလေးကို တစ်ချက်လောက် နမ်းလိုက်ဦးလေ"

မီးဖိုချောင်ထဲမှ မေမေက လှမ်းအော်ပြောလိုက်သည်။

"သားက အစ်ကိုပဲ၊ တာရာက သားကို ချစ်လို့ဥစ္စာ"

ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အင်းပါ"

ဟု ပြောသည်။ ကျွန်တော့်ကိုယ်ကို ကိုင်း၍ တာရာ့ပါးကို ငုံ့နမ်းလိုက်သည်။ ထိုအခိုက်အတန့်မှာပင် ဒင်းက...သူ့လက်ညှိုးတုတ်တိုတိုလေးနှင့် ကျွန်တော့်မျက်လုံးကို ထိုးလိုက်လေသည်။

"အား"





ကျွန်တော် အသံကုန်အော်မိသည်။

တာရာကတော့ ရယ်နေလေသည်။ လက်စသတ်တော့ ဒင်းက မွေးကတည်းက သန္ဓေယုတ်တာကိုး...ဟု တွေးရင်း လက်တစ်ဖက်က နီရဲနေသော မျက်လုံးကိုအုပ်၍ မီးဖိုချောင်ထဲသို့ ဝင်လိုက်သည်။

တာရာ့ကို မွေးဖွားလာတာ တော်တော်ဆိုးသည်၊

ဒီအချိန်သည် ကျောင်းသွားရမည့်အချိန်ဖြစ်သည်။ မည်သည့်အတန်း သွားတက်ရမည်ဆိုသည်ကို ကျွန်တော်သိသည်။

သူငယ်ချင်းများ အားလုံးလည်း ငယ်နေကြလေပြီ။ ရတနာအပါအဝင် လူတိုင်းသည် အရင်ကထက် ပိုငယ်နေကြသည်။ တစ်နေ့ကုန်လုံး ပျင်းရိငြီးငွေ့စရာကောင်းလှသည်။ ကျွန်တော်နားလည်ပြီးသားတွေ ပြန်သင်နေသော နေ့တစ်နေ့ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် စဉ်းစားဖို့အချိန် ရပေဦးမည်။ နေ့တိုင်းပင် ကျွန်တော် ဘာဆက်လုပ်ရမည်ကိုသာ ကြံစည်နေခဲ့သည်။ သို့သော် ဘယ်သောအခါမှ အဖြေမထွက်ချေ။

ထို့နောက် ကျွန်တော် သတိရလိုက်မိသည်။ ထိုသံစုံငှက်နာရီကို ဖေဖေ လိုချင်နေသည်မှာ ၁၅ နှစ်လောက်ရှိပြီဟု ပြောသံကြားဖူးသည်။

၁၅ နှစ်။ ဟုတ်ပြီ။ နာရီသည် ရှေးဟောင်းပစ္စည်းဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိကိုရှိရမည်။

ကျွန်တော် နာရီကိုသွားရှာဖို့ ဆုံးဖြတ်လိုက်သည်။ ယနေ့အဖို့ ကျောင်းချိန်ပြီးတဲ့အထိ မစောင့်နိုင်ပါ။

ကျွန်တော့်စိတ်ကူးမှာ ငှက်ရုပ်ခေါင်းကို ပြန်လှည့်လိုက်ပါက အချိန်သည် ပုံမှန်ဆက်သွားပေလိမ့်မည်။ နောက်ဆုံးလုပ်ရန်မှာ ခုနစ်အမှန်ကို ပြန်ချိန်ရန်ပဲဖြစ်သည်။ ထိုအခါ ကျွန်တော်သည် ၁၅ နှစ်အရွယ်သို့ ပြန်ရောက်သွားပေလိမ့်မည်။

၁၅ နှစ်သားဘဝကို လွမ်းလှသည်။ (၇)နှစ်အရွယ် ကလေးတစ်ယောက်သည် လွတ်လွတ်လပ်လပ် မရှိချေ။ တစ်စုံတစ်ယောက်က အမြဲတမ်း စောင့်ကြည့်နေတတ်သည်။

ကျောင်းဆင်းသောအခါ ကျွန်တော်သည် အိမ်ရှိရာရပ်ကွက်ဘက်သို့ ကူးလာလိုက်သည်။

နောက်ဘလောက်သို့ ရောက်သောအခါ ဘတ်စ်ကားမှတ်တိုင်ရှိရာ လမ်းထောင့်သို့ တစ်ဟုန်ထိုး ပြေးသွားလိုက်ပြီး သစ်ပင်တစ်ပင်၏ နောက်တွင် ကွယ်ရပ်လိုက်၏။

မိနစ်အနည်းငယ်ကြာသောအခါ ဘတ်စ်ကားတစ်စီး ဆိုက်လာ၏။

ကျွန်တော်က ခြေနင်းခုံပေါ် လှမ်းတက်လိုက်သည်။

စပယ်ယာ၏ မျက်လုံးများသည် ထူးဆန်းစွာဖြင့် ကျွန်တော့်





ကို လှမ်းကြည့်နေ၏။

"ဟော့...ချာတိတ်၊ မင်းတစ်ယောက်တည်း စီးဖို့ သိပ်ငယ်သေးတယ်"

ကျွန်တော်က ခပ်တည်တည်ဖြင့်ပင်...

"ကျွန်တော်က ဖေဖေ့ကို ရုံးမှာသွားတွေ့ရမှာ။ မေမေက ခိုင်းလိုက်လို့"

ထိုလူက ခေါင်းညိတ်ပြပြီး ကျွန်တော်ကမ်းပေးလိုက်သော ၅၀ ကျပ်တန်ကိုယူကာ အကြွေ(၃၀)ကျပ် ပြန်အမ်းသည်။

"အား ဟုတ်တာပေါ့"

ကျွန်တော် မေ့သွားသည်။ ကားခ ၅၀ ကျပ်ဆိုသည်မှာ ကျွန်တော် ဆယ့်တစ်နှစ်သားအရွယ်တွင်မှ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ ယခု ကျွန်တော်သည် (၇)နှစ်အတွက်ပဲရှိ၏။ ကျန်ပိုက်ဆံကို အိတ်ထောင်ထဲသို့ ထည့်လိုက်သည်။

ဘတ်စ်ကားသည် လမ်းဘေးမှ ခွာလာပြီး မြို့ထဲသို့ မောင်းလာသည်။

ဦးဘဂျမ်း၏ ရှေးဟောင်းပစ္စည်းဆိုင်သည် ဖေဖေ့ရုံးခန်း၏ လမ်းတစ်ဖက်တွင် ရှိသည်ဟု ပြောသံကြားဖူး၏။ ဖေဖေ့ရုံးရှေ့ ရောက်သောအခါ ကားပေါ်မှ ဆင်းလိုက်သည်။

ဖေဖေ ကျွန်တော့်ကို တွေ့မသွားပါစေနှင့်ဟု ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အကယ်၍ ဖေဖေ ကျွန်တော့်ကို တွေ့သွားပါက ပြဿနာ အကြီးအကျယ်တက်ပေလိမ့်မည်။ ကျွန်တော် (၇) နှစ်အရွယ်တုန်းက တစ်ယောက်တည်း ဘတ်စ်ကားစီးခွင့် မရ သေးပါ။

ဖေဖေရှိရာ အဆောက်အအုံရှေ့မှ အမြန်ဖြတ်ကာ လမ်းတစ်ဖက်သို့ ကူးလိုက်သည်။ ထောင့်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုရှိသည်။ အုတ်ပုံများ၊ အုတ်ကျိုးအုတ်ပဲ့များနှင့် သစ်တိုသစ်စများ ရှိသေးသည်။ ထိုနေရာမှ ဆက်လျှောက်လာသောအခါ ရွှေရောင်စာလုံးများဖြင့် ရေးထားသော "ဘဂျမ်း ရေးဟောင်းပစ္စည်း ရောင်းဝယ်ရေး"ဟူသော ဆိုင်းဘုတ်ကို တွေ့ရ၏။

ကျွန်တော့်နှလုံးသည် တဒုတ်ဒုတ် ခုန်လာ၏။ ကျွန်တော် ရောက်ခါနီးပြီ။ သိပ်မကြာခင် အရာအားလုံး အဆင်ပြေသွားပေတော့မည်။

ဆိုင်ထဲသို့ ဝင်သွားပြီး နာရီကိုရှာရုံပဲဖြစ်သည်။ ထို့နောက် မည်သူမျှ မတွေ့မီ ငှက်ရုပ်ခေါင်းကို ပြန်လှည့်၍ ခုနစ်ကို အမှန်ပြင်ရုံပဲဖြစ်သည်။

တစ်ခုခုဖြစ်နေသည်ကို မစိုးရိမ်ရပဲနှင့် မနက်ဖြန်နံနက်တွင် နိုးထလာရပေမည်။ ကျွန်တော့်ဘဝသည် ပုံမှန်ပြန်ဖြစ်၍သွား





ပေလိမ့်မည်။ အချိန်သည် ရှေ့သို့ ပုံမှန်လည်ပတ်နေပါက ဘဝသည် အေးအေးဆေးဆေးပဲ ဖြစ်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို ပြောနေမိသည်။ တာရာရှိနေဦးတောင် ဘဝသည် သာတောင့်သာယာ ဖြစ်နေပေမည်။

ဆိုင်၏ မှန်ပြတင်းမှ အတွင်းသို့ ငေးကြည့်လိုက်၏။ ပြတင်းပေါက်နားတွင် နာရီကြီးရှိနေသည်။

လက်ဖဝါးတွင် ချွေးများ စိုစွတ်နေပြီး ကျွန်တော် များစွာ စိတ်လှုပ်ရှားနေမိသည်။ ဆိုင်တံခါးပေါက်သို့ ခပ်သုတ်သုတ် သွားလိုက်ပြီး တံခါးလက်ကိုင်ကို လှည့်လိုက်၏။

တံခါး ပွင့်မလာ။ ပိုပြီး ပြင်းပြင်းထန်ထန် လှည့်ဖွင့်ကြည့်၏။

တံခါးမှာ ပိတ်မြဲ ပိတ်လျက်ပင်။ ထို့နောက် တံခါးအောက်ခြေထောင့်တွင် ကပ်ထားသော စာကို သတိထားလိုက်မိသည်။

"အားလပ်ရက်အတွင်း ဆိုင်ပိတ်ထားသည်"

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

ကျွန်တော် စိတ်ဆိုးလွန်းသဖြင့် အကြာကြီး အော်ငိုနေမိသည်။

"ဟီး…အီး…အီး"

မျက်ရည်များကား ကျွန်တော့်မျက်လုံးထဲမှ ဒလဟော စီးကျနေကြပြီ။

"မဟုတ်ဘူး၊ ဒီလိုမဖြစ်ရဘူး"

တံခါးကို ခေါင်းနှင့်ဆောင့်နေမိသည်။ ကျွန်တော် သည်းမခံနိုင်တော့ပါ။

"အားလပ်ရက်အတွင်း ဆိုင်ပိတ်ထားသည်"

ဘာကြောင့်များ ကျွန်တော် ဒီလောက်ဆိုးနေရတာလဲ။ ဦးဘဂျမ်း၏ အားလပ်ရက်ခရီးမှာ မည်မျှကြာမည်နည်း။ ဆိုင်ကို ဘယ်လောက်ကြာအောင် ပိတ်ထားမှာတဲ့လဲ။





ဆိုင်ပြန်ဖွင့်သောအခါ ကျွန်တော်သည် မွေးကာစအရွယ်လေး ဖြစ်နေပေလိမ့်မည်။ ကျွန်တော် အံကြိတ်၍ စဉ်းစားလိုက်သည်။

ဒီလိုနေလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ လုံးဝပဲ။

ကျွန်တော် တစ်ခုခုလုပ်ရမည်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။

ဆိုင်ပြဟာင်းပေါက်တွင် ကျွန်တော် နှာခေါင်းဖိကပ်လိုက်သည်။ ငှက်နာရီမှာ ကျွန်တော့်ရှေ့ နှစ်ပေခန့်အကွာတွင် ထောင်လျက်သား ရှိနေ၏။

ထိုနေရာသို့ ကျွန်တော်မရောက်နိုင်။ ပြတင်းပေါက်သည် ကျွန်တော်နှင့် နာရီကြားတွင် ရှိနေသည်။

ပြတင်းပေါက်…။

ပုံမှန်အားဖြင့် ဆိုပါက ဒီလိုလုပ်ရန် စဉ်းပင်စဉ်းစားလိမ့်မည် မဟုတ်။ သို့သော် ယခုအချိန်၌ ကျွန်တော်သည် ဆောက်တည်ရာမဲ့ ဖြစ်နေပြီ။ ထိုနာရီဆီသို့ ရောက်မှဖြစ်မည်။

ဒီကိစ္စသည် သေရေးရှင်ရေးပင် ဖြစ်သည်။

ထို့နောက် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိရာသို့ တိတ်တဆိတ် သွားလိုက်၏။ တစ်ဦးတစ်ယောက်မျှ ကြည့်မနေချေ။ ကလေးတစ်ယောက်နှင့် မတူအောင်ပင် ပြတင်းပေါက်ကို ချိုးဖျက်ဖို့ ကြိုးစားနေပေသည်။

www.burmeseclassic.com



ကောင်းဘွိုင် ဂျင်းဘောင်းဘီအိတ်ထဲသို့ လက်ဘည့်၍ လေချွန်လိုက်၏။ ဤပုံတုံးတုံး ဝတ်စုံကို ဝတ်ခဲ့မိသည့်အတွက် ကျေနပ်နေမိသည်။ ပိုပြီး အပြစ်ကင်းသည့်ပုံ ပေါက်နေသည်။

ကောင်းဘွိုင်ဝတ်စုံဝတ်ထားသော ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်က ရှေးဟောင်းပစ္စည်းဆိုင်ထဲ ဖောက်ထွင်းဝင်မည်ဟု မည်သူက သံသယရှိပါမည်နည်း။

ဆောက်လုပ်ရေး လုပ်ငန်းခွင်ထဲရှိ အမှိုက်တချို့ကို ကျွန်တော် လျှောက်ကန်နေလိုက်သည်။ ကျောက်တုံးတချို့ကို ကန်လိုက်သည်။ အလုပ်လုပ်နေသူတစ်ယောက်မျှ ရှိမနေချေ။ ကျွန်တော်သည် အုတ်ပုံများရှိရာသို့ မသိမသာ ခြေဦးလှည့်လိုက်၏။ ထို့နောက် တစ်ယောက်ယောက်များ ကြည့်နေမလားဟု ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

လမ်းကြောင်းကတော့ ရှင်းသည်။

အုတ်ခဲတစ်ခဲကို ကောက်ကိုင်လိုက်ပြီး လက်ထဲတွင် မနိုင်မနင်း ဖြစ်နေသည်။ အုတ်ခဲမှာ လေးလံလွန်းလှသည်။ ဒုတိယတန်း ကျောင်းသားအရွယ် ခန္ဓာကိုယ်လေးအတွက် ဝေးဝေးရောက်အောင်ပစ်ဖို့ဆိုသည်မှာ သိပ်လွယ်ကူလှသည် မဟုတ်ချေ။

သို့သော် အုတ်ခဲကို ဝေးဝေးရောက်အောင် ပစ်စရာမလိုချေ။ ပြတင်းပေါက်ကို ထိအောင်ပစ်ဖို့ပဲ လိုသည်။





အုတ်ခဲကျိုးကို ဘောင်းဘီအိတ်ကပ်ထဲ ထည့်ရန် ကြိုးစားကြည့်၏။ အုတ်ခဲက ကြီးလွန်းနေသည်။ ထို့နောက် လက်နှစ်ဖက်ဖြင့် မ,၍ ဆိုင်သို့သယ်လာ၏။ လမ်းတစ်လျှောက်တွင် ကောင်လေးတစ်ယောက်က အုတ်ခဲတစ်လုံး သယ်လာခြင်းသည် ဘာမှမထူးဆန်းသော မြင်ကွင်းဟု ထင်မြင်စေရန် ကြိုးစားနေလေသည်။

လူကြီးတချို့သည် သုတ်သုတ်သုတ်သုတ်နှင့် ဖြတ်သွားနေကြသည်။ မည်သူမျှ ကျွန်တော့်ကို နောက်တစ်ကြိမ် ပြန်လှည့်မကြည့်။ ကျွန်တော်သည် တောက်ပြောင်သော မှန်ပြတင်းရှေ့တွင် ရပ်ရင်း လက်ထဲမှ အုတ်ခဲကို ချိန်ဆနေလေသည်။ အကယ်၍ ကျွန်တော်သည် မှန်ပြတင်းကို ရိုက်ခွဲလိုက်ပါက မှုခင်းအရေးပေးသံများ ပေါ်လာမည်လားဟု တွေးနေမိသည်။

ဒါဆို ကျွန်တော် အဖမ်းခံရမည်လား...?

ပြဿနာမဖြစ်နိုင်ပေ။ အကယ်၍ အချိန်ကို ပစ္စုပ္ပန်ရောက်အောင် လုပ်နိုင်ပါက ရဲလက်က လွတ်ပေမည်။

သတ္တိရှိစမ်းပါဟု ကိုယ့်ကိုယ်ကို အားပေးလိုက်၏။

လုပ်...လုပ်...?

လက်နှစ်ဖက်စလုံးဖြင့် အုတ်ခဲကို မ,၍ ကျွန်တော့်ခေါင်းပေါ် မြှောက်လိုက်စဉ်...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

တစ်စုံတစ်ယောက်သည် ကျွန်တော့်နောက်ကျောဘက်မှ နေ၍ ဖမ်းချုပ်လိုက်လေသည်။

◆





အခန်း ( ၁၆ )

"ကယ်ကြပါဦး"

အော်ရင်းဟစ်ရင်း နောက်သို့ လှည့်ကြည့်လိုက်၏။

"မေမေ"

"သား...ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟု မေမေက စိတ်ဆိုးနေပုံမျိုးနှင့် မေးလိုက်သည်။

"ကိုယ့်ဘာသာကိုယ် လာတာလား"

ကျွန်တော်က အုတ်ခဲကို လမ်းဘေးသို့ ပစ်ချလိုက်သည်။ မေမေ မြင်ပုံမရပေ။

"မေမေ့ကို အံ့သြသွားစေချင်လို့ပါ။ သားလေ..သား၊ ဟိုဒင်း...ကျောင်းဆင်းတော့ မေမေ့ဆီ လာလည်ချင်တာနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



နားမလည်သလိုနှင့် ဖေဖေက ကျွန်တော့်ကို ငေးကြည့်နေသည်။ ထို့ကြောင့် အခြေအနေ ပိုကောင်းစေရန် ဆက်ပြီး ပြောလိုက်၏။

"ဖေဖေ့ကို လွမ်းလို့ပါ"

ဖေဖေက ပြုံးလိုက်၏။

"ဖေဖေ့ကို လွမ်းလို့...ဟုတ်လား"

ဖေဖေ စိတ်မကောင်းဖြစ်သွားသည်ဟု ကျွန်တော်ပြောရဲပါသည်။

"ဒီကို ဘယ်လိုရောက်လာတာလဲ၊ ဘတ်စ်ကားနဲ့လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"သားသိရဲ့လား။ သားတစ်ယောက်တည်း ဘတ်စ်ကား မစီးသင့်သေးဘူး"

ဖေဖေ့အသံမှာ ဒေါသသံမဟုတ်တော့ချေ။ ဖေဖေ့ကို လွမ်းလို့ဟူသော စကားသည် ဖေဖေ့အား နူးညံ့ပျော့ပျောင်းစေခဲ့ပြီ။ ထိုအချိန်၌ ကျွန်တော့်တွင် အဓိကပြဿနာကြီး ကျန်နေသေးသည်။ ငှက်နာရီသို့ ကျွန်တော့်လက်များ ရောက်ရှိစေရေးပင်။

ဖေဖေ ကျွန်တော့်ကို ကူညီနိုင်မည်လား။ ကူညီပါ့မလား။ ကျွန်တော်ကတော့ ဘာကိုမဆို ကြိုးစားကြည့်ချင်ပါသည်။





"ဖေဖေ၊ အဲဒီနာရီ..."

ဖေဖေက ကျွန်တော့်ကို ပွေ့ချီလိုက်ပြီး...

"အဲဒီနာရီကြီးက လှလို့ ဖေဖေ သဘောကျနေတာ ကြာလှပြီပေါ့ သားရယ်"

"ဖေဖေ၊ သား အဲဒီနာရီကို ရမှဖြစ်မယ်"

"သားလိုချင်ရင် ရရမှာပေါ့ သားရယ်။ ဖေဖေ အလုပ်ကြိုးစားပြီး ပိုက်ဆံစုပါ့မယ်။ တစ်နေ့နေ့တော့ ဒီနာရီကြီးကို ရမှာပေါ့"

ဖေဖေဟော့ တလွဲထင်နေပြီ။ ကျွန်တော့်ခေါင်းကို ပုတ်၍ ဆက်ပြော၏။

"သား ဘယ်လိုခံစားရမယ်ဆိုတာ ဖေဖေ သိပါတယ်။ တကယ်ဆို အခုချက်ချင်းတောင် ဒီနာရီကြီးကို ဝယ်ပေးချင်ပါတယ်။ ဒါပေမဲ့ ဖေဖေမှ မတတ်နိုင်တာပဲ။ တစ်နေ့နေ့တော့ ဝယ်ပေးနိုင်မှာပါကွာ..."

ဖေဖေက ကျွန်တော့်ကို ဆိုင်နှင့်ဝေးရာသို့ ဆွဲခေါ်လာသည်။

"လာပါ သားရယ်၊ အိမ်ပြန်ကြစို့"

အိမ်အပြန်လမ်းတစ်လျှောက် ကားထဲတွင် စကားတစ်ခွန်းမှ မပြောဖြစ်ကြ။ ကျွန်တော် စဉ်းစားနေသည်မှာ နာရီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ပြီး နောက်ထပ် ဘာဖြစ်လာမလဲဟူ၍သာ။

မနက်ဖြန် ကျွန်တော် နိုးလာချိန်တွင် အသက်ဘယ်လောက် ရှိနေမှာလဲဟု တွေးနေမိသည်။

ဒါမှမဟုတ် ဘယ်လောက် ငယ်နေဦးမှာလဲ?

◆





## အခန်း ( ၁၇ )

နောက်တစ်နေ့ မနက်တွင် မျက်စိနှစ်လုံးကို ဖွင့်သောအခါ အရာအားလုံး ပြောင်းလဲနေပါသည်။

နံရံများသည် ကလေးငယ်လေးများ အခန်းတွင် သုံးလေ့ရှိသော အပြာရောင်ဖြစ်သည်။ အိပ်ရာခင်း၊ လိုက်ကာတို့နှင့် လိုက်ဖက်သည်။ ပစ္စည်းများပေါ်တွင် လက်ဖွေ့ထိုးနေသော သားပိုက်ကောင် ရုပ်ပုံများပါရှိသည်။ နံရံတစ်ဖက်တွင် နွားရုပ်ပုံပန်းချီတစ်ချပ်ကို သံနှင့်ရိုက်၍ ချိတ်ထားသည်။

ဤအခန်းသည် ကျွန်တော့်အခန်း မဟုတ်ပါ။ သို့သော် ရင်းရင်းနှီးနှီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်ရာအောက်မှ ခုလုခုလု ဖြစ်နေ၏။ ကျွန်တော်သည် သားပိုက်ကောင်ရုပ်ပါသော စောင်အောက်တွင် ရောက်နေပြီး ခိုးလိုးခုလုဖြစ်နေသော မွေးပွ ဝက်ဝံရုပ်အဟောင်းလေးကို ဆွဲထုတ်လိုက်သည်။

တဖြည်းဖြည်းမှ သဘောပေါက်လာသည်။ ကျွန်တော် ငယ်စဉ်က အိပ်ခန်းဟောင်းသို့ ပြန်ရောက်နေပေပြီ။

ဘယ်လိုများ အဆုံးသတ်မှာလဲ?

အိပ်ရာပေါ်မှ ခုန်ထွက်လိုက်သည်။ ကျွန်တော်သည် ကလေးငယ်လေးတွေဝတ်သော ညအိပ်ဝတ်စုံနှင့်ဖြစ်သည်။ ဤဝတ်စုံမျိုးကို ကျွန်တော် မမှတ်မိသည်ကို ကျိန်ပြောရဲပါသည်။ ထို့နောက် မှန်ကြည့်၍ ရေချိုးခန်းသို့ ပြေးသွားလိုက်သည်။

ကျွန်တော် အခု အသက် ဘယ်လောက်လဲ...?

ကျွန်တော် မပြောနိုင်။ မှန်ထဲတွင် ကျွန်တော့်မျက်နှာကို မြင်ရစေရန် အိမ်သာထိုင်ခုံပေါ် တက်လိုက်ရသည်။

အခြေအနေမကောင်းလှ။

သွားပြီ။ ၅ နှစ်သားအရွယ်လောက်ပဲ ရှိတော့သည်။

အိမ်သာပေါ်မှ ခုန်ချပြီး အောက်ထပ်သို့ ပြေးဆင်းလာသည်။

"ဟော...သားလေး နိုးလာပြီ..."





မေမေက နှုတ်ဆက်၍ ကျွန်တော့်ကို ဖျစ်ညှစ်လိုက်ပြီး အကြာကြီး နမ်းရှုပ်လိုက်ပါသည်။

"မေမေ..."

ဟု ကျွန်တော်ကလည်း ပြန်နှုတ်ဆက်လိုက်သည်။

ကျွန်တော့်အသံမှာ မယုံနိုင်လောက်အောင် ကလေးသံလေး ဖြစ်နေသည်။ ဖေဖေသည် မီးဖိုချောင်ထဲရှိ ထမင်းစားပွဲတွင် ထိုင်နေပြီး ကော်ဖီသောက်နေ၏။ ဖေဖေက သောက်လက်စ ကော်ဖီခွက်ကိုချပြီး လက်များကို ကျွန်တော့်ထံ ဆန့်တန်းလာ၏။

"လာပါဦး သားရဲ့၊ ဖေဖေ့ကို မနက်ခင်း အာဘွား ပေးပါဦး"

ကျွန်တော် သက်ပြင်းချလိုက်ပြီး ဖေဖေ့လက်မောင်းတွေထဲသို့ ပြေးဝင်ရန် အားတင်းလိုက်သည်။ ထို့နောက် ဖေဖေ့ပါးကို မွှေးမွှေးပေးလိုက်သည်။

ကလေးဘဝတုန်းက ဒီလိုအလုပ်မဟုတ်တာတွေ ဘယ်လောက် လုပ်ခဲ့ရလဲဆိုတာ ကျွန်တော် မေ့နေပြီ။

(၅)နှစ်အရွယ် ခြေထောက်လေးများဖြင့် မီးဖိုချောင်ထဲမှ ပြေးထွက်လာ၏။ ဧည့်ခန်းကိုဖြတ်ပြီး နားနေခန်းထဲသို့ သွား၏။ ထို့နောက် မီးဖိုချောင်သို့ ပြန်လာသည်။

တစ်ခုခု ပျောက်နေသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ တစ်ယောက်ယောက် ပျောက်နေတာ။

တာရာ...။ ဟုတ်သည်...။ 'တာရာ' ပျောက်နေတာပဲ ဖြစ်သည်။

"သားလေး၊ ဒီမှာ တစ်မိနစ်လောက် ငြိမ်ငြိမ်လေး ထိုင်နေဦးနော်"

ဖေဖေက ပြောရင်း ကျွန်တော့်ကို ပွေ့ချီ၍ ထိုင်ခုံပေါ် တင်ပေးလိုက်သည်။

"ကွေကာ နည်းနည်းသောက်မလား...သား"

"တာရာ ဘယ်မှာလဲ"

ဟု ကျွန်တော် မေးလိုက်သည်။

"ဘယ်သူ"

"တာရာလေ"

မေမေက ဖေဖေ့ကို လှမ်းကြည့်၏။ ဖေဖေက နားမလည်ဟန်ဖြင့် ပခုံးတွန့်ပြသည်။

"မေမေသိပါတယ်၊ ညီမလေးလေ"

မေမေ ပြုံးသွား၏။ 'သြော်...တာရာ'ဟု ရေရွတ်ရင်း တစ်စုံတစ်ရာကို သဘောပေါက်သွားပုံရသည်။ မေမေက ဖေဖေ့ကို...

"သားစိတ်ကူးထဲက သူငယ်ချင်းကို ပြောနေတာ





နေမှာပေါ့"

"ဟမ်..."

ဟု ဖေဖေ့အသံကျယ်ကြီးဖြင့် ထ,အော်ပြီး...

"စိတ်ကူးထဲက သူငယ်ချင်းဆိုတာရှိတယ် ဟုတ်လား"

မေမေက ဖေဖေ့ကို မျက်မှောင်ကုတ်၍ကြည့်ကာ ကျွန်တော့်ရှေ့ကို ကွေကာပန်းကန် ချပေးသည်။

"သားသူငယ်ချင်း တာရာက ဘယ်လိုပုံစံမျိုးလေးလဲ"

ကျွန်တော် ဘာမှပြန်မပြောဖြစ်။ စကားပင် မပြောနိုင်လောက်အောင် တုန်လှုပ်ချောက်ချားနေပါပြီ။

ကျွန်တော် ဘယ်သူ့အကြောင်း ပြောနေမှန်းပင် သူတို့ မသိကြချေ။

တာရာ မရှိသေးပါ။ သူမကို မမွေးရသေးခြင်းဖြစ်သည်။

အချိန်အနည်းငယ်ပဲ ကျန်တော့သည်။ ကျွန်တော့်စိတ်တွေ ယောက်ယက်ခတ်နေပြီ။

တာရာ မရှိတော့ဘူး။ မြင်နေကျ အစုတ်ပလုတ် တာရာ မရှိပဲနှင့် ဒီနေ့တစ်နေ့လုံးကို ဖြတ်သန်းရပေတော့မည်။ ဘယ်လောက် စိတ်ချမ်းသာဖို့ ကောင်းလဲ။

သို့သော် တကယ်တမ်း အဖြစ်မှန်ကို စဉ်းစားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မိသားစု၏ ကလေးငယ်တစ်ယောက် ပျောက်ဆုံးသွားပြီဖြစ်သည်။

နောက်တစ်ခါဆို ကျွန်တော့်အလှည့်။

☼ ☼ ☼

ကျွန်တော် မနက်စာစားပြီးသောအခါ မေမေက ကျွန်တော့်ကို အဝတ်လဲပေးရန် အပေါ်ထပ်သို့ ခေါ်သွား၏။ အင်္ကျီကို အရင်ဝတ်ပေးပြီး ဘောင်းဘီ၊ ခြေအိတ်နှင့် ဖိနပ်ကို စီးပေး၏။ သို့သော် ဖိနပ်ကြိုးများကို ချည်မပေးသေးပဲ

"ကဲ...သား၊ ဖိနပ်ကြိုးချည်ကြည့်ပါဦး။ မနေ့က မေမေသင်ပေးထားတာ မှတ်မိလား"

မေမေ့မျက်နှာကို ကြည့်ရုံနှင့် ကျွန်တော် ကြိုးချည်နိုင်မည်ဟု မမျှော်လင့်မှန်း သိသာနေပါသည်။

ကျွန်တော် ခါးကုန်း၍ ဖိနပ်ကြိုးများကို အလွယ်တကူ ချည်လိုက်သည်။ ဒီလောက်ကလေးဖြင့် အချိန်ဖြုန်းမနေသင့်ပါ။

မေမေက ကျွန်တော့်ကို အံ့သြဝမ်းသာလွန်းစွာ စိုက်ကြည့်ရင်း...

"သား လုပ်တတ်ပြီ။ ကိုယ့်ဖိနပ်ကိုယ် ကြိုးချည်တတ်သွားပြီ"

ကျွန်တော့်ကိုဖက်၍ ခါယမ်းလိုက်ပြီးနောက်





"သား ဖေဖေ့ကို သွားပြောလိုက်ဦးမယ်၊ စောင့်နေနော်"

ထိုအခိုက်မှာပင် ဖေဖေက အောက်ထပ်သို့ ဆင်းလာသည်။

"မောင်ရေ...သားလေး သူ့ဖိနပ်ကြိုး သူချည်တတ်ပြီ..."

"ဟေး...ဟုတ်လား"

ဟု ဖေဖေက ဝမ်းသာအားရ အော်လိုက်သည်။

"ဒါမှ ဖေ့သားကြီးကွ"

မေမေက ကျွန်တော့်ကို နေ့ကလေးထိန်းကျောင်းသို့ လမ်းလျှောက် ခေါ်သွားသည်။ ဆရာမကိုလည်း ကျွန်တော် ဖိနပ်ကြိုး ချည်တတ်ပြီဖြစ်ကြောင်း ပြောပြ၏။ အားလုံးအတွက် အလွန်စိတ်လှုပ်ရှားစရာ ဖြစ်နေလေသည်။

တစ်မနက်လုံး မူကြိုကျောင်းထဲတွင် ထိုင်နေရပြီး လက်ချောင်း ပန်းချီဆွဲခြင်း၊ အဘီစီ သီချင်းဆိုခြင်းဖြင့်သာ အချိန်ကုန်နေရလေသည်။

ရှေးဟောင်းပစ္စည်းဆိုင်သို့ သွားမှဖြစ်မည်ကို ကျွန်တော် သိသည်။ တစ်ချိန်လုံး ထိုအကြောင်းပဲ စဉ်းစားနေမိသည်။ ငှက်နာရီကို ပြောင်းလဲရမည်ဟု စိတ်ပျက်စွာ တွေးနေမိသည်။ ဘယ်သူသိနိုင်ပါမည်လဲ။ မနက်ဖြန်ဆိုလျှင် ကျွန်တော် လမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တတ်ပါဦးမလား။

သည်အတိုင်းဆိုပါက ထိုနေရာသို့ ကျွန်တော် မည်သို့သွားရမည်နည်း။ ဒုတိယတန်းကျောင်းသားတစ်ယောက် မြို့ထဲသွားသည်ထက် ပိုခက်ခဲပေလိမ့်မည်။ မူကြိုကျောင်းသား တစ်ယောက် အနေဖြင့် မဖြစ်နိုင်ဖို့က များသည်။

ထို့ပြင် အကယ်၍ ကျွန်တော့်ကို မည်သူကမျှ မမေးမြန်းခဲ ရပဲ ကားပေါ်ရောက်နိုင်လျှင်သော်မှ ကားခပေးစရာ ကျွန်တော့် တွင် မရှိပေ။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဘတ်စ်ကားပေါ် ရောက်အောင် တက်ရမည်ဟု ဆုံးဖြတ်လိုက်သည်။ နည်းလမ်းတစ်ခုခုတော့ ရှာတွေ့ပေလိမ့်မည်။

မူကြိုကျောင်းဆင်းသောအခါ ကျွန်တော်သည် ဘတ်စ်ကား မီရန် ပြေးထွက်လိုက်ရာ...

"ဘုတ်"

"အင့်..."

မေမေ့ကို ဝင်တိုက်မိသည်။

"သားလေး၊ ဒီနေ့ပျော်ရဲ့လား"

ကျွန်တော် မေ့သွားသည်မှာ မူကြိုသို့ မေမေ နေ့တိုင်း လာကြိုသည်ကိုပဲ ဖြစ်သည်။





မေမေက ကျွန်တော့်လက်ကို တင်းတင်းဆုပ်လိုက်၏။ လွတ်လမ်းမရှိတော့ပေ။

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

နောက်တစ်နေ့မနက် အိပ်ရာနိုးသောအခါ

"ငါရှိနေပါသေးလား"

ဟု အရင်ဆုံး တွေးလိုက်မိသည်။ အနည်းဆုံးတော့ ရှင်သန်နေပါသေးသည်။

သို့သော် ကျွန်တော်သည် (၄)နှစ်သားလေး ဖြစ်နေပါသည်။

အချိန်တွေကတော့ ကပြောင်းကပြန် ဖြစ်နေပေပြီ။

မေမေက ကျွန်တော့်အခန်းထဲသို့ ဝင်လာပြီး

"သားလေးရေ၊ ထတော့...ထတော့။ နေ့ကလေးထိန်းကျောင်းသွားဖို့ ပြင်ရအောင်"

ဒုက္ခပဲ၊ နေ့ကလေးထိန်းကျောင်းတဲ့။





အခြေအနေက တော်တော်ဆိုးလာပါသည်။ ကျွန်တော် ဘာမှ လုပ်မရပေ။ မေမေက ကျွန်တော့်ပါးပြင်ကို တစ်ချက် မွေး၍ ကျောင်းတွင်ထားခဲ့သည်။

ကျွန်တော် အနီးဆုံးချောင်လေးသို့ သွား၍ ထိုင်နေလိုက်၏။ အခြားကလေးများ ကစားနေသည်ကို ကြည့်နေမိသည်။ ဘာတစ်ခုမှ မလုပ်လိုဟု ငြင်းဆန်နေပါသည်။ သီချင်းလည်းမဆို၊ ပုံလည်းမဆွဲ၊ သံပုံးတွေနှင့်လည်း မစား၊ ဘာကစားပွဲမှလည်း မပါ။

"ဖိုးကျော်၊ ဒီနေ့ ဘာဖြစ်လို့လဲ"

ဟု ဆရာမကမေးသည်။

"သား နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ဒါဆို သားက ဘာလို့ မကစားတာလဲ"

ဟု ပြောရင်း ကျွန်တော့်ကို အကဲခတ်နေ၏။ ထို့နောက်

"သား ကစားရမယ်လေ"

ဆရာမက ဘာမျှမေးမြန်း ခွင့်တောင်းမနေပဲ ကျွန်တော့်ကို ပွေ့ချီလိုက်ပြီး သဲကန်ထဲသို့ ထည့်ပေးလိုက်သည်။

"ရတနာ က သားနဲ့ ကစားလိမ့်မယ်"

ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ရတနာသည် (၄)နှစ်သမီးတုန်းကပင် အပွန်ချစ်စရာ ကောင်းလှသည်။ ကျွန်တော် ဘာကြောင့်များ မမှတ်မိပါသနည်း။

ရတနာက ဘာမှမပြောပါ။ သူမဆောက်နေသော သဲအိမ် ကလေးကိုသာ စိတ်ဝင်စားနေပါသည်။

ကျွန်တော်က သူမကို နှုတ်ဆက်ဖို့ ပြင်လိုက်သည်နှင့် ရုတ်တရက် ရှက်သလိုလို ခံစားလိုက်ရသည်။

ထို့နောက် ကျွန်တော် ကိုယ့်ကိုယ်ကို သတိထားလိုက်မိ သည်။ ဘာဖြစ်လို့ (၄)နှစ်သမီးအရွယ် ကောင်မလေးရှေ့မှာ ရှက်နေရမှာလဲ။ ဘာပဲဖြစ်ဖြစ် သူမသည် ကျွန်တော့်ကို အတွင်းခံ ဘောင်းဘီတိုလေးဖြင့် မတွေ့ဖူးသေးချေဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်သည်။

ထိုအဖြစ်ဆိုးနှင့်ကြုံရန် နောက်ထပ် ရှစ်နှစ် လိုပေသေး သည်။

"ဟေး...ရတနာ"

ကျွန်တော့်ပါးစပ်မှ ထိုသို့သော ကလေးပေါက်စသံလေး ထွက်လာသောအခါ လန့်ပြီး နောက်ဆုတ်မိမတတ် ဖြစ်သွား၏။ သို့သော် လူတိုင်းမှာမှ သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ်လို ဖြစ်နေ၏။

ရတနာက နှာခေါင်းလှန်၍ 'ဟွန်း'ဟု နှာခေါင်းရှုံ့ပြသည်။

အိပ်မက်အသစ်



"ကောင်စုတ်၊ ငါက ယောကျ်ားလေးတွေကို မခေါ် ဘူး"

"ပြီးရော"

ကျွန်တော်၏ ချာတိတ်ပေါက်စအသံလေးကို ညှစ်ထုတ်၍ ပြောလိုက်သည်။

ရတနာသည် သူမ၏ သဲအိမ်လေး ပတ်လည်တွင် မြောင်း ဖော်နေ၏။ ထို့နောက် သူမက မတ်တတ်ရပ်လိုက်ပြီး...

"ဘယ်သူ့ကိုမှ ငါ့သဲ ရဲတိုက်ကို ဖြိုချခွင့် မပေးနိုင် ဘူး"

ဟု အမိန့်ပေးသံမျိုးနှင့် ပြော၏။

"ဩော်...ဒါက သဲအိမ်လေးမှ မဟုတ်ပဲ။ ကျွန်တော် ထင်တာ မှားနေတာပေါ့"

"အင်း"

ဟု ကျွန်တော် သဘောတူလိုက်သည်။

သူမက ပြေးထွက်သွား၏။ မိနစ်အနည်းငယ် ကြာသော အခါ သူမသည် ရေပုံးတစ်ပုံးဆွဲ၍ ပြန်လာသည်။ သူမသည် သဲရဲတိုက်အေားရှိ ငှ လးထဲသို့ ရေများကို ဂရုတစိုက် လောင်း ထည့်နေသည်။ ထို့နောက် ကျန်ရေများကို ကျွန်တော့်အခါင်း ပေါ်သို့ သွန်ချလိုက်ပြီး...

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



"ငတုံးကောင်"

ဟု ကျွန်တော့်ကို ပြောင်လှောင်ကာ ပြေးလေသည်။

ကျွန်တော်သည် ချက်ချင်းထ၍ ရေစိုနေသော ခေါင်းကို ခွေးလိုခါလိုက်၏။ မျက်ရည်ကျချင်စိတ်နှင့် ဆရာမကို သွားတိုင်ပြောချင်စိတ်က ကြီးစိုးနေ၏။

ရတနာသည် ကျွန်တော်နှင့် ကိုက်အနည်းငယ်အကွာတွင် ရပ်နေပြီး ပြေးရန် အသင့်ဖြစ်နေသည်။ သူမက...

"ကရော်ကရော်"

ဟုလည်း ပြောပြရင်း...

"ငါ့ကို လာဖမ်းလေ"

ကျွန်တော်က စိုနေသော ဆံပင်များကို သပ်တင်ပြီး ရတနာ့ကို စိုက်ကြည့်နေမိသည်။ သူမက လှောင်ထုတ်ပြရင်း...

"နင် ငါ့ကို မဖမ်းမိနိုင်ပါဘူး"

ကျွန်တော် ဘာလုပ်ရမလဲ။ သူမနောက်ကို ပြေးလိုက်ဖို့ပဲ ရှိသည်။

ကျွန်တော် စ,ပြေး၍လိုက်သည်။ ရတနာက အော်ဟစ်ပြီး ကစားကွင်း ခြံစည်းရိုးနားရှိ သစ်ပင်သို့ ပြေးလေသည်။ ထိုနေရာတွင် နောက်ကောင်မလေးတစ်ယောက် ရပ်နေ၏။ စီစီ မဟုတ်လား။





သူမသည် ပန်းရောင်ကိုင်းနှင့် မျက်မှန်ထူထူ တပ်ထား၏။

ရတနာက ကြောက်လန့်တကြားအော်၍ စီစီ့ကို ဖက်ထား၏။ စီစီကလည်း ပြန်ဖက်ထားပြီး ထိတ်လန့်တကြားဟန်နှင့် အော်ဟစ်နေသည်။

သစ်ပင်ရှေ့တွင် ကျွန်တော် ရပ်လိုက်သည်။

"မကြောက်ပါနဲ့၊ နင်တို့ကို ငါ ဘာမှ မလုပ်ပါဘူး"

ရတနာက...

"ကယ်ကြပါဦး"

ကျွန်တော်က မြက်ခင်းပေါ်တွင် ထိုင်ချလိုက်ပြီး သူမတို့ကို ဒုက္ခမပေးကြောင်း သက်သေပြလိုက်သည်။

"ဖိုးကျော် ကောင်စုတ်၊ ငါတို့ကို လိုက်လုပ်နေတယ်"

ကောင်မလေးများက အော်ဟစ်၍ မပြီးနိုင်တော့။ ထို့နောက် ကျွန်တော့်ပေါ်သို့ ခုန်အုပ်လိုက်ကြသည်။

"အား"

"သူ့လက်တွေကို ချုပ်ထား"

ဟု ရတနာက အမိန့်ပေး၏။ စီစီကလည်း လိုက်လုပ်သည်။ ရတနာက ကျွန်တော့်ကို ကလိထိုးပါကော့သည်။

"တော်ကြပါတော့ တော်တော့"

ရတနာ အနိုင်ကျင့်တတ်မှန်း ကျွန်တော် မေ့နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြန်စဉ်းစားနေမိသည်။ အကယ်၍ ကျွန်တော့် အသက်အရွယ်မှန်ကို ပြန်ရောက်ခဲ့ပါက ကျွန်တော် ရတနာ့ကို ကြိုက်တော့မည် မထင်ပါ။

"တော်ပါတော့ဟာ မလုပ်ပါနဲ့တော့"

ဟု ထပ်တောင်းပန်လိုက်သည်။ ရတနာက...

"အေး...ဒါဆို ကလိထိုးတာ ရပ်လိုက်မယ်။ ဒါပေမဲ့ နင် ကတိတစ်ခု ပေးရမယ်"

"ဘာလဲ"

"ဒီသစ်ပင်ပေါ် တက်ရမယ်"

ခြံစည်းရိုးနားက သစ်ပင်ပေါ်သို့ လက်ညှိုးထိုးပြသည်။

"ကောင်းပြီလေ"

သစ်ပင်ကိုကြည့်လိုက်သည်။ သစ်ပင်တက်ခြင်းသည် ဘာ ခက်ခဲသည့်အလုပ်မဟုတ်ချေ။

"ရတယ်"

ဟု ကျွန်တော် သဘောတူလိုက်သည်။

"ငါ့ကို လွှတ်ပေးဦး"

ရတနာက မတ်တတ်ရပ်လိုက်သည်။ စီစီက ကျွန်တော့် လက်များကို လွှတ်ပေးလိုက်၏။

ကျွန်တော်သည် မတ်တတ်ရပ်၍ ဘောင်းဘီတွင်ကပ်နေ





သော မြက်များကို ခါထုတ်လိုက်သည်။

"နင် ကြောက်နေတယ် မဟုတ်လား"

ဟု နားကမခံချင်အောင် ပြောပြန်လေသည်။

"မဟုတ်ဘူး"

ကျွန်တော် ပြန်ငြင်းလိုက်သည်။

ဘယ်လောက် ဆိုးရွားလိုက်သလဲ။ ရတနာသည်လည်း တာရာ့လိုပင် ဆိုးသည်။

ယခုတော့ ရတနာနှင့် စီစီသည် ကျွန်တော့်ကို နောက် ပြောင်နေကြလေပြီ။

"ဖိုးကျော်...ကြောက်၊ ဖိုးကျော်...ကြောက်"

ကျွန်တော် သူတို့ကို ဥပေက္ခာပြုလိုက်၏။ အနိမ့်ဆုံးကိုင်းကို ဆွဲယူလိုက်ပြီး အပေါ်သို့ အားယူတက်လိုက်သည်။ ကျွန်တော်ထင်တာထက် ပိုခက်ပါသည်။ ကျွန်တော်၏ လေးနှစ်သား အရွယ် ခန္ဓာကိုယ်မှာ မကြံ့ခိုင်လှသေးပါ။

"ဖိုးကျော်...ကြောက်၊ ဖိုးကျော်...ကြောက်"

"ပါးစပ်ပိတ်ထားစမ်း"

ဟု အောက်ကိုငုံ့၍ အော်လိုက်သည်။

"ဒီအပင်စုတ်ကို ငါတက်နေတာ မမြင်ဘူးလား။ ငါ့ကို ကြောက်လို့ အော်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရတနာ ရော စိစိ ဖြို့အရိုးဗီတစ်ခေါက်ကိုကဲ့သို့ အူကြောင်ကြောင် မျက်လုံးများဖြင့် ကြည့်နေကြ၏။ ကျွန်တော်ပြောသည်ကို သူတို့ နားမလည်ပါ။

"ဖိုးကျော်…ငကြောက်"

ဟု ကပ်စ,နေပြန်သည်။

ကျွန်တော် သက်ပြင်းချပြီး သိပ်ပျင်းကိုပဲ ဆက်တတ်နေလိုက်သည်။ ကျွန်တော့်လက်များမှာ သေးငယ်ထွန်းလို့၍ အာစ်တိုင်းတို မြဲမြဲမဆက်ကိုင်နိုင်။ ခြေတစ်ဖက် ချော်ထွက်သွား၏။ ထို့နောက် ကြောက်စရာအတွေးတစ်ခု ကျွန်တော့်ခေါင်းထဲသို့ ချွန်ဝင်လာသည်။

နေ့ပေါ့ခိုင်ရေ..။

ဤအသွင်သဏ္ဌာန်ကို ကျွန်တော် မလွှဲသင့်ဘူး။

ဒီနှစ်ဟာ နေ့ကလေးသွားတဲ့ ကျွန်တော်တို့ ကျိုးသောနှစ် မဟုတ်လား။





အခန်း ( ၁၉ )

မနက်မိုးသောက်ပြန်ပြီ။

ကျွန်တော်သည် ဝါးခနဲ တစ်ချက်သန်းလိုက်ပြီး မျက်လုံးများကို ဖွင့်လိုက်သည်။ မနေ့က သစ်ပင်ပေါ်မှ လိမ့်ကျ၍ ကျိုးသွားသော ဘယ်ဘက်လက်ကို မြှောက်ယမ်းကြည့်မိသည်။ လက်မှာ အကောင်းပကတိ ဖြစ်နေသည်။ နဂိုပုံမှန်အတိုင်း လုံးဝပျောက်ကင်းသွားပြီ။

အချိန်ကာလသည် ထပ်မံ၍ နောက်ဆုတ်သွားပြန်ပြီ။ ဤသည်မှာ ဒုက္ခပေးလာသော အချိန်၏ ကောင်းသောအချက်တစ်ချက်ဖြစ်သည်။ လက်ပြန်ကောင်းအောင် အချိန်ယူ စောင့်ဆိုင်းစရာ မလိုပေ။

အချိန် မည်မျှ နောက်ပြန်ဆုတ်သွားပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်သည် အခန်းပြတင်းပေါက်ကို ဖြတ်သန်း၍ ဖြာကျနေပေသည်။ ထို့ကြောင့် မျက်နှာပေါ်တွင် သံပန်းအရိပ်များ ထင်ဟပ်နေ၏။ အရိပ်များကား အစင်းလိုက်။

အိပ်ရာပေါ်မှ လူးလဲထဖို့ လုပ်လိုက်သည်။ ကျွန်တော့် ခန္ဓာကိုယ်သည် တစ်ခုခုနှင့် ပိတ်မိနေ၏။

ဘာတွေလဲ။ ကျွန်တော် နောက်ကိုပြန်လှိမ့်၍ ကြည့်လိုက်သည်။

သံတိုင်တွေ...

ပတ်ပတ်လည်တွင် သံတိုင်များဖြင့် ဝန်းရံနေပေသည်။ အကျဉ်းထောင်ထဲ ရောက်နေတာလား။

ကျွန်တော် ထထိုင်နိုင်အောင် ကြိုးစားမိသည်။ သို့မှသာ ပို၍ မြင်နိုင်မည်။ သို့သော် အရင်ကကဲ့သို့ လွယ်လွယ်ကူကူ မရှိချေ။ ကျွန်တော့်ဗိုက်မှ ကြွက်သားများမှာ ပျော့တိပျော့ဖတ် ဖြစ်နေသည်။

နောက်ဆုံး ကျွန်တော်ထိုင်လို့ရသွားပြီး ဟိုကြည့်သည်ကြည့် လုပ်နေ၏။ ထောင်ထဲရောက်နေခြင်း မဟုတ်ပါ။ ကလေးငယ်များအား ထည့်သိပ်သော ဆားမှအကာပါသည့် ခုတင်ဖြစ်သည်။

ကျွန်တော့်ဆားတွင် ဘဲရုပ်ပုံပါသော စောင်အဟောင်းလေးသည် တွန့်ကြေစုပုံနေသည်။ ထို့နောက် တိရစ္ဆာန်အရုပ်လေးများ





အပုံလိုက်ရှိနေသည်။ ကျွန်တော်သည် အဖြူရောင် ရှပ်အကျႌ သေးသေးလေး ဝတ်ထား၏။ ပြီးတော့...

ဟာ...မဟုတ်ဘူး။

ကျွန်တော်သည် ကြောက်လွန်း၍ မျက်လုံးများ ပိတ်ထားမိသည်။

ဒါ မဖြစ်နိုင်ဘူး။ ကျေးဇူးပြုပြီး ဒါ တကယ်မဟုတ်ပါစေနဲ့ဟု ဆုတောင်းလိုက်မိသည်။

ကျွန်တော့်ဆုတောင်း ပြည့်မပြည့် မျက်စိဖွင့်၍ ကြည့်လိုက်သည်။

ဆုတောင်း မပြည့်ပါ။

ကျွန်တော့်ကိုယ်ပေါ်တွင် ကလေးငယ်များအား ဝတ်ပေးလေ့ရှိသော သေးစိုခံ ဘောင်းဘီလေး ဝတ်ထားသည်။

သေးစိုခံဘောင်းဘီ!

ယခု ကျွန်တော် ဘယ်အရွယ်ရောက်နေတာလဲ။ အချိန်မည်မျှ နောက်ပြန်လည်ခဲ့ပြီနည်း။

"သားနိုးနေပြီလား"

မေမေသည် အခန်းတွင်းသို့ ဝင်လာ၏။ မေမေ့ကိုကြည့်ရသည်မှာ ပို၍ နုပျိုလှပနေသည်။ အရင်က မေမေ ဤမျှ နုနယ်လှပသည်ကို ကျွန်တော် မမှတ်မိပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှေ့ရဲ့လား မေမေ့အချစ်တုံးလေး"

သူမသည် ကျွန်တော် ဘာမျှပြန်ဖြေမည်မဟုတ်ကြောင်း လုံးဝမျှော်လင့်ပြီးသား ဖြစ်သည်။ ထို့နောက် နို့ဘူးကို ကျွန်တော့် ပါးစပ်ထဲ ထည့်ပေးလိုက်သည်။

သေလိုက်စမ်း၊ နို့ဘူးတဲ့။

ပါးစပ်ထဲမှ ဆွဲထုတ်ပြီး စိတ်ဆိုးဆိုးဖြင့် အောက်ကို လွှင့်ပစ်လိုက်သည်။

မေမေက အောက်ကယူလိုက်ပြီး–

"မလုပ်ရဘူးလေ"

ဟု စိတ်ရှည်လက်ရှည် ပြောနေပါသည်။

"လူဆိုးလေး၊ နို့ဘူးစို့နော်။ လိမ္မာတယ်သားကြီး..."

ကျွန်တော့်ပါးစပ်ထဲသို့ နို့ဘူးကို ထပ်ထည့်ပြန်သည်။ ကျွန်တော် ရေဆာလှပြီ။ ထို့ကြောင့် မျော်ရည်သောက်နေလိုက်သည်။ ဟိုတစ်ချိန်က အရကျင့်ရပြီးသား နို့ဘူးစို့ခြင်းသည် ထင်သလောက် မဆိုးလှပါ။

မေမေ အခန်းထဲမှ ထွက်သွား၏။ ကျွန်တော်လည်း နို့ဘူးကို အောက်သို့ ချထားလိုက်သည်။

ကျွန်တော့်အသက် အယ်လောက်ရှိပြီဆိုတာ သိမှဖြစ်မည်။ ထို့ပြင် ကာလအတိုင်းအတာ မည်မျှကျန်သေးကြောင်း ရှာဖွေ





စမ်းစစ်ရဦးမည်။

ခုတင်အကာစာပိုင်များကို အသေးဖြ၍ ကျွန်တော့်ကိုယ် ကျွန်တော် ဆွဲထူလိုက်သည်။

ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော်ရပ်နိုင်ပြီ။ ခြေထစ်လှမ်းစမ်းလိုက်သည်။ ခြေထောက်ကြွက်သားများကို ကောင်းကောင်း ထိန်းချုပ်လို့မရ။ ခုတင်ပတ်ပတ်လည်တွင် ယိုင်ထိုးယိုင်ထိုးနှင့် လမ်းလျှောက်နေ၏။

ကျွန်တော် လမ်းလျှောက်နိုင်မှန်း သိလိုက်ပြီ။ ကောင်းကောင်းမွန်မွန် မတုတ်သော့ဘိုလည်း အနည်းဆုံး လမ်းတော့ လျှောက်နိုင်သေးသည်။

(၁)နှစ်သားအရွယ်ခန့်ပဲ ဖြစ်ရမည်။

ထို့နောက် လဲကျပြီး ခုတင်ဘေးဖျောင်းနှင့် ကျွန်တော့်ခေါင်း ရိုက်မိသွားသည်။ မျက်လုံးထဲမှ မျက်ရည်များ အလိုလို စီးကျလာ၏။ ထို့နောက် အာပြဲကြီးနှင့် စ,အော်ငိုပါတော့သည်။

မေမေ အခန်းထဲသို့ ပြေးဝင်လာသည်။

"ဘာဖြစ်တာလဲ သား၊ ဘာဖြစ်တာလဲ"

ကျွန်တော့်ကို ပွေ့ချီလိုက်ပြီး ပခုံးပေါ်တင်၍ ချော့မြူနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အငို ရပ်၍မရ။ တကယ်ကို ရှက်စရာကောင်းလှသည်။

ကျွန်တော် ဘာဆက်လုပ်ရင်ကောင်းမလဲ?

တစ်ညတွင်းချင်း (၃)နှစ် နောက်ပြန်ဆုတ်သွားသည်။ ယခု ကျွန်တော် (၁)နှစ်အရွယ်သာဖြစ်သည်။ မနက်ဖြန်ဆို အသက် ဘယ်လောက်လဲ။

ကြောက်စိတ်သည် ကျွန်တော့်ကျောရိုးသေးသေးလေးတစ်လျှောက် စိမ့်သွားသည်။

ယနေ့တွင်ပင် အချိန်ပုံမှန် လည်အောင်လုပ်ဖို့ နည်းလမ်းရှာကိုရှာရမည်ဟု ကိုယ့်ကိုယ်ကို ပြောနေမိသည်။

သို့သော် ကျွန်တော် မည်သို့လုပ်ရမည်နည်း။

ကျွန်တော်သည် နေ့ကလေးထိန်းကျောင်းတွင်ပင် မဟုတ်တော့ချေ။

အခါလည်သားအရွယ် ကလေးငယ်တစ်ယောက် ဖြစ်နေပေပြီ။

◆





## အခန်း ( ၂၀ )

မေမေက ကျွန်တော်တို့ အပြင်သွားကြမည်ဟု ပြော၏။ ကျွန်တော့်ကို အဝတ်အစားလဲပေးပြီးနောက် မေမေ့စကားများကြောင့် လန့်သွား၏။

"သားအနီးလဲဖို့လိုပြီ"

"မ...မ...မ..."

"လာပါ သားရယ်"

ထို့နောက် ဘာတွေဆက်ဖြစ်နေသည်ကို မစဉ်းစားချင်တော့ပါ။ မှတ်ဉာဏ်ထဲက ထုတ်ပစ်လိုက်ဖို့ပဲကောင်းသည်။

ပြီးတော့ မေမေက ကျွန်တော့်ကို တိုင်တွေ အကာအရံတွေ ပိုထူထပ်သော ကစားခြံထဲတွင် ထည့်ထားလိုက်သည်။ မေမေကတော့ အိမ်ထဲတွင် ဟိုသွားလိုက် ဒီသွားလိုက်နှင့် အလုပ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ကျွန်တော်သည် ပလုတ်တုတ်လေးကို ခါယမ်းနေလိုက်သည်။ ထို့နောက် အပေါ်တွင် ချိတ်ဆွဲထားသော တွဲလောင်းကျနေသည့် ရုပ်စုံကစားစရာလေးကို လှည့်လိုက်ပြီး လည်နေသည်ကို ကြည့်နေမိသည်။

ပလတ်စတစ်အရုပ်လေးပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်၏။ အသံဆူဆူများ အမျိုးမျိုး ထွက်လာသည်။ ကြွက်သံလို စူးစူးရှရှအသံ၊ ငန်းအော်သံ၊ နွားအော်သံ။

ကျွန်တော့် မျက်နှာ ရိုလာသည်။

ထိုအချိန်တွင် မေမေသည် ကျွန်တော့်ကို ပွေ့ချီလိုက်၏။ ဆွယ်တာတစ်ထည် ဝတ်ပေးပြီး ဦးထုပ်သေးသေးလေး ဆောင်းပေး၏။ ကလေးကလား အပြာရောင်ဖြစ်သည်။

"ဖေဖေ့ကို တွေ့ချင်လား"

"ဖေဖေ့ကို သွားတွေ့ပြီး ဈေးဝယ်ထွက်ချင်လား"

ကျွန်တော့်ကို မျှော်မြှုနေလေသည်။

"ဒါ ဒါ"

ဟု ပြန်ပြောလိုက်၏။

တကယ်တမ်း ကျွန်တော်ပြောနေသည်မှာ

"ကျွန်တော့်ကို ဈေးဟောင်းပစ္စည်းဆိုင် ခေါ်မသွားနဲ့။





ဆိုရင် ဒီမှာကော်ဖီပေါကနေ ကျွမ်းပစ်ချပြီး ကိုယ့်ဘာသာ ခေါင်းကွဲသွားအောင် လုပ်လိုက်မယ်" ဟူ၍။

သို့သော် ကျွန်တော် စကားပြောလို့မရချေ။ အလွန်ကြောက်စရာကောင်းလှသည်။

မေမေသည် ကားဆီသို့ ခေါ်သွား၏။ ကျွန်တော့်ကို ကားနောက်ခန်းတွင် ကလေးခုံလေးပေါ်၌ ခါးပတ်များကို တင်းတင်းပတ်၍ ထည့်ထားသည်။

မေမေ တာအားကြီး မကျပ်နဲ့ဟု ပြောဖို့ ကြိုးစားသော်လည်း "မ မ မ မ" ဟုသာ အသံထွက်နိုင်၏။

"မေမေ့ကို အချိန်ကြာအောင် မလုပ်စမ်းနဲ့"

ထို့နောက် မြို့ထဲသို့ ကားမောင်းထွက်လာခဲ့သည်။

အခွင့်အရေးတစ်ခုခု တော့ အနည်းဆုံး ရှိပေလိမ့်မည်။ အကယ်၍ ကျွန်တော်တို့သည် ဖေဖေ့ကို တွေ့ဖို့ သွားကြသည် ဆိုပါက ဈေးဟောင်းပစ္စည်းဆိုင် အနီးသို့ ရောက်ပေလိမ့်မည်။ ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်သည်ဆိုရုံမျှ ဖြစ်နိုင်ပါသည်။

မေမေသည် ဖေဖေ့ရုံးရှေ့တွင် ကားကို ရပ်လိုက်သည်။ ကျွန်တော့် ထိုင်ခုံခါးပတ်များကို ဖြုတ်ပေး၏။

ကျွန်တော် လှုပ်ရှားနိုင်လာပြီ။ သို့သော် ကြာကြာတော့ မဟုတ်ပေ။ မေမေသည် လက်တွန်းလှည်းကို ထုတ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန့်လိုက်ကာ ကျွန်တော့်ကို ထည့်ထားလိုက်သည်။ ခါးပတ်များ ထပ်မံ ပတ်ထားပြန်သည်။

တကယ်တမ်းတော့ ကလေးငယ်တစ်ယောက် ဖြစ်ရခြင်းသည် ထောင်သားတစ်ယောက်အဖြစ်နှင့် မခြားဟု တွေးနေမိသည်။ မေမေသည် လက်တွန်းလှည်းကို ပလက်ဖောင်းပေါ်တွင် တွန်းသွားနေသည်။ ဒီလောက် စိတ်ပျက်စရာကောင်းသည်ကို တစ်ခါမျှ မစဉ်းစားမိခဲ့ပါ။

နေ့လယ်စာ စားချိန်ရောက်ပြီ။ ရုံးအဆောက်အအုံထဲမှ ဝန်ထမ်းများ အပြုံလိုက် ထွက်လာကြ၏။ ဖေဖေရောက်လာပြီး မေမေ့ကို နှုတ်ဆက်သည်။

ထို့နောက် ဆောင့်ကြောင့်ထိုင်ပြီး ကျွန်တော့်မေးအောက်ကို ကလိထိုး၍ စ,နေလေသည်။

"ဖေဖေ့သားလေးရေ"

"ဖေဖေ့ကို နှုတ်ဆက်လိုက်ဦးလေ...သား"

ဟု မေမေကပြော၏။

"ဖေ...၊ ဖေ..."

ကျွန်တော့်ပါးစပ်က ထစ်အထစ်အ ဖြစ်နေသည်။

"သား..."

ဖေဖေ မတ်တတ်ရပ်လိုက်ပြီး မေမေ့ကို ခပ်တိုးတိုးပြော





သည်။

"သားဟာ စကားကို ဒီထက် ပိုပြောတတ်နေသင့်ပြီ။ ကိုမျိုးသိမ်းတို့ လင်မယားရဲ့ ကလေးဆို တို့သားနဲ့ ရွယ်တူပဲ။ အဲဒီကလေးက စကားကို ဝါကျတစ်ကြောင်းဆုံးအောင် ပြောတတ်နေပြီ။ ဥပမာ မီးသီး၊ မီးဖိုချောင်၊ ဝက်ဝံရုပ် လိုချင်တယ် ဆိုတာမျိုးပေါ့"

"ထပ်မပြောနဲ့တော့၊ ကျွန်မသားဟာ ဖွံ့ဖြိုးမှု မနှေးကွေးဘူး"

မေမေ့အသံက ဒေါသသံ ထွက်နေပြီ။

ကျွန်တော်လည်း လှည်းထဲမှနေ၍ ဒေါသအလိပ်လိပ် ထွက်နေပြီ။ နှေးတယ်...။ ဘယ်သူက ကျွန်တော့်ကို ဖွံ့ဖြိုးမှုနှေးတယ်ဟု ပြောသနည်း။

"ကိုယ်က ဖွံ့ဖြိုးမှုနောက်ကျတယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ကိုယ်ဆိုလိုတာက..."

"ရှင်ပြောပါတယ်၊ အဲဒီလိုပဲ ရှင်ပြောပါတယ်။ ဟိုတစ်ခါက သားလေး သူ့နှာခေါင်းထဲသူ ပဲစေ့ထည့်လိုက်တုန်းကလေ။ သူ့ကို စိတ်ရောဂါကုဆရာဝန်နဲ့ စမ်းသပ်ကြည့်သင့်တယ်ထင်တယ်လို့ ရှင်ပဲ ပြောခဲ့တာပဲ"

ကျွန်တော်က ကိုယ့်နှာခေါင်းထဲကိုယ် ပြန်ပြီး ပဲစေ့ထည့်



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ တုန်လှုပ်ချောက်ချားမိသည်။

ဒီလိုလိုပ်တာတော့ အစော်ပင်တော့သည်။ သို့သော် ကျွန်တော်သွည် လာသော အရွယ် တာလေးငယ်တစ်ယောက်သာ ဖြစ်သည်။ မေမေကြီး နားလည်မပေးနိုင်ဘူးလား။

ကျွန်တော့်ခေါင်းထဲတွင် အတွေးတွေကတော့ တောင်စဉ်ရေမရ။

(၁၅)နှစ်အရွယ်ရောက်လျှင် အိမ်ရာအားလုံး ပုံမှန်ဖြစ်သွားမည်ဆိုသည်ကို ပြောပြချင်နေမိသည်။ ဆိုလိုသည်မှာ ကျွန်တော်သည် ပါရမီရှင်တစ်ယောက် မဟုတ်ပါ။ သို့သော် သူမနှင့်အဆင့် လောက်တော့ ကောင်းကောင်းရနိုင်ပါလိမ့်မည်။

"ဒီကိစ္စကို နေ့ခက်မှာ ဆွေးနွေးလို့ရမလား။ နေ့လယ်စာစားဖို့ကိုယ့်ရုံးက အချိန် တစ်နာရီပဲရတာကွ။ တကယ်လို့ ညစာစားပွဲအတွက် စားပွဲဝယ်ဦးမှာဆိုရင် အနု သွားသင့်ပြီ"

"ဒီကိစ္စကို ရှင်းပြစမ်းပါ"

ခမ်းမောက နှာခေါင်းရှုံ့၍ ပြောလိုက်သည်။ မေမေသည် ကလေးတွန်လှည်းကို ဟန်ပါပါလှည့်၍ လမ်းဖြတ်ကူးလိုက်၏။ ဖေဖေက နောက်မှလိုက်လာသည်။

လမ်းတစ်ဖက်မှ ဈေးဆိုင်များသို့ မျက်လုံးကစားနေလိုက်သည်။ လူနေတိုက်ခန်းများ၊ ကော်ဖီဆိုင်၊ အပေါင်ဆိုင်တို့ရှိ၏။





ထို့နောက်တွင် ကျွန်တော်များနေသော ဆိုင်ကိုး သွားပြီ။ "အချိုမီး ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေး" ကျွန်တော်နှလုံးသားက အတွက်ထုတ်ခုန်နေပါတော့သည်။ ထိုဆိုင်သည် ယခုထိ ရှိနေပါသေးသည်။ ကျွန်တော့်မျက်လုံးများကို ဆိုဆိုင်းဘုတ်မှ ခွာမရတော့။

ကျွန်တော့်ကို အဲဒီဆိုင်ထဲခေါ်သွားပေးပါ မေမေရယ်မှာ တိတ်တဆိတ် ဆုတောင်းနေမိသည်။

အိုရိုးသော အရာများ

မေမေနှင့် ကျွန်တော်တို့သည် လမ်းတစ်လျှောက်လာခဲ့၏။ လူနေတိုက်ခန်းများကို ကျော်ခဲ့သည်။ ထို့နောက် အပေါင်ဆိုင်။ ထို့နောက် ကော်ဖီဆိုင်။

နောက်ဆုံးတွင် ကျွန်တော်တို့သည် ဦးဘဂျမ်းဆိုင်ရှေ့တွင် ရပ်လိုက်ကြသည်။ ဖေဖေသည် အောင်းဘီအိတ်ထဲ လက်ထည့်၍ ပြတင်းပေါက်ရှေ့မှ ဆိုင်အတွင်းသို့ ငေးကြည့်နေ၏။ မေမေနှင့် ကျွန်တော်က အေးမှရပ်လျက်။

မယုံနိုင်လောက်အောင်ပင်။ ကံကောင်းခြင်းသည် ရောက်လာပေပြီ။

ပြတင်းပေါက်မှ ၍ ရှာကြည့်နေလိုက်သည်။

နာရီ။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ မြင်ရသော မြင်ကွင်းမှာ ရှေးဟောင်းညှော်ခန်းပုံစံသာဖြစ်သည်။ ကျွန်တော်သည် ပရိဘောဂများကိုငေးကြည့်နေမိ၏။ သစ်သားစာအုပ်ဗီရို၊ ဟောင်းနွမ်းလှပြီဖြစ်သော စားပွဲတင်မှန်အိမ်၊ ပါရှင်းကော်ဇော၊ ပက်လက်ကုလားထိုင်၊ ထို့နောက် နာရီတစ်လုံး...စားပွဲတင်နာရီ။ သံစုံငှက်နာရီမဟုတ်ပေ။

တွေ့ချင်သော နာရီမဟုတ်။

ကျွန်တော့်နှလုံးသားသည် နဂိုအတိုင်း အောက်သို့ ပြန်နစ်မြုပ်သွား၏။

ကျွန်တော် မျှော်လင့်သည့်အတိုင်း ဆိုင်တော့ ရောက်နေပြီ။ သို့သော် နာရီက မရှိပေ။

◆





အခန်း ( ၂၁ )

ကျွန်တော် ငိုချင်လာပါသည်။

ငိုလည်း ငိုနိုင်ပါသည်။

လွယ်လိုက်တာ...

ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် ကလေးငယ်ဖြစ်၍ လူတိုင်းကပင် ငိုမည့်အရေးကို မျှော်လင့်ပြီးသား ဖြစ်သည်။

သို့သော် ကျွန်တော် မငိုပါ။ အပြင်ပန်းအရ အခါလည်သားအရွယ်ဖြစ်နေသော်လည်း အသိစိတ်မှာ (၁၅)နှစ်သားဖြစ်သည်။ ဘာနတော့ ကျန်နေပါသေးသည်။

ဖေဖေသည် တံခါးဆီသို့ ခြေလှမ်းလိုက်ပြီး မေမေနှင့်ကျွန်တော် ဝင်သာအောင် တံခါးကို ဖွင့်ပေး၏။ မေမေက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အတွင်းသို့ တွန်း၍ဝင်လိုက်သည်။ ကျွန်တော်သည် လက်တွန်းလှည်းထဲတွင် တုပ်နှောင်ခံထားရလျက်ပင်။

ဆိုင်ထဲတွင် ပရိဘောဂအဟောင်းများဖြင့်သာ ပြည့်နေလေသည်။ အသက် ၄၀ ဝန်းကျင်ရှိ ခပ်ဖိုင့်ဖိုင့် လူတစ်ယောက်သည် ပရိဘောဂများကြားရှိ လမ်းလေးအတိုင်း ကျွန်တော်တို့ရှိရာသို့ လာနေ၏။

နာရီကြီး...နာရီကြီး...။

စိတ်လှုပ်ရှားလွန်းသဖြင့် ကျွန်တော့်မှာ ဂနာမငြိမ်ဖြစ်နေရ၏။ လက်တွန်းလှည်းကို စတင်ခါယမ်းလိုက်သည်။

တော်တော် နီးနေပြီ။

ဆိုင်ရှင် လူဝကြီးက...

"ဘာများကူညီရမလဲ"

"ကျွန်မတို့ ထမင်းစား စားပွဲတစ်လုံးလောက် လိုချင်လို့ ရှာနေတာပါ"

ဟု မေမေက ပြောနေ၏။

ဒီလှည်းထဲက ထွက်မှဖြစ်မည်။ ပြီးတော့ နာရီဆီ ရောက်အောင် သွားရမည်။

လှည်းကို ပို၍ ပြင်းပြင်းထန်ထန် ခါယမ်းလိုက်ပြန်၏။ သို့သော် အကြောင်းမထူး။ ကျွန်တော့်မှာ တုပ်နှောင်ခံထား





ဆဲ။

"လှည်းထဲက ထုတ်ပေး"

ဟု အော်ဟစ်ပစ်လိုက်သည်။

ဖေဖေနှင့် မေမေက ကျွန်တော့်ဘက် လှည့်ကြည့်ကြ၏။ ဖေက

"သား ဘာပြောနေတာလဲ"

"အသံကတော့ ထုတ်...ထုတ် ဆိုလားပဲ"

ဟု ဆိုင်ရှင်က ဝင်ပြောသည်။

ကျွန်တော်ကလည်း ပိုပိုပြီး လှုပ်ယမ်းနေလိုက်သည်။ အော်လည်း အော်နေလိုက်သေး၏။ မေမေက...

"သားက လှည်းထဲမှာ နေရတာ မကြိုက်ဘူး"

သူမက ခါးကုန်း၍ ခါးပတ်များကို ကွင်းမှ ဖြုတ်ပေးပြီး...

"ခဏလောက် ချီထားလိုက်ရင် ငြိမ်သွားမှာပါ"

ကျွန်တော်သည် မေမေ့လက်မောင်းတွေထဲ ရောက်သည်ထိ ခဏစောင့်နေလိုက်ပြီး စူးစူးဝါးဝါး ထအော်ငို၏။ အော်င်သမျှ အော်ငိုနေလိုက်သည်။

ဖေဖေ့ မျက်နှာမှာ နီရဲလာပြီး...

"သားလေးကလဲကွာ...ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောက်...အောက်..."

"အေးပါ၊ အေးပါ"

မေမေက ပြောရင်း ကျွန်တော့်ကို ကြမ်းပေါ်သို့ ချပေးလိုက်သည်။

"ကဲ...ထပ်မအော်နဲ့တော့"

ကျွန်တော် ချက်ချင်းပင် ကိတ်တိတ်လေး နေလိုက်သည်။ ထို့နောက် ခြေထောက် ဝဝဖောင်းဖောင်း ပျော့တိပျော့ဖတ်လေးများကို စမ်းကြည့်၏။ ဒီခြေထောက်တွေက ကျွန်တော့်ကို ဝေးဝေးသယ်မသွားနိုင်ပေ။ သို့သော် ကျွန်တော် လုပ်စရာရှိတာတော့ လုပ်ရမည်။

"ကလေးကို ဂရုတစိုက်ကြည့်ထားနော်"

ဟု ဆိုင်ရှင်က သတိပေး၏။

"ပစ္စည်းတွေအားလုံးက ကျိုးတတ်ပဲ့တတ်တာချည်းပဲ"

မေမေ ကျွန်တော့်လက်ကိုဆုပ်ကိုင်၍

"လာ...သားလေး၊ မေမေတို့ စားပွဲတွေ လျှောက်ကြည့်ရအောင်"

မေမေက ကျွန်တော့်ကို သစ်သားစားပွဲများ ထားရှိရာဆိုင်ထောင့်သို့ခေါ်ဖို့ ကြိုးစားနေလေသည်။ ကျွန်တော်ကလည်း





ရှန်းကန်အော်ဟစ်နေဆဲဖြစ်သည်။ မေမေကလည်း ပို၍ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထား၏။

"ရှူး...တိတ်တိတ်နေ"

စားပွဲများဆီသို့ ကျွန်တော်ပါသွားလေတော့သည်။ နာရီကြီးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ မွန်းတည့်ချိန် ရောက်တော့မည်။

မွန်းတည့်ချိန်တွင် ငှက်ရုပ်သည် အပြင်ထွက်လာလိမ့်မည်။ ငှက်သောငှက်ရုပ်၏ခေါင်းကို လှည့်နိုင်လိုက်ခြင်းသည် ကျွန်တော့်အတွက် တစ်ခုတည်းသော အခွင့်အရေးဖြစ်သည်။

ကျွန်တော်သည် မေမေ့လက်ထဲတွင် တွဲလောင်းတွဲလောင်းနှင့် ပါလာသည်။ သူမက လက်ကို ပို၍ တင်းတင်းဆုပ်ကိုင်ထားဆဲပင်။

"ဒီဟာရော ဘယ်လိုလဲ ကေသီ"

ဟု ဖေဖေက အနက်ရောင်သစ်သားစားပွဲကို လက်နှင့်ပွတ်ရင်း မေးလိုက်၏။ မေမေကတော့...

"အိမ်ကထိုင်ခုံတွေနဲ့ဆိုရင် နည်းနည်းများ အရောင်ရင့်နေမလားလို့"

နောက်စားပွဲတစ်လုံးထံ မေမေ့အကြည့် ရောက်သွား၏။ ထိုစားပွဲရှိရာသို့ မေမေသွားနေစဉ် မေမေ့လက်ထဲမှ အသာအသာ



www.burmeseclassic.com

www.burmeseclassic.com



ရုန်းထွက်လိုက်သည်။ ဘယ်မှတော့ မသွား။

ဒုတိယစားပွဲရှိရာသို့ မေမေ့နောက်မှ တောက်တက် တောက်တက်နှင့် ပါလာသည်။ နာရီဆီသို့ နောက်တစ်ခေါက် လှမ်းကြည့်လိုက်သည်။ မိနစ်ကိုပြသော နာရီလက်တံရှည်မှာ တရွေ့ရွေ့သွားနေ၏။

၁၂ နာရီထိုးဖို့ ၂ မိနစ်အလို။

"သိပ်ရွေးမနေပါနဲ့ကွာ၊ ဟိုမိတ်ဆွေတွေက စနေနေ့ညဆို ညစာလာစားတော့မှာ"

"သိပါတယ်။ ဒါပေမဲ့ ကိုယ်သိပ်မကြိုက်တဲ့ စားပွဲကိုတော့ အလကားနေရင်း ဝယ်မပစ်နိုင်ပါဘူး"

ဖေဖေ့ အသံက ပိုကျယ်လာ၏။ မေမေ့ပါးစပ်မှလည်း ပို၍ပြင်းပြင်းထန်ထန် ပြန်ပြော၏။

အာ ဟ...ရန်ဖြစ်ကုန်ကြပြီ။ ဒါ ကျွန်တော့်အတွက် အခွင့်အရေးပဲ။

ဖေဖေက အော်၏။

"ကြမ်းပြင်မှာ စားပွဲခင်း ခင်းပြီးတော့ရော သူတို့ကို ဘာလို့ မကျွေးနိုင်ရမှာလဲ။ ပျော်ပွဲစားလို့တောင် ပြောလို့ရသေးတယ်"

နောက်ဆုံးတွင် မေမေသည် ကျွန်တော့်လက်ကို ဆုပ်ထား





ရာမှ ဖြေလျှော့ပေးလိုက်သည်။

ကျွန်တော် လွတ်ထွက်သွားပြီး နာရီဆီသို့ ရောက်အောင် မြန်နိုင်သမျှ မြန်မြန်သွား၏။ ယိုင်တိုင်ယိုင်တိုင်နှင့်။

နာရီ၏ မိနစ်လက်တံသည် နောက်တစ်ချက် ရွေ့သွားပြန်၏။ ကျွန်တော်ကလည်း ပိုမြန်အောင် ယိုင်ထိုးယိုင်ထိုးနှင့်ပင် ပြေး၏။

ကျွန်တော့်မိဘများ တစ်ယောက်နှင့်တစ်ယောက် အော်နေသံကို ကြားနေရ၏။

"ဒီလို ပုံဆိုးပန်းဆိုး စားပွဲကြီးကို ဘာကိစ္စ ဝယ်ရမှာလဲ။ မဝယ်နိုင်ဘူး"ဟု မေမေက အော်သည်။

ကျွန်တော့်ကို သတိမထားမိပါစေနှင့် ဆုတောင်းနေမိသည်။

နောက်ဆုံးတွင် နာရီနားသို့ ရောက်သွား၏။ နာရီကြီး၏ ရှေ့တွင် ရပ်၍ ငေးနေမိသည်။

ငှက်ရုပ်ထွက်လာမည့် တံခါးလေးမှာ အပေါ်ဘက် ဝေးဝေးမှာ ရှိနေပြီး လက်လှမ်းမမီပေ။

မိနစ်လက်တံမှာ ကလစ်ခနဲ တစ်ချက်ထပ်ရွေ့သွားပြန်သည်။ နာရီကြီး စတင်မြည်လေသည်။

ငှက်ရုပ်ရှိရာ တံခါးသည် ဟ၍ ဟ၍ ပွင့်သွား၏။ ငှက်ရုပ် ထွက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ကြိမ် ကူ၏။

ဒုတိယတစ်ကြိမ် ကူ၏။

ကျွန်တော်သည် အကူအညီမဲ့စွာ ငေးကြည့်နေမိဆဲ။

(၁၅)နှစ်အရွယ် ချာတိတ်သည် ကလေးငယ်လေး၏ ခန္ဓာကိုယ်ထဲတွင် ထောင်ချောက်မိသလို ပိတ်မိနေခဲ့သည်။

ကျွန်တော်သည် နာရီကိုသာ စိတ်ပျက်စွာ ငေးကြည့်နေမိသည်။ တစ်နည်းနည်းဖြင့်တော့ ငှက်ရုပ်ဆိ လက်လှမ်းမီအောင် လုပ်ရမည်။ ဘယ်လိုပဲဖြစ်ဖြစ် ရအောင်ပြန်လှည့်ရမည်။

◆





## အခန်း ( ၂၂ )

ကူးကူ...ကူးကူ...။

တတိယအကြိမ်။ စတုတ္ထအကြိမ်။

၁၂ ကြိမ်ပြည့်လျှင် ကျွန်တော် ကံဆိုးမိုးမှောင်ကျတော့မည်။

ငှက်ရုပ်လည်း ပျောက်ကွယ်သွားတော့မည်။

ဒီအကြိမ်သည် ကိုယ့်ကိုယ်ကို ကယ်တင်ရန် နောက်ဆုံးအခွင့်အရေးပင် ဖြစ်သည်။

အကယ်၍ အခွင့်အရေးကို လက်လွှတ်ခံခဲ့ပါက တစ်ရက်အတွင်း မဟုတ်တောင် မကြာမီ ကျွန်တော် ပျောက်ကွယ်သွားတော့မည်။ ထာဝရ ပျောက်ကွယ်သွားရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံ၊ လှေကား။ တစ်ခုခုကို ကျိုးကန်းတောင်းမှောက် ရှာနေမိသည်။ အနီးဆုံးရှိနေသော အရာမှာ ထိုင်ခုံတစ်ခု ဖြစ်သည်။

ကျွန်တော်သည် ယိုင်တိယိုင်နဲ့ဖြင့် ထိုင်ခုံဆီသွား၍ နာရီရှိရာဆီသို့ တွန်းယူလာခဲ့သည်။ တစ်လက်မသာသာခန့် ရွေ့၏။ တအားကုန် ထပ်၍တွန်းပြန်၏။ ခန့်မှန်းကြည့်လျှင် ကျွန်တော့်ကိုယ်အလေးချိန်မှာ ပေါင် ၂၀ ခန့်သာ ရှိပေလိမ့်မည်။

သို့သော် ထိုမျှသည် လုံလောက်ပါသည်။ ထိုင်ခုံသည် ကြမ်းပြင်တစ်လျှောက် လျှော၍ ရွေ့နေ၏။

ကူးကူ။ ကူးကူ။

ပဉ္စမအကြိမ်။ ဆဋ္ဌမအကြိမ်။

နာရီကြီးအနားသို့ရောက်လျှင် ထိုင်ခုံကို မတွန်းတော့ပဲ ရပ်လိုက်၏။ ထိုင်ခုံ၏အခင်းသည် ကျွန်တော့် မေးစေ့နှင့်တစ်တန်းတည်းဖြစ်သည်။

ထိုင်ခုံပေါ်တက်ရန် ကြိုးစားလိုက်၏။ လက်မောင်းများက အားပျော့လှသည်။ ထိုင်ခုံခြေထောက်များကို ဖိနပ်လေးဖြင့်ကန်၍ အားယူတက်လိုက်သည်။ ကိုယ်ကိုကွေ့အောင်လုပ်ပြီး နောက်မှီမှတန်းကို လှမ်းဆွဲလိုက်၏။

ဟား...ရပြီ...။

အိပ်မက်အသစ်



ကူးကူ၊ ကူးကူ။

သတ္တမအကြိမ်၊ အဋ္ဌမအကြိမ်။

ဒူးထောက်ပြီးတက်သည်။ နောက် ခြေဖဝါးများပေါ် မတ်မတ်ရပ်နိုင်သောအခါ ငှက်ရုပ်ဆီသို့ လက်လှမ်းလိုက်သည်။ အရုပ်ကို ရှည်ထွက်နိုင်သမျှ ရှည်ထွက်အောင် ဆန့်ထုတ်နေမိသည်။

ကူးကူ၊ ကူးကူ။

နဝမမြောက်၊ ဒသမမြောက်

ရောက်ခါနီးပြီ။ ရောက်ခါနီးပြီ။

ထိုအချိန်တွင် ဆိုင်ပိုင်ရှင်၏ အော်သံကို ကြားလိုက်ရသည်။

"ကလေးကို လှမ်းဆွဲကြပါဦး"

◆

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

ခြေသံပြင်းပြင်းကို ကြားလိုက်ရ၏။ သူတို့ ကျွန်တော့်ဆီ ပြေးလာနေကြပြီ။ ကျွန်တော်သည် ငှက်ရုပ်ဆီသို့ရောက်ရန်သာ အားထုတ်နေမိသည်။ နောက်ထပ် တစ်လက်မ။

ကူးကူ၊ ကေဒသမကြိမ်။

မေမေသည် ကျွန်တော့်ကို လှမ်းဆွဲလိုက်ပြီး အပေါ်သို့ မြောက်သွားအောင် ပွေ့ချီလိုက်သည်။

"သား...မလုပ်ရဘူးလေ"

ပွေ့ချီလိုက်သော မေမေ့လက်ထဲတွင် ကျွန်တော် အလိုက်သင့် မြောက်ကာ ပါသွားသည်။

ဆွဲပြီး မ,တင် ပွေ့ချီလိုက်သောကြောင့် ကျွန်တော့်တစ်ကိုယ်လုံး အပေါ်သို့ မြောက်တက်အသွား...

"ကလစ်"





လေထဲမှာ ကျွန်တော့်လက်က ငှက်ရုပ်၏ ဦးခေါင်းကို လှမ်းမီ ဆုပ်ကိုင်လိုက်နိုင်သည်။

ငှက်ရုပ်ခေါင်းကို လှည့်လိုက်၏။

ကူးကူ။ ဒွါဒသမကြိမ်။

ငှက်ရုပ်သည် နာရီထဲသို့ ပြန်ဝင်သွားပြီး ဦးခေါင်းသည် ပုံမှန်အတိုင်း ဖြစ်သွားသည်။

ရှေ့ဆက်လုပ်ရဦးမည်။

မေမေ့လက်ထဲမှ ရုန်းကန်နေရင်း ထိုင်ခုံပေါ်သို့ ဆင်းနေမိသည်။

"သား...ဘာဖြစ်နေတာလဲ"

မေမေကလည်း ကျွန်တော့်ကို ပွေ့ထားဖို့သာ ကြိုးစားနေ၏။ ကျွန်တော်ကလည်း အတင်းဆင်း၏။ နာရီဘေးသို့ ကျွန်တော် ရောက်သွားသည်။

ခုနစ်ကိုပြသော ဒိုင်ခွက်ကို တွေ့ရ၏။

ထိုင်ခုံပေါ်တွင် ကျွန်တော် မတ်တတ်ရပ်လျက် ခလုတ်ပေါ်သို့ လက်တင်၍ သတိကြီးစွာဖြင့် ခုနစ်ကို ရွေးချယ်လှည့်လိုက်သည်။

ဆိုင်ပိုင်ရှင်၏ ရုတ်တရက်အော်သံကို ကြားလိုက်ရသည်။

"အဲဒီကလေးကို နာရီနဲ့ ဝေးဝေးမှာ ထားပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်တော့်ကို ဖမ်းချုပ်ထားလိုက်ပြန်သည်။ ကျွန်တော်ကလည်း စူးစူးရှရှ ကျယ်ကျယ်လောင်လောင် အော်ငိုနေမြဲ။ မေမေသည် ခဏကြောင်သွားပြီး သူ့လက်များကို အောက်သို့ ချလိုက်၏။

"သား၊ လွှတ်လိုက်စမ်း"

ဟု ဖေဖေက အော်၏။

ကျွန်တော်သည် ခလုတ်ပေါ်မှလက်ကို ဖယ်လိုက်ပါပြီ။ ဒိုင်ခွက်မှာလည်း ခုနှစ်အမှန်ကို ပြနေပါသည်။ ပစ္စုပ္ပန် ခုနှစ်။ ကျွန်တော်၏ ၁၅ နှစ်သားအရွယ် သက္ကရာဇ်။ ကျွန်တော့်ကို ထပ်ဖမ်းမိသွားပြန်သည်။ ဒီတစ်ကြိမ်တော့ မေမေ့ကို အသာ တကြည် ပွေ့ချီခွင့်ပေးလိုက်ပါသည်။

ယခုတော့ ဘာပဲဖြစ်ဖြစ် ကိစ္စမရှိတော့ဟု တွေးလိုက်မိသည်။ နာရီတွင် အပြောင်းအလဲဖြစ်ခဲ့သော ကျွန်တော် (၁၅)နှစ်သားအရွယ်သို့ ပြန်ရောက်ပေလိမ့်မည်။ သို့မဟုတ်ပါက ဘာတွေ ဆက်ဖြစ်မည်နည်း။ အဲဒီနောက်တော့ ကျွန်တော် ပျောက်ကွယ်သွားရပေတော့မည်။ အချိန်၏ ယန္တရားတွင် မေးမှိန်ပျောက်ကွယ်သွားရပေတော့မည်။ ထာဝရ။

ကျွန်တော် စောင့်ဆိုင်းနေလိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်"





ဟု ဖေဖေက ဆိုင်ရှင်ကို ပြော၏။

"ဒီကလေးကြောင့်တော့ နာရီကြီး မပျက်စီးလောက်ပါဘူးနော်"

ကျွန်တော့်လည်ပင်း ကြွက်သားများ တင်းခနဲဖြစ်သွား၏။ ဘာအဖြစ်အပျက်မှ မဖြစ်။ ဘာဆိုဘာမှ မပြောင်းလဲ။ နောက်ထပ် တစ်မိနစ် ထပ်စောင့်ကြည့်သည်။

ဆိုင်ပိုင်ရှင်သည် နာရီကို စေ့စေ့စပ်စပ် စစ်ဆေးနေလေသည်။

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ကလေးက ခုနှစ် ဒိုင်ခွက် ခလုတ်ကို ရွှေ့ပစ်လိုက်တယ်။ အဲဒါကို ပြန်ပြောင်းရုံပါပဲ"

ဟု ဆိုင်ရှင်က ဖေဖေ့ကို ပြော၏။

"မလုပ်နဲ့...မလုပ်နဲ့၊ မလုပ်ပါနဲ့"

ကျွန်တော် အသံကုန်အော်လိုက်သည်။

"ကလေးကို စည်းကမ်းနည်းနည်းတော့ ရှိစေချင်တယ်"

ဟု ဆိုင်ရှင်က ထပ်ပြောနေပြန်သည်။

ထိုသူ၏လက်များသည် နာရီနားသို့ ရောက်သွားပြီး ခုနှစ်များကို နောက်ပြန်လှည့်ရန် ရွယ်လိုက်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

"မလုပ်နဲ့"

ဟု ရှူးရှူးဝါးဝါး အော်လိုက်မိသည်။

ဒုက္ခတော့ ရောက်ပြီ။ ကယ်တင်လို့မရတော့။

သို့သော် ဆိုင်ပိုင်ရှင်သည် ခလုတ်ကို ဘယ်သောအခါမျှ ထိခွင့်ရတော့မည်မဟုတ်ချေ။

ရှူးရှတောက်ပသော အဖြူရောင်အလင်းတစ်ခုသည် ဖျတ်ခနဲ လင်းလက်သွား၏။ ကျွန်တော့်မှာ မူးနောက်ရီဝေစွာနှင့် မျက်ခွံများကို ပုတ်ခတ် ပုတ်ခတ် လုပ်နေမိသည်။

ကျွန်တော် တစ်စုံတစ်ရာကို မြင်တွေ့ခွင့်မရမီ စက္ကန့်တော်တော်ကြာ ဖြတ်သန်းလိုက်ရသည်။





အေးမြစွတ်စိုသောလေကို ခံစားလိုက်ရ၏။ သံချေးတက်နေသော အနံ့ကို ရှူရှိုက်လိုက်ရ၏။ ဂိုဒေါင်တစ်ခု၏ ရနံ့ပဲ။

"ဒါကို ကြိုက်ရဲ့လား"

ဖေဖေ့အသံ။

ကျွန်တော် မျက်တောင်တစ်ချက် ခတ်လိုက်သည်။ မျက်လုံးများ ကျင့်သားရသွားပြီ ဖြစ်သည်။ ဖေဖေနှင့် မေမေ့ကို တွေ့ရ၏။ အိုမင်းသွားသလိုပဲ။ အရင်အတိုင်းနှင့် တူသည်။

ကျွန်တော်တို့သည် ဂိုဒေါင်ထဲတွင် ရပ်နေကြ၏။ ဖေဖေသည် တောက်ပြောင်နေသော စက်ဘီးအသစ်တစ်စီးကို ကိုင်ထား၏။

မေမေက မျက်မှောင်ကျုံ့၍...

"သား၊ နေကောင်းရဲ့လား"

သူတို့ ကျွန်တော့်ကို စက်ဘီးတစ်စီး ပေးနေကြပြန်ပြီ။ ဒါဆို ဒါ ကျွန်တော့်မွေးနေ့ပေါ့။

နာရီကြီးက အစွမ်းပြပြီး ပစ္စုပ္ပန်သို့ရောက်အောင် ကျွန်တော့်ကို ကျွန်တော် ပြန်ပို့ပေးနိုင်ခဲ့ပြီ။

ပစ္စုပ္ပန်နားနီးနီးပဲ။ ၁၅ နှစ်ပြည့် မွေးနေ့အထိ။

အလွန် နီးစပ်ပါသည်။

ပျော်ရွှင်လွန်း၍ ပေါက်ကွဲမတတ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေမေ့ဆီပြေး၍ တင်းတင်းကျပ်ကျပ် ဖက်လိုက်၏။

ဖေဖေက ဝမ်းသာအားရ ရယ်မောရင်း...

"ဟေး...သား၊ ဒီစက်ဘီးကို သဘောကျလိမ့်မယ် ဆိုတာ ဖေဖေ သိပြီးသားကွ"

ကျွန်တော်ကလည်း အားတက်သရောနှင့်

"သိပ်ကြိုက်တာပေါ့၊ ဖေဖေနဲ့ မေမေ့ကို သား ချစ်တယ်။ အားလုံးကိုလည်း ချစ်တယ်။ တစ်လောကလုံး ကိုလည်း ချစ်တယ်"

တကယ်တော့ ကျွန်တော်သည် (၁၅)နှစ်အရွယ်သို့ ပြန်ရောက်ရခြင်းကို ကျေနပ်နေခြင်းပင်။ ကျွန်တော် လမ်းလျှောက်နိုင်သည်။ စကားပြောနိုင်သည်။ လူကြီးမပါဘဲ ဘတ်စ်ကား စီးခွင့်ရပြီ။

သြော်...နေပါဦး။ ဒီနေ့က ကျွန်တော့်မွေးနေ့ပဲ။

ဒီနေ့ကို ထပ်ဖြတ်သန်းဖို့ ကျွန်တော့်ကို မပြောကြပါနဲ့တော့။

ကြောက်စရာကောင်းသော နေ့ကို ရင်ဆိုင်ဖို့ စိတ်ကိုတင်းလိုက်၏။ ပခုံးများ တောင့်တင်းသွားကြသည်အထိ။

တန်ပါတယ်ဟု ကိုယ့်ကိုယ်ကို ပြောနေမိသည်။ အချိန်





သည်သာ ပုံမှန်အတိုင်း ရှေ့သို့သွားနေမည် ဆိုပါက ဤအဖြစ် အပျက်သည် တန်ရာတန်ကြေး ပေးရခြင်းပင် ဖြစ်သည်။

ရှေ့တွင် ဘာတွေဆက်ဖြစ်မည်ဆိုသည်ကို ကောင်းကောင်း သိနေပါပြီ။

တာရာ...

တာရာသည် ကျွန်တော့် စက်ဘီးအသစ်ကို တက်စီးမည်။ စက်ဘီးလဲကျပြီး အစင်းကြောင်းကြီး ဖြစ်သွားမည်။

ကောင်းပြီတာရာ၊ ငါကတော့ အဆင်သင့်ပဲ။ မင်း ဘယ်လောက် ဆိုးဆိုးရွားရွား လုပ်နိုင်မှာတဲ့လဲ။

ကျွန်တော် စောင့်နေလိုက်သည်။

တာရာကား ပေါ်မလာ။

တကယ်တော့ အနီးအနားတွင်ပင် တာရာ့ကို မတွေ့ချေ။

သူမသည် ဂိုဒေါင်ထဲတွင်မရှိ။ အရိပ်အရောင်မျှ မတွေ့ချေ။

ဖေဖေနှင့် မေမေသည် စက်ဘီးကို ကိုင်ကြည့်နေကြ၏။ တစ်စုံတစ်ရာ မှားယွင်းနေပုံမပေါ်ချေ။ တစ်ယောက်ယောက် ပျောက်နေပုံလည်း မရ။

"တာရာရော ဘယ်မှာလဲ"

ဖေဖေတို့ လှည့်ကြည့်ပြီး တွေတွေဝေဝေနှင့် ပြန်မေး၏။

"ဘယ်သူ..."



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ကို ဖိတ်ထားလို့လား"

ဟု မေမေက မေး၏။

"ဖိတ်စာတွေပို့တုန်းကတော့ တာရာဆိုတာ ပါသလား၊ မေမေ မမှတ်မိဘူး"

မေမေက ကျွန်တော့်ကို ငေးကြည့်၍

"တာရာဆိုတာ သားကောင်မလေးလား"

"မဟုတ်ပါဘူး"

ဟုဖြေရင်း ကျွန်တော် ထူပူသွား၏။

တာရာကို နာမည်ပင် မကြားဖူးကြကြောင်း သေချာသွားသည်။

သူတို့၏ သမီးအရင်းကို တစ်ခါမှ မသိခဲ့ကြ။

"သား အပေါ်တက်၊ ပြီးတော့ မွေးနေ့ပွဲအတွက် အဆင်သင့်လုပ်ထား၊ သူငယ်ချင်းတွေ ရောက်လာတော့မယ်"

ဟု မေမေက ပြောသည်။

"ဟုတ်"

အိမ်ထဲသို့ စိတ်မပါလက်မပါ ဝင်ခဲ့၏။

"တာရာ..."

တိတ်တိတ်ဆိတ်ဆိတ်ပင်။





တစ်နေရာရာမှာများ ပုန်းနေသလား။

တစ်အိမ်လုံးအနှံ့ လိုက်ရှာသည်။ တာရာ့အခန်းတံခါးကို ဖွင့်လိုက်သည်။ ကျွန်တော် မျှော်လင့်ထားသည်က ရုပ်ပွနေသော အဖြူရောင် အိပ်ရာဖုံးနှင့် တစ်ခန်းလုံး ပန်းရောင်ဖြစ်နေသော မိန်းကလေးအိပ်ခန်းဖြစ်သည်။

သို့သော် မြင်တွေ့လိုက်ရသည်က ဆင်တူ ခုတင်နှစ်လုံး၊ သပ်ရပ်သန့်ရှင်းနေသော အိပ်ရာဖုံးများနှင့်။ ဗီရိုများမှာ ဟောင်းလောင်း။ တခြား ဘာမှမရှိ။

တာရာ၏ အခန်းမဟုတ်ချေ။

ဧည့်သည်များအတွက် အခန်းတစ်ခုသာ ဖြစ်သည်။

ဟာ...

ကျွန်တော် အံ့သြမဆုံးဖြစ်သွားရသည်။

တာရာ မရှိ။ တာရာ ရှိကိုမရှိခဲ့။

ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ။

နားနေခန်းထဲသို့သွား၍ သံစုံငှက်နာရီကို ရှာသည်။

ထိုနေရာတွင် မရှိ။

စက္ကန့်အနည်းငယ်ကြာမျှ ကျွန်တော် ကြောက်လန့် တုန်လှုပ်နေမိသည်။ သို့သော် ခဏအကြာတွင် တည်ငြိမ်လာသည်။

သတိရပြီ။ မွေးနေ့တုန်းက နာရီမရှိသေးပေ။ မွေးနေ့ပြီး

www.burmeseclassic.com



နှစ်ရက်လောက်မှ နာရီဝယ်ခြင်းဖြစ်သည်။

သို့သော် ကျွန်တော် ယခုထိ နားမလည်သေးပါ။ ညီမလေး ဘယ်လိုဖြစ်သွားတာလဲ။ တာရာ ဘယ်ရောက်သွားတာလဲ?

* * *

မွေးနေ့ပွဲအတွက် ကျွန်တော့်သူငယ်ချင်းများ ရောက်လာကြပြီ။ သီချင်းများဖွင့်ကြသည်။ မုန့်များ စားကြ၏။ စီစီသည် ကျွန်တော့်ကို အခန်းထောင့်သို့ ဆွဲခေါ်သွားပြီး ရတနာက ကျွန်တော့်ကို စိတ်ဝင်စားနေကြောင်း တိုးတိုးလေး ပြောပြနေသည်။

ရတနာ့ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ သူမသည် ရှက်သွေးဖြာသွားပြီး အဝေးကို ငေးကြည့်နေပါသည်။

ကျွန်တော့်ကို ပြောင်လှောင်မည့်တာရာ မရှိချေ။ ဤသို့ဖြစ်နေခြင်းသည် တစ်မျိုးကြီးဖြစ်နေ၏။

သူငယ်ချင်းများက လက်ဆောင်များ အသီးသီး ယူဆောင်လာကြသည်။ လက်ဆောင်ပစ္စည်းများကို ကျွန်တော်ကိုယ်တိုင် ဖွင့်ခွင့်ရသည်။ ကျွန်တော် မကြည့်ရသေးမီ ဦးအောင်ဖွင့်မည့် တာရာမရှိ။

ကိတ်မုန့်စားချိန်ရောက်သောအခါ ထမင်းစားခန်းထဲသို့ မွေးနေ့ကိတ်ကို သယ်ယူလာပြီး စားပွဲအလယ်တွင် ချထားလိုက်သည်။ ဘာပြဿနာမှမရှိ။ ကျွန်တော် မလဲကျ။ ကျွန်တော့်ကို





ကျွန်တော် အရူးဖြစ်အောင်လည်း မလုပ်မိ။

အကြောင်းမှာ ကျွန်တော့်ကို ချောက်တွန်းမည့် တာရာ မရှိ၍ ဖြစ်သည်။ ကြုံဖူးသမျှတွင် ပျော်စရာအကောင်းဆုံး မွေးနေ့ပွဲဖြစ်၏။ ဤနေ့သည် ကျွန်တော့်အသက်ရှင်ခဲ့သမျှ နေ့များထဲတွင် အပျော်ရွှင်ရဆုံးနေ့ဖြစ်သည်။ နှောင့်ယှက်မည့် တာရာ မရှိသောကြောင့် ဖြစ်သည်။

မကြာမီ နေသားကျသွားပေလိမ့်မည်။

* * *

ရက်အနည်းငယ်အကြာတွင် သံစုံငှက်နာရီကြီး အိမ်သို့ ရောက်လာသည်။

"မိုက်တယ် မဟုတ်လား"

ဖေဖေသည် ပထမအကြိမ်တုန်းကအတိုင်း ဝမ်းသာအားရ အော်ဟစ်နေလေသည်။

"ဦးဘဂျမ်းက ဒီနာရီကို ဈေးပေါပေါနဲ့ ရောင်းလိုက်တာ၊ သူပြောတာက ချွတ်ယွင်းချက် နည်းနည်းရှိလို့တဲ့"

ချွတ်ယွင်းချက်။ ကျွန်တော် အဲဒီအကြောင်း မေ့နေခဲ့သည်။ တာရာပျောက်ဆုံးသွားခြင်းနှင့် တစ်စုံတစ်ရာ ပတ်သက်ပါသ ကျွန်တော်လည်း ဘာမှ တတ်နိုင်မည်မထင်ပါ။

နာရီ၏ အလုပ်လုပ်ပုံ တစ်နေရာတွင် ချွတ်ယွင်းနေ

www.burmeseclassic.com



တာရာ ကျန်ရစ်ခဲ့သည်လား?

ကျွန်တော့်မှာ နာရီကို ထိဖို့ပင် မဝံ့မရဲ။ အချိန်နှင့် ပတ်သက်၍ နောက်ထပ် ချွတ်ချော်သွားမည်ကို မလိုလားပေ။

သို့သော် ဘာတွေဖြစ်ပျက်သည်ကိုတော့ သိချင်သည်။ ကျွန်တော်သည် နာရီကြီး၏ မျက်နှာစာနှင့် အဆင်အပြင်ကို သတိထား၍ ကြည့်မိသည်။ ထို့နောက် သက္ကရာဇ်ပြသော ဒိုင်ခွက်ကို ငေးကြည့်နေမိသည်။

လက်တံသည် ယခုလက်ရှိ ခုနှစ်ကို ပြနေသည်။

ကျွန်တော်သည် ဒိုင်ခွက်မှ ခုနှစ်များကို အမှတ်တမဲ့ ကြည့်နေရင်း ကျွန်တော်မွေးသော ခုနှစ်ကို ရှာကြည့်မိလိုက်သည်။

ဟာ ဒီမှာ...။

ထို့နောက် ခုနှစ်များကို နောက်တစ်ကြိမ် ထပ်ပြီး ရေတွက်ကြည့်လိုက်၏။

၁၉၈၄၊ ၁၉၈၅၊ ၁၉၈၆၊ ၁၉၈၈၊ ၁၉၈၉။

နေပါဦး။

ကျွန်တော် ခုနှစ်တစ်ခုကို ကျော်သွားမိလား?

ထို့နောက် သေချာအောင် ထပ်စစ်ဆေးမိသည်။

ထောင့်ကိုးရာ ရှစ်ဆယ်ခုနှစ်မှာ ပျောက်ဆုံးနေပါသည်။

ဒိုင်ခွက်တွင် ၁၉၈၇ မပါ။





ပြီးတော့ ၁၉၈၇ မှာ တာရာမွေးသောနှစ် ဖြစ်သည်။

"မေမေ၊ ချွတ်ယွင်းချက်ကို ရှာတွေ့ပြီ။ ဒီမှာကြည့်၊ ခုနှစ်တစ်ခု မပါဘူး"

မေမေသည် ကျွန်တော့်ကျောပြင်ကို ပုတ်၍

"ဟုတ်သဟေ့။ ဘာပဲ ချွတ်ယွင်း ချွတ်ယွင်း မေမေကတော့ ဒီနာရီကြီးရတာ ပျော်တယ်ကွာ"

မေမေ့အတွက် ပျော်စရာအများတစ်ခုသာ ဖြစ်သည်။ သူ့သမီးအရင်းတစ်ယောက် ဘယ်တော့မှ မမွေးဖွားလာတော့ကြောင်း မေမေ မသိရှာပါ။

ကျွန်တော် စဉ်းစားနေမိသည်။ အချိန်ကို နောက်ပြန် ထပ်လှည့်ပြီး ညီမလေးကို ခေါ်ရမလား။

အဲဒီလို လုပ်သင့်ပါသည်။

လုပ်လည်း လုပ်ချင်ပါသည်။

အမှန်တကယ်ပါ။

ဒီရက်တွေထဲမှာပေါ့။

တစ်ရက်ရက်တော့ လုပ်ဖြစ်ပါလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဘဝတွေမှာရော ခုနစ် သင်္ကြာရာဇ် တစ်ခုခု ပျောက်ဆုံးခဲ့ဖူးပါသလား...? ? ?

သတိုးဝေဍ

■

BURMESE CLASSIC .com

## Coming Soon

# သတိုးဝေဍ

## စောင့်နေသူ

သူ့ဒီဝတ်ဝန်းကျင်ကို တစ်ခါမှ မမြင်ဖူး၊ လေးဖက်လေးတန် ခြေကြီး နံရံတွေ။ "ငါဘယ်နားရောက်နေတာလဲ"ဟု သူ့ကိုသူပြန်မေး လိုက်မိသည်။ ထို့နောက်...သူကလက်ဖြင့်ထောက်ပြီး မတ်တတ် ထရပ်ဖို့ ကြိုးစားလိုက်သည်။ သူ့ခန္ဓာကိုယ်က မရွေ့လျား။ အားတင်းပြီး နောက်တစ်ကြိမ်ကြိုးစားလိုက်ပြန်သည်။ သူ့စိတ်ဖျက်အားငယ်သွားမိသည်။ ချက်ချင်းပင် မာန်တင်းပြီး နောက်တစ်ကြိမ်ကြိုးစားစဉ် အလုပ်...သူ့ဆီမှ တုန်လှုပ်ခြောက်ခြားဖွယ် အသံကြီးကို ကြားလိုက်ရလေသည်။

"အား.....အား.....!"

သူ့လက်ကို အမွေးတွေနှင့် ခြေထောက်တစ်ဖက် လာရောက်ထိရှ ပွတ်တိုက်သွားသလို ထင်လိုက်မိလေသည်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသကဲ့သို့ တုန်ရင်သွားပြီး ပါးစပ်ကလည်း —

"ဘယ်...သူ...လဲ"

အထစ်ထစ်အငေါ့ငေါ့နှင့်မေးလိုက်သည်။ အမှောင်ထဲမှ မည်သည့် အသံမျှ မကြားရ။

www.burmeseclassic.com